# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဏိတဝဂ်(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၃၀)


# အနာဂတ်မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေး ကြိုးပမ်း

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၇၁)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ

**၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်**

**ချစ်ကြည်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ကျရောက်တဲ့(၇၁)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခါသမယမှာ ရှမ်းပြည်နယ်အတွင်းရှိ ညီအစ်ကိုမောင်နှမများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရတဲ့အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မြန်မာနိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ခိုင်မာတဲ့ သမိုင်းအထောက်အထားရှိတဲ့၊ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်စာပေများပိုင်ဆိုင်တဲ့ တိုင်းရင်းသားလူမျိုးစုတွေ အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့တဲ့နိုင်ငံ၊ မြေပေါ်မြေအောက် သဘာဝသယံဇာတများ ပေါကြွယ်ဝတဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ထင်ရှားစွာ ရပ်တည်ခဲ့တာဖြစ်ပါတယ်။

၁၈၈၅ ခုနှစ်မှာ မိမိတို့နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးဆုံးရှုံးကာ ဗြိတိသျှကိုလိုနီနယ်ချဲ့တို့ရဲ့ လက်အောက်ကို ကျရောက်ခဲ့ရပါတယ်။ ထိုသို့ ကျရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံရဲ့ဒေသအသီးသီးမှာရှိတဲ့ တိုင်းရင်းသားပြည်သူများဟာ

*စာမျက်နှာ ၈ ကော်လံ ၁* ❍

# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Environment Programme-UNEP) ၏ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Mr. Erik Solheim သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ရပ်ဝန်းနှင့် ပိုးလမ်းကြောင်းဆိုင်ရာ အစီအစဉ်အောက်မှ ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အသုံးပြုပြီးပစ္စည်း ပြန်လည်အသုံးချမှုဆိုင်ရာ နည်းပညာ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စသည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်၏ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် Mr. Erik Solheim အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# အစိမ်းရောင်စီးပွားရေး မူဝါဒမူဘောင်တွင် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် ဦးစားပေးနယ်ပယ်များ သတ်မှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန အကောင်အထည်ဖော်မှုဆိုင်ရာ ကနဦး အစည်းအဝေး (Inception and Implementation Meeting on ASEAN Institute for Green Economy - AIGE ) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ( MICC-2 ) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက လူဦးရေသန်းပေါင်း ၆၃၀ ကျော်ရှိသည့် အာဆီယံဒေသသည် ကမ္ဘာ့အကြီးမားဆုံး စီးပွားရေးဈေးကွက်တစ်ခုဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်မှုကဏ္ဍတွင် အဓိကမဏ္ဍိုင်တစ်ရပ်အနေဖြင့် ရပ်တည်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်မှုမှာ အဓိကအချက်အချာကျသည့် ဒေသအဖြစ် တည်ရှိလာမည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ ထို့အတွက် စီးပွားရေးဖြစ်ထွန်းမှု အကျိုးဆက်အနေဖြင့် သဘာဝသယံဇာတအရင်းအမြစ်များအပေါ် လိုလားမှုများ မြင့်တက်လာနိုင်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❑




မြန်မာ့အလင်း

# စွန့်ပစ်စပါးခွံတို့၏ မျက်နှာစာနှစ်ဖက်

မြန်မာနိုင်ငံသည် ဆန်စပါး အဓိကစိုက်ပျိုးသောနိုင်ငံဖြစ်၍ စပါးခွံဆိုသည်မှာ အလျှံပယ်ရရှိနိုင်သော စွန့်ပစ်ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ သို့သော်စပါးခွံသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသောကြောင့် ကျေးလက်ပြည်သူတို့၏ ရှင်သန်ရပ်တည်မှု လူမှုဘဝကို ဆုတ်ယုတ်ကျဆင်းစေပါသည်။ မြစ်ချောင်းအင်းအိုင်အတွင်း ရောက်ရှိသွားသော စပါးခွံတို့သည် ငါးသယံဇာတနှင့်အတူ ရေ၏ အရည်အသွေးကို ထိခိုက်ပျက်စီးစေပါသည်။ စပါးခွံသည် အလွယ်တကူမဆွေးသောကြောင့် ရေလမ်းကြောင်း ပိတ်ဆို့မှုကိုပါ ဖြစ်ပေါ်စေပါသည်။ မြေနှင့်ရေတို့ကို ထိခိုက်ပျက်စီးမှုမရှိစေရန် စပါးခွံတို့ကို မီးရှို့ပါက ပြာနှင့်အတူ ကတ္တရာပါရောပါသဖြင့် လေထုညစ်ညမ်းမှုပါ ဖြစ်ပေါ်စေပါသည်။

ကျေးလက်ပြည်သူတို့၏ ရှင်သန်ရပ်တည်မှု လူမှုဘဝနှင့်သဘာဝပတ်ဝန်းကျင်ကို ဤမျှထိခိုက်ပျက်စီးစေသော စပါးခွံတို့သည် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ နှစ်စဉ်စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းအဖြစ် တန်ချိန် ၂ ဒသမ ၆ ဘီလီယံဝန်းကျင်ရှိကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ စပါးခွံတို့၏ ကျေးလက်ပြည်သူတို့၏ လူမှုဘဝအပေါ် ဖိစီးမှုကို အလွယ်တကူ ခန့်မှန်းကြည့်နိုင်မည် ဖြစ်ပါသည်။ သို့သော် ပြဿနာတိုင်း၌ အဖြေရှိသည်ဟူသော သဘောတရားနှင့်အညီ စပါးခွံပြဿနာကို ဖြေရှင်းပေးမည့် နည်းလမ်းတို့ရှိပြီးဖြစ်ပါသည်။ စွန့်ပစ်စပါးခွံတို့ကို လောင်စာတောင့်အဖြစ် ထုတ်လုပ်ပါက ထင်းနှင့် မီးသွေးအသုံးပြုမှုကို အစားထိုးနိုင်မည်ဖြစ်သောကြောင့် ကျေးလက်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထိထိရောက်ရောက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

စပါးခွံသုံးတန်ကို အသုံးပြုထုတ်လုပ်ပါက လောင်စာတောင့်တစ်တန်ရရှိသည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံ၌ နှစ်စဉ်ထွက်ရှိသော စွန့်ပစ်စပါးခွံသည် တန်ချိန်သန်းထောင်ချီရှိသည်ဖြစ်၍ နှစ်စဉ်ထုတ်လုပ်နိုင်သော စပါးခွံလောင်စာတောင့်သည်လည်း တန်ချိန် သန်း ၇၀၀ ကျော်ရှိမည်ဖြစ်ပါသည်။ ဂျပန်နိုင်ငံသို့ စပါးခွံလောင်စာတောင့် လက်ရှိတင်ပို့ရောင်းချနေသော လုပ်ငန်းရှင်တစ်ဦး၏ ပြောပြချက်အရ စပါးခွံလောင်စာတောင့်တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၃၂ ဒေါ်လာ ရရှိပါသည်။ မြန်မာနိုင်ငံက ထွက်ရှိသမျှသော စပါးခွံတို့ကိုသာ လောင်စာတောင့်အဖြစ် ထုတ်လုပ်နိုင်ပါက ဒေါ်လာဘီလီယံပေါင်းများစွာ ရရှိမည်ဖြစ်ပါသည်။ ဤသည်မှာ စွန့်ပစ်စပါးခွံတို့၏ စီးပွားဖြစ်နိုင်ခြေကို မြင်သာစေရန် အလွယ်တွက်ချက်တင်ပြခြင်းသာ ဖြစ်ပါသည်။

လက်တွေ့၌မူ စွန့်ပစ်စပါးခွံတို့ကို လောင်စာတောင့်အဖြစ် ပြောင်းလဲထုတ်လုပ်ရာ၌ အခက်အခဲများစွာကို ရင်ဆိုင်ရမည် ဖြစ်ပါသည်။ ပထမဦးဆုံးသော အခက်အခဲမှာ စွန့်ပစ်စပါးခွံမှ လောင်စာတောင့် စွန့်စားထုတ်လုပ်လိုသော လုပ်ငန်းရှင်တို့အတွက် ငွေကြေးအရင်းအနှီးပံ့ပိုးနိုင်မှု နည်းပါးနေသေးခြင်း ဖြစ်ပါသည်။ ဒုတိယအခက်အခဲမှာ စပါးခွံလောင်စာတောင့် ထုတ်လုပ်သည့် နည်းပညာရရှိရေးဖြစ်ပါသည်။ စပါးခွံမှ လောင်စာတောင့်ထုတ်လုပ်ရန် အသုံးပြုသော လွန်တို့သည် မြန်မာနိုင်ငံ၌ အများဆုံးရှစ်နာရီကြာသာ ခံသော်လည်း တခြားနိုင်ငံတို့၌ အသုံးပြုသော လွန်တို့သည် နာရီထောင်ချီခံသည်ဟု သိရှိရပါသည်။ ဤတစ်ချက်တည်းဖြင့် နည်းပညာကွာဟမှု၏ အကျိုးသက်ရောက်ပုံကို ခန့်မှန်းနိုင်မည်ဖြစ်ပါသည်။ ကျေးလက်ပြည်သူတို့၏ လူမှုဘဝ ရှင်သန်ရပ်တည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်သည့် စွန့်ပစ်စပါးခွံလောင်စာတောင့် ထုတ်လုပ်ရေးလုပ်ငန်း ရှင်သန်အားကောင်းလာစေရန် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် အဖွဲ့အစည်းအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## အများအားဖြင့်သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



# ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ မြန်မာ-လာအို ဗဟိုဘဏ်များ အစည်းအဝေးတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် လာအိုနိုင်ငံ ဗဟိုဘဏ်တို့အကြား ချုပ်ဆိုခဲ့သည့် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့သည့် နှစ်နိုင်ငံဗဟိုဘဏ်များ အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိ နှစ်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ငွေကြေးမူဝါဒနှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဆိုင်ရာကိစ္စရပ်များနှင့် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ တိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး မိမိတို့သက်ဆိုင်ရာဗဟိုဘဏ်များ၏ ဘာသာရပ်ဆိုင်ရာ လက်တွေ့လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **သတင်းစဉ်**



## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂-၂-၂၀၁၈ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၆-၁၂-၂၀၁၇ ရက်နေ့မှ ၁၂-၁-၂၀၁၈ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၃ ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် ၁ ဦး၊ မဂ္ဂဇင်း ၂ ဦး၊ အထွေထွေ ၁၃ ဦး ပေါင်း ၁၆ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ ၃ ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၈၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၂၉၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၆ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၇၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

မဂ္ဂဇင်းထုတ်ဝေခြင်းလုပ်ငန်း လျှောက်ထားသူ ၁ ဦးအား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၆-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၆ | ・၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၇ | ・၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၀၇ | ・၀ |
| ထိုင်း | တစ်ဘတ် | ၄၂ | ・၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ・၇ |
| တရုတ် | တစ်ယွမ် | ၂၁၀ | ・၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ | ・၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၃၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




**ဒုတိယသမ္မတ ဦးမြင့်ဆွေ အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန အကောင်အထည်ဖော်မှုဆိုင်ရာ ကနဦးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

အာဆီယံဒေသအတွင်းမှာရှိသည့် ပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းသည် သဘာဝသယံဇာတအရင်းအမြစ်များအပေါ်တွင် မှီခိုနေရဆဲဖြစ်သည့်အတွက် သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့သည့် နည်းလမ်းဖြင့် စီမံခန့်ခွဲသုံးစွဲသွားရန် အလွန်ကို အရေးကြီးလှပါကြောင်း၊ မိမိတို့အာဆီယံနိုင်ငံအများစုသည် လူဦးရေတိုးပွားလာမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ရာသီဥတုပြောင်းလဲမှု၏ ရိုက်ခတ်မှုများကြောင့် သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးခြင်း၊ သဘာဝအရင်းအမြစ်များ လျော့နည်းလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလာခြင်း၊ မိုးခေါင်မှုနှင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့်ဆိုးရွားပြင်းထန်လှသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် ဒေသတွင်း သန့်ရှင်းစိမ်းလန်းသည့် ပတ်ဝန်းကျင်တစ်ရပ် လက်ဝယ်ပိုင်ဆိုင်ရန်အတွက် စုပေါင်းအင်အားနှင့် ဝိုင်းဝန်းဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ပတ်ဝန်းကျင်ဆိုင်ရာ ကြုံတွေ့နေရသည့်အခက်အခဲများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံးရင်ဆိုင် ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**သန့်ရှင်းစိမ်းလန်းသည့် အာဆီယံ**

ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှသာ ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှုကို လက်ဝယ်ပိုင်ဆိုင်နိုင်မည်ဖြစ်သည့်အတွက် မိမိတို့ အာဆီယံနိုင်ငံများအနေဖြင့် ပတ်ဝန်းကျင်ကို ပိုမိုထိန်းသိမ်းစောင့်ရှောက်သွားရန် ကတိကဝတ်ပြုပြီးလည်း ဖြစ်ပါကြောင်း၊ မိမိတို့၏ ဘုံရည်မှန်းချက်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည့် သန့်ရှင်းစိမ်းလန်းသည့် အာဆီယံဖြစ်ပေါ်လာရန်လည်း ရည်မှန်းထားပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ အာဆီယံဒေသ၏ မျှော်မှန်းချက်ဖြစ်သည့် သန့်ရှင်းစိမ်းလန်းသော ပတ်ဝန်းကျင်ကို လက်ဝယ်ပိုင်ဆိုင်နိုင်ရန်ဆိုလျှင် အာဆီယံအစိမ်းရောင် စီးပွားရေးဗဟိုဌာနသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား သတင်းအချက်အလက်များ၊ အတွေ့အကြုံများကို ဖလှယ်နိုင်ပြီး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်မည့် အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း။

**ဗဟုသုတမျှဝေခြင်းများ လုပ်ဆောင်**

မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံအသိုက်အဝန်းတစ်ရပ်လုံး၏ အရေးပါလှသည့် အချိန်အခါသမယတွင် အစိမ်းရောင်စီးပွားရေးဗဟိုဌာန၏ စတင်ဆောင်ရွက်နေမှုကို မြင်တွေ့ရသည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူပါကြောင်း၊ အာဆီယံဒေသတွင် အစိမ်းရောင်စီးပွားရေးကို ဦးတည်နိုင်မည့် မူဝါဒပိုင်းဆိုင်ရာ အဖြေရှာမှုနှင့် အယူအဆများကို ပံ့ပိုးနိုင်ရန် သုတေသနလုပ်ငန်းများ၊ ဗဟုသုတမျှဝေခြင်းများကို ယခင်ထက် ပိုမိုလုပ်ဆောင်သွားစေလိုပါကြောင်း။

**ဗဟိုဌာနက ဆောင်ရွက်**

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ချမှတ်ခဲ့သည့် အာဆီယံအစိမ်းရောင်စီးပွားရေး ဗဟိုဌာန၏ လုပ်ငန်းတာဝန်များအရ အစိမ်းရောင်နည်းပညာများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် သုတေသနလုပ်ငန်းများ၊ သင်တန်းများ၊ အသိပညာပေးခြင်းများကို ဗဟိုဌာနက ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို ဆက်လက်မြှင့်တင်ဆောင်ရွက်နေစဉ်မှာပင် အာဆီယံအသိုက်အဝန်းအတွင်း အစိမ်းရောင်စီးပွားရေးကို မြှင့်တင်နိုင်မည့်မူဝါဒများ၊ အလေ့အကျင့်ကောင်းများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်သည့် ဗဟိုဌာနဖြစ်လာနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အာဆီယံနိုင်ငံများကနေ ထောက်ပံ့ပေးနိုင်သည့် အခွင့်အလမ်းအများအပြားကို လက်ရှိနှင့် အနာဂတ်မျိုးဆက်သစ်များ ဆက်လက်ရရှိသွားနိုင်ရန်၊ မိမိတို့၏ သဘာဝအရင်းအမြစ်ကြွယ်ဝမှုကို ကာကွယ်သွားနိုင်ရန် ဗဟိုဌာနကနေ အာဆီယံနိုင်ငံများကို ပံ့ပိုးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**သဘာဝကို တန်ဖိုးထား**

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေမှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်၊ ချမ်းသာကြွယ်ဝရန်နှင့် အသက်ရှည်နေထိုင်နိုင်ရေးတို့အတွက် ကောင်းမွန်စွာ လည်ပတ်နေသည့် ဂေဟစနစ်တွေပေါ်မှာ မူတည်နေပါကြောင်း၊ ကောင်းမွန်သည့် ဂေဟစနစ်ရှိမှသာ အစားအစာ ဖူလုံခြင်း၊ သန့်ရှင်းသောရေ ရရှိခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ခြင်းနှင့် စွမ်းအင်လုံလောက်မှုရရှိခြင်း စသည်တို့ကို ထောက်ပံ့ပေးနိုင်မှာဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကောင်းမွန်သော ဂေဟစနစ်မှ ရရှိလာသည့် အကျိုးကျေးဇူးများနှင့် သဘာဝကို တန်ဖိုးထားတတ်စေရန် အရေးကြီးပါကြောင်း။

နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်ဖန်တီးနိုင်ရေး၊ ပြည်သူလူထုချမ်းသာကြွယ်ဝစေရေး၊ သဘာဝသယံဇာတ ပေါကြွယ်ဝမှု ထိန်းသိမ်းရေးတို့ကို ဦးတည်တဲ့ စီးပွားရေးတစ်ခု ဖြစ်လာစေဖို့ ကြိုးစားဆောင်ရွက်နေသလို ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်ခု ပုံဖော်နိုင်ရန်အတွက် မူဝါဒနဲ့ မဟာဗျူဟာအသစ်တွေကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အစိမ်းရောင်စီးပွားရေးမူဝါဒ**

အဆိုပါမူဝါဒနှင့် မဟာဗျူဟာအသစ်များအနေဖြင့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၊ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်တို့ကို ရေးဆွဲပြီးဖြစ်ပါကြောင်း။

အစိမ်းရောင်စီးပွားရေး မူဝါဒမူဘောင်တွင် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်နိုင်ရန် ဦးစားပေးနယ်ပယ်များ သတ်မှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝသယံဇာတ ပေါကြွယ်ဝမှုကို ကာကွယ်ပြီး ပြည်သူလူထု၏အကျိုးစီးပွားကို အထောက်အကူပြုသည့် ရင်းနှီးမြှုပ်နှံမှုများလိုအပ်ပါကြောင်း။

**ပါရီသဘောတူညီချက်**

မြန်မာနိုင်ငံသည် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားအဆင့်၊ ဒေသအဆင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် ထည့်သွင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိသည့်အပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၃၀ အစီအစဉ်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်ကိုလည်း ကတိကဝတ်ပြုဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် အာဆီယံဒေသတွင် အစိမ်းရောင်နည်းပညာများကို အခြေခံ၍ ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေသည့် ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန်အတွက် တက်ရောက်လာသူများအကြား ဆွေးနွေးနိုင်ရန် အခွင့်အခါပေးသည့် အဓိကစင်္ကြံဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

**အာဆီယံအသိုက်အဝန်းကို ပုံဖော်**

ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်မှုများကို တည်ဆောက်နိုင်ရန်အတွက် အစိမ်းရောင် ဗဟိုဌာနဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို အစည်းအဝေးတက်ရောက်လာသူများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ အစိမ်းရောင်ဗဟိုဌာနသည် အစည်းအဝေးတက်ရောက်လာသူများ၏ အကူအညီ အထောက်အပံ့နှင့် စိမ်းလန်းပြီး ရေရှည်တည်တံ့သည့် အာဆီယံအသိုက်အဝန်းကို ပုံဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ အာဆီယံ အစိမ်းရောင်စီးပွားရေးဗဟိုဌာန စတင်အကောင်အထည်ဖော်ခြင်းဆိုင်ရာ အစည်းအဝေးဖွင့်ပွဲ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖတ်ကြားစဉ်။** သတင်းစဉ်

အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဖတ်ကြားသည်။

**စတင်အကောင်အထည်ဖော်**

ဆက်လက်၍ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် ( United Nations Environment Programme – UNEP) ၏ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Mr. Erik Solheim က အာဆီယံ အစိမ်းရောင်စီးပွားရေးဗဟိုဌာန စတင်အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တက်ရောက်လာသော ဧည့်သည်တော်များ စုပေါင်းဓာတ်ပုံရိုက်ကြသည်။




**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန အကောင်အထည်ဖော်မှုဆိုင်ရာ ကနဦးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးကျော်တင့်ဆွေ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာဆက်အောင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် ( United Nations Environment Programme – UNEP )၏ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် Mr. Erik Solheim ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၅ သို့*

# Myanmar National Symphony Orchestra Concerts 2018 ဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ Mr. YUNOSUKE YAMAMOTO (Conductor & Composer ) ဦးဆောင်သောဂီတအနုပညာရှင်အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် Myanmar National Symphony Orchestra Concerts 2018 ဖျော်ဖြေပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး တက်ရောက်ကြည့်ရှုအားပေးသည်။






## ကြည့်ရှုအားပေး

**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ Myanmar National Symphony Orchestra Concerts 2018 ဖျော်ဖြေပွဲကို ကြည့်ရှုအားပေးစဉ်။**

သတင်းစဉ်

ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး Mr. TATESHI HIGUCHI နှင့် သံရုံးဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ပူးပေါင်းဖျော်ဖြေတင်ဆက်**

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဂီတပညာရှင်များနှင့် ဂျပန်နိုင်ငံမှ ဂီတပညာရှင်များက Bizet Carmen Suite No.1 Les Toreadors ၊ Beethoven Symphony No.4၊ Tchaikovsky Piano Concerto No.1 (excerpt)၊ Brahms Hungarian dance No.5 and No.1၊ Mozart Ave Verum Corpus၊ မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း၊ မဟာ၊ Beauty and the Beast ၊ Despacitoနှင့် မန်းတောင်ရိပ်ခိုသီချင်းများကို ပူးပေါင်းဖျော်ဖြေတင်ဆက်ကြသည်။

**ဂုဏ်ပြုပန်းစည်းများ ပေးအပ်**

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့က ဂျပန်ဂီတစာဆိုတီးဝိုင်းအဖွဲ့ခေါင်းဆောင် Mr. YUNOSUKE YAMAMOTO နှင့် ဂျပန်စန္ဒရားဆရာမ Ms. KYOKO KOYAMA တို့အား ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဂီတမိတ် Choir အဆိုအဖွဲ့အား ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. TATESHI HIGUCHI က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့အား ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဖျော်ဖြေပွဲအပြီးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

**ဆက်လက်ဖျော်ဖြေမည်**

အဆိုပါ ဖျော်ဖြေတင်ဆက်မှုကို ဖေဖော်ဝါရီ ၉ ရက် ညပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဒုတိယသမ္မတ ဦးမြင့်ဆွေ နှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ဂျပန်စန္ဒရား ဆရာမ Ms. KYOKO KOYAMA အား ဂုဏ်ပြုပန်းစည်း ပေးအပ်စဉ်။**

သတင်းစဉ်






**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

***ကျောဖုံးမှ***

အဆောက်အဦဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးခင်မောင်ဆွေတို့က ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြည်သူက အားကိုးအားထားပြုရသည့် စံပြဆေးရုံအဖြစ် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်သွားနိုင်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ထန်တလန်မြို့ View Point မှ ထန်တလန်မြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ထန်တလန်-နှာ့ဟရိန်-ရေဇွာ-မတူပီလမ်း ပြုပြင်တည်ဆောက်နေမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထန်တလန်-နှာ့ဟရိန်-ရေဇွာ- မတူပီလမ်းသည် ချင်းပြည်နယ် လမ်းကွန်ရက်အတွင်းရှိ အဓိကလမ်းမကြီးများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသည့် လမ်းမကြီးတစ်ခုဖြစ်သည်။ ချင်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များကို ဆက်သွယ်ပေးထားသည့် လမ်းတစ်လမ်းဖြစ်ပြီး လမ်းအရှည် ၁၂၈ ဒသမ ၄ ကီလိုမီတာရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် မှောင်တလန်ကျေးရွာသို့ ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နှာ့ဟရိန်မြို့သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် နှာ့ဟရိန်မြို့ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်၍ နှာ့ဟရိန်မြို့ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက မြို့ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

နှာ့ဟရိန်မြို့အဆင့်သတ်မှတ်ခြင်းကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ် ဩဂုတ်လ (၁၄)ရက်၊ ရက်စွဲပါ စာအမှတ် ၅၀၈(၇၄)/၁၂ အမိန့်အား ပြည်ထောင်စုလွှတ်တော်က ၂၀၁၇ ခုနှစ် ဩဂုတ်လ (၁၇)ရက်တွင် မှတ်တမ်းတင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ် စက်တင်ဘာလ (၁၃) ရက်၊ ရက်စွဲပါ စာအမှတ် ၁၁၆/ ၂၀၁၇ ဖြင့် မြို့အဆင့် သတ်မှတ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် ရေဇွာမြို့နှင့် တိန်ဆီးကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြကြ**

ထို့နောက် မတူပီခရိုင်အဆင့် ဌာနဆိုင်ရာရုံး ဆောက်လုပ်ရန်လျာထားသည့် မြေနေရာအား ကြည့်ရှုရာ မတူပီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း တို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ဖနိုင်ကျေးရွာမှတစ်ဆင့် မတူပီမြို့သို့ ရောက်ရှိကြရာ ရိုးရာယဉ်ကျေးမှုအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ထန်တလန်မြို့ ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၁)တို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် (UNDP)မှ Country Director Mr. Peter Batchelor အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ညှိနှိုင်းခန်းမ၌ လက်ခံ တွေ့ဆုံသည်။ **(အောက်ဝဲပုံ)**



တွေ့ဆုံစဉ် UNDP Myanmar ၏Workplan on Anti-Corruption and Integrity (2018-2022)နှင့် မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၁)တို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ကော်မရှင်၏ ၂၀၁၈ လုပ်ငန်းအစီအစဉ်အရ ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်မရှင်ကျင့်ဝတ်ရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်း၊ ဒေါ်မြတ်မြတ်စိုးနှင့် ဒေါ်အေးအေးမူတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

***စာမျက်နှာ ၃ မှ***

ထို့နောက် အစည်းအဝေး ပထမနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ "ASEAN Challenges and Opportunities for Green Economy and Green Growth" ခေါင်းစဉ်အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံးဦးစီးဌာနမှ အမှုဆောင်အရာရှိချုပ် Professor Datuk Dr. Raduan Che Rose နှင့် စင်ကာပူနိုင်ငံ နန်ရန်နည်းပညာတက္ကသိုလ်၏ Senior Fellow Ms. Kang Siew တို့က ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ "Improving Green and Blue Sustainability and Productivity" ခေါင်းစဉ်အား ဆွေးနွေးကြရာ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ ဒုတိယသံအမတ်ကြီးနှင့် စီးပွားရေးဖွံ့ဖြိုးမှုဌာန အကြီးအကဲဖြစ်သူ H.E. Huub Buise က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဗန်ကောက်ဒေသဆိုင်ရာရုံးမှ Mr. Doley Tshering၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့၏ အစိမ်းရောင်စီးပွားရေးအစီအစဉ်မှ မန်နေဂျာ Ms. Hanna Helsingen၊ Imperial College London မှ ရာသက်ပန်ပါမောက္ခ၊ အကြီးတန်းသုတေသန စစ်ဆေးရေးမှူး Prof. Michael Jeger နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဥယျာဉ်ခြံစိုက်ပျိုးရေးပညာ ဌာန ပါမောက္ခဌာနမှူး ဒေါက်တာခင်သီတာမြင့်နှင့် အမေရိကန် Smithsonian ဇီဝထိန်းသိမ်းရေးသိပ္ပံ Dr. Grant Connette တို့က ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် "Transition towards Low-carbon, Renewable and Clean Energy" ခေါင်းစဉ်အား ဆွေးနွေးကြရာ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ စွမ်းအင်ဖွံ့ဖြိုးရေးနှင့် ခြိုးခြံချွေတာရေးဌာန အကြီးအကဲ Mr. Wutipong Apichonnabutr က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အိန္ဒိယ နိုင်ငံ CII-GBC KS Venkatagiri၊ အမေရိကန်ပြည်ထောင်စု Stony Brook University မှ Prof. Devinder Mahajan ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဦးသောင်းဝင်း၊ ဟာဝိုင်ယီတက္ကသိုလ်မှ Dr. Scott Q. Turn နှင့် မလေးရှားနိုင်ငံ စွမ်းအင်ဆိုင်ရာ အာဆီယံဗဟိုဌာနမှ နည်းပညာဆိုင်ရာအရာရှိ Ms. Nadhilah Shani တို့က ပါဝင်ဆွေးနွေးကြသည်။

အာဆီယံဒေသတွင် အစိမ်းရောင်နည်းပညာများကို အခြေခံပြီး ကာဗွန်ထုတ်လုပ်မှု လျော့နည်းစေသည့် ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများကို တည်ထောင်နိုင်ရန်အတွက် အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန ကနဦးနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၆** နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မစ္စတာ မန်ဂျူရူလ် ကရင် ခမ် ချောင်ဒရီအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မန်ဂျူရူလ် ကရင် ခမ် ချောင်ဒရီကို ၁၉၆၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် မွေးဖွားခဲ့ပြီး၊ သိပ္ပံဘွဲ့ (အင်ဂျင်နီယာ)နှင့် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဘွဲ့တို့ကို ရရှိထားသည်။ ၁၉၉၈ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် မဟာမင်းကြီးရုံး၌ လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အီတလီနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်သံရုံး၌ လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဗြိတိန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် မဟာမင်းကြီးရုံး၌ သံမှူးအဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တူရကီနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်ချုပ်ရုံး၌ ကောင်စစ်ဝန်ချုပ်အဖြစ် လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ညွှန်ကြားရေးမှူး (ဥရောပ နှင့် ဥရောပသမဂ္ဂ)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစ၍ ညွှန်ကြားရေးမှူးချုပ် (အရှေ့တောင်အာရှဒေသဆိုင်ရာ)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **သတင်းစဉ်**

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပမီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-II) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော ပြည်တွင်းသတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ဖုန်း ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၂၇၊ အီးမေးလ် epprmyanmar@gmail.com သို့ လည်းကောင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၂၅၊ ၀၆၇-၄၁၂၂၆၊ အီးမေးလ် myogyi.npe@gmail.com သို့လည်းကောင်း စာရင်းပေးသွင်းနိုင်ပြီး စာရင်းပေးသွင်းမှုကို ဖေဖော်ဝါရီ ၁၀ရက် ညနေ ၄ နာရီအထိ လက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခေါင်လန်ဖူးမြို့နယ်ရှိ ရှီးလန်ဒမ်းအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန် ဦးစားပေး လုပ်ဆောင်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပပြီး မေးခွန်း ခြောက်ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းနှင့် ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်းပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

**၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်**

ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၏ **ဝန်းသိုမြို့နယ် ကျိုင်းခွင်ကျေးလက်ကျန်းမာရေးဌာနအား စံကိုက်အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျိုင်းခွင် ကျေးလက်ကျန်းမာရေးဌာန စံကိုက်အဆောက်အအုံအသစ် ဆောက်လုပ်ပေးရန် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၁၂၆ သန်း ထည့်သွင်းလျာထားပါကြောင်း ဖြေကြားသည်။

ယင်းမာပင် မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **ယင်းမာပင်မြို့နယ် ညောင်ကိုင်းကျေးရွာ တိုက်နယ်ဆေးရုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ခွင့် ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ညောင်ကိုင်းကျေးရွာ တိုက်နယ်ဆေးရုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာဦးစိုးမိုးသူ၏ မြောင်းမြမြို့နယ်တွင် **မြောင်းမြမြို့သူ မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်အား ဂုဏ်ပြုသောအားဖြင့် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအား ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါသင်တန်းကျောင်းဆောက်လုပ်ရန်အတွက် လိုအပ်သော မြေနေရာ အမြန်ဆုံးရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် သင်တန်းကျောင်း တည်ဆောက်ပြီးပါက ၂၀၂၀ ပြည့်နှစ်တွင် သူနာပြုသင်တန်းသား အနည်းဆုံး ၅၀ မှ ၁၀၀ အထိ ခေါ်ယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**❒ ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများသည် သက်ဆိုင်ရာ တာဝန်ကျဆေးရုံ၊ ဆေးခန်းအသီးသီးတွင် သတ်မှတ်စံနှုန်းထက် ပိုမိုများပြားသည့် တာဝန်များကို ထမ်းဆောင်နေကြရ**

**❒ ယင်းအခြေအနေမျိုးတွင် mobile medical team တစ်လ တစ်ကြိမ်၊ နှစ်ကြိမ် ထွက်ရမည်ဆိုလျှင် ဝန်ထမ်းအင်အားပြည့်စုံသည့် မြို့နယ်များတွင် ပြဿနာသိပ်မရှိနိုင်သော်လည်း စံကိုက်ဝန်ထမ်းအင်အားမပြည့်စုံသော မြို့နယ်များတွင် မနိုင်ဝန်ထမ်းရသည့်အတိုင်းဖြစ်ပြီး လုပ်ငန်းအောင်မြင်မှုကို ထိခိုက်နိုင်**

**❒ ကွင်းဆင်းကုသရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားနိုင်ရန် ဝန်ထမ်းအင်အားကို ဖွဲ့စည်းပုံပြည့်မီအောင် ခန့်နိုင်ရန် လိုအပ်**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး


ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ **တောင်ကုတ်မြို့နယ် ကင်းတောင်စံပြကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကင်းတောင်ကျေးရွာသည် တောင်ကုတ်မြို့နယ်နှင့် ၁၀ ဒသမ ၅ မိုင်၊ လမူးတိုက်နယ်ဆေးရုံနှင့် ၂၀ မိုင်၊ ရွာမ တိုက်နယ်ဆေးရုံနှင့် ၇ ဒသမ ၅ မိုင် ကွာဝေးပါကြောင်း၊ အခြေအနေ၊ အချိန်အခါနှင့် အချက်အလက်များကို သုံးသပ်ရာတွင် လောလောဆယ် လိုအပ်ချက်မရှိသေးကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် လောလောဆယ် အခြေအနေတွင် တောင်ကုတ်မြို့နယ် ကင်းတောင်စံပြကျေးရွာတွင် တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် မစဉ်းစားသေးပါကြောင်း၊ နောင်လိုအပ်သည့်အခါတွင် စဉ်းစားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပထမဦးစားပေး လုပ်ဆောင်ပေးသွားမည်**

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ခေါင်လန်ဖူးမြို့နယ်ရှိ ရှီးလန်ဒမ်းအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့်ဒေသဖြစ်သည့်အတွက် ခေါင်လန်ဖူးမြို့နယ်ရှိ ရှီးလန်ဒမ်းအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်သင့်ကြောင်း ပြည်နယ်ဦးစီးမှူးက တင်ပြထားပါကြောင်း၊ ထို့ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှင့် ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့သို့ လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လည်းကောင်း ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြပြီး ပထမဦးစားပေးအနေဖြင့် လုပ်ဆောင်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ဝန်ထမ်းများခန့်ထားခြင်းနှင့်ပတ်သက်၍ လက်ထောက်ကျန်းမာရေးမှူးများကို မြို့နယ် ကျန်းမာရေးမှူးအဆင့်(၁) (HA-1)အစား မြို့နယ်ကျန်းမာရေးမှူး(THA) အဖြစ် ရာထူးတိုးပေးရန်၊ မြို့နယ်ကျန်းမာရေးမှူး (THA)များကို မြို့နယ်အဆင့်တွင် ခန့်အပ်ရန်နှင့် လက်ထောက်ကျန်းမာရေးမှူးများကို မည်သည့်အဆင့်အထိ ရာထူးတိုးမြှင့်ပေးမည်၊ ရာထူးတက်လမ်းရှိသည်ကို သိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွင် ဝန်ထမ်းတစ်ဦးကို သက်ဆိုင်သည့် ရာထူးအဆင့် အမျိုးအစားတွင် သာမန်အားဖြင့် အဆင့်မကျော်ဘဲ တစ်ဆင့်စီသာ ရာထူးတိုးမြှင့်ပေးရမည်ဟု ဖော်ပြထားပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနဖွဲ့စည်းပုံနှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေအရ လက်ထောက်ကျန်းမာရေးမှူးများကို မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) (HA-1) အစား မြို့နယ်ကျန်းမာရေးမှူး (THA) အဖြစ် တိုက်ရိုက်ရာထူးတိုးပေး၍ မရပါကြောင်း။

**အရည်အချင်းပြည့်ဝသူ**

ဖွဲ့စည်းပုံအရ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ဆရာဝန် / ဦးစီးအရာရှိ ရာထူးများ ခွင့်ပြုထားပြီး ဖြစ်ပါသဖြင့် အရည်အချင်းပြည့်ဝသူများကို သင့်လျော်သည့် ဦးစီးအရာရှိနေရာများတွင် ခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ လက်ထောက်ကျန်းမာရေးမှူး ရာထူးရရှိပြီးနောက် လုပ်သက် ခြောက်နှစ်ရှိပါက မြို့နယ်ကျန်းမာရေးမှူး (သို့မဟုတ်) ဦးစီးအရာရှိရာထူးအဆင့် ရရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် တင်သွင်းထားသည့် **"နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေရန် ဒေသဆရာဝန်၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် mobile medical team ဖွဲ့ပြီး ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍ Rural Community Health မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မရမ်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့်က ကုသမှုခံယူသူနှင့် ကုသမှုဆောင်ရွက်ပေးသူ နှစ်ဦးနှစ်ဖက် ပိုမိုအကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းများကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

# သဘာဝသယံဇာတများပျက်စီးရန် တရားမဝင်သော တစ်နည်းနည်းဖြင့် ကိုယ်ကျိုးစီးပွားဆောင်ရွက်သော မည်သူမဆို အရေးယူဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၆

**သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့၌ လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။**

**တားဆီးရန် လုပ်ဆောင်သင့်**

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာ အားကာမိုးက တစ်ချိန်က သယံဇာတပေါကြွယ်ဝလှသည့် မိမိတို့နိုင်ငံသည် Golden Land ဟု ကမ္ဘာ့အလယ်တွင် အားကျစရာဝင့်ထည်ခဲ့ရပါကြောင်း၊ ယခုအချိန်တွင် သယံဇာတများ ပျောက်ကွယ်လုနီးဖြစ်ခဲ့ပြီး ကျိန်စာအလား ဆိုးမွေများကို ခံစားနေရပြီဖြစ်ပါကြောင်း၊ မိမိတို့ပိုင်ဆိုင်သည့် သယံဇာတများကို အမျိုးသားရေးအကျိုးစီးပွားအနေဖြင့် မထိန်းသိမ်းနိုင်ခဲ့၍ ဖြစ်ပါကြောင်း၊ ယနေ့ ကမ္ဘာကြီးသည် တဖြည်းဖြည်းပူနွေးလာနေပါကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု ပမာဏကြီးမားလာသည်နှင့်အမျှ ရာသီဥတုပြောင်းလဲနေပြီဖြစ်ပါကြောင်း၊ သစ်တောသယံဇာတ ဆုံးရှုံးမှုနှင့်အတူ ရာသီဥတုပြောင်းလဲမှုကို ဆိုးရွားစွာခံစားနေရပြီဖြစ်ပါကြောင်း၊ ကျွန်းတစ်ပင်ဖြစ်ရန် နှစ်ပေါင်း ၅၀ ကြာမြင့်သောကြောင့် သစ်တောမပြုန်းတီးရန် သစ်ခုတ်ခွင့်များကို တားဆီးရန် လုပ်ဆောင်သင့်ပါကြောင်း၊ တိုင်းပြည်၏ ဘဏ္ဍာငွေကို သယံဇာတထုတ်ယူသုံးစွဲမှုအပေါ် မှီခိုအားထားမှုမပြုဘဲ လူသားအရင်းအမြစ် တိုးတက်ရေးကို ဦးတည်သင့်ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးမှု အားနည်းသောကြောင့် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် မိမိတို့၏ အဖိုးတန်သယံဇာတများ မစောင့်ရှောက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မှန်ကန်မွန်မြတ်သည့် နိုင်ငံသားအားလုံးနှင့် အကျိုးစီးပွား ဆောင်ရွက်လိုသည့် စိတ်ဓာတ်များနှင့်အတူ တိကျပြတ်သားသည့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ချမှတ်ပြီး မိမိတို့နိုင်ငံ၏ သယံဇာတများကို အမြန်ဆုံး ထိန်းသိမ်းစောင့်ရှောက်ရန် တိုက်တွန်းကြောင်း ဆွေးနွေးသည်။


ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး


ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေ

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသော နိုင်ငံဖြစ်သောကြောင့် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ဖူဖူလုံလုံဖြင့် တိုးတက်သည့်ဘဝကို ပိုင်ဆိုင်ရမည်ဖြစ်သော်လည်း စီမံခန့်ခွဲမှုလွဲမှားမှုများကြောင့် နိုင်ငံ၏ တချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သဘာဝသယံဇာတကျိန်စာဟု ဆိုရသကဲ့သို့ပင် သဘာဝသယံဇာတထွက်ရှိသော နေရာများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ပဋိပက္ခဖြစ်ပေါ်မှုများတွင် မြေစာပင်များအဖြစ် လူမှုဒုက္ခမျိုးစုံကို ခံစားလျက်ရှိဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တန်ဖိုးကြီး သယံဇာတအမြောက်အမြား ထွက်ရှိသော်လည်း နိုင်ငံသားတို့၏ လူသားဖွံ့ဖြိုးတိုးတက်မှုအဆင့်သည် နိမ့်ကျနေဆဲဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်း ပြန်လည်အစားထိုးဖြည့်တင်း၍ မရနိုင်သော သဘာဝသယံဇာတဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ တွင်းထွက်နှင့် ကျောက်မျက်ရတနာများအား ပြည်သူအကျိုးဖြစ်ထွန်းစေရန် မူဝါဒများ မပြည့်စုံသရွေ့ ထုတ်လုပ်မှုများအား ဆိုင်းငံ့ရန် လိုအပ်ပါကြောင်း၊ သဘာဝသစ်တောများ ပြုန်းတီးခြင်းနှင့်ပတ်သက်၍ ဇုန်များအလိုက် စနစ်တကျ အစားထိုးစိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်မီဆောင်ရွက်မှုများ ပြုလုပ်ရန်အရေးကြီးပါကြောင်း၊ ထိန်းသိမ်းခြင်းဆိုသည်မှာ မလိုအပ်ဘဲ မထုတ်လုပ်ခြင်းနှင့် အလွန်အကျွံမထုတ်လုပ်ခြင်းတို့ ပါဝင်ပါကြောင်း၊ ကာကွယ်ခြင်းအနေဖြင့် တရားမဝင်မထုတ်လုပ်ရန် ဆောင်ရွက်ခြင်း၊ စောင့်ရှောက်ခြင်းများကလည်း အရေးကြီးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ဖြစ်ပါကြောင်း၊ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးရန် တရားမဝင်သော တစ်နည်းနည်းဖြင့် ကိုယ်ကျိုးစီးပွား ဆောင်ရွက်လျက်ရှိသော မည်သည့်အဖွဲ့အစည်းနှင့် မည်သူကိုမဆို စံပြအနေဖြင့် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရန်လိုပါကြောင်း ဆွေးနွေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းနှင့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှူမောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပမည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးရန် လျာထားကြောင်း သိရသည်။

**အမှန်ကန်ဆုံးနှင့် အမြန်ဆုံး**

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မြို့နယ်တရားရုံးတွင် ပေးဆောင်ခဲ့ရသည့် ဒဏ်ငွေကို တိုင်းဒေသကြီး တရားလွှတ်တော်က ပြန်လည်ထုတ်ပေးစေသည့် အမိန့်ပါရှိရာတွင် သက်ဆိုင်သည့် အမှုသည်ထံသို့ အမှန်ကန်ဆုံးနှင့် အမြန်ဆုံး ပြန်လည်ထုတ်ပေးနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နှင့် အခြားသော သက်သေခံပစ္စည်း၊ ငွေကြေးတို့ကို ပြန်လည်ထုတ်ပေးရာ၌လည်း မှန်ကန်၊ မြန်ဆန်စေရန် ဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိ သိရှိလိုခြင်း** နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က မင်းဘူးမြို့နယ် တရားရုံး၏ ပြစ်မှုကြီးအမှတ်တို့ဖြင့် မြို့နယ်တရားရုံးက ၂၀၁၅ ခုနှစ် ဇွန် ၁၈ ရက်တွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့

**"မြန်မာနိုင်ငံအတွင်း ပြန်လည်အစားထိုးဖြည့်တင်း၍ မရနိုင်သော သဘာဝသယံဇာတဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ တွင်းထွက်နှင့် ကျောက်မျက်ရတနာများအား ပြည်သူအကျိုးဖြစ်ထွန်းစေရန် မူဝါဒများ မပြည့်စုံသရွေ့ ထုတ်လုပ်မှုများအား ဆိုင်းငံ့ရန် လိုအပ်ပါကြောင်း၊ သဘာဝသစ်တောများ ပြုန်းတီးခြင်းနှင့်ပတ်သက်၍ ဇုန်များအလိုက် စနစ်တကျအစားထိုးစိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်မီဆောင်ရွက်မှုများ ပြုလုပ်ရန် အရေးကြီး"**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ကို ယင်းလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူလေကြောင်းပြပွဲ တက်ရောက်ရန်အတွက် ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim ၏ ဖိတ်ကြားချက်အရ စင်ကာပူလေကြောင်းပြပွဲ (Singapore Airshow 2018) တက်ရောက်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Ms. Sylvia Bay တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် ခရီးစဉ်အတွင်း စင်ကာပူလေကြောင်းပြပွဲ (Singapore Airshow 2018)အား တက်ရောက်ကြည့်ရှုလေ့လာခြင်း၊ စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Ms. Sylvia Bay က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** သတင်းစဉ်

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် ၂၂၄ ဦးသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသည်။ **(အောက်ပုံ)**

အဆိုပါ လေ့လာရေးအဖွဲ့အား ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ လွှတ်တော်အဆောက်အအုံများသို့ လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



---

*__ပြည်သူ့လွှတ်တော်မှ__*

ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတွင် ကုသခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း စသည့် ကိစ္စများကို လုပ်ဆောင်ရသောကြောင့် တစ်လ တစ်ကြိမ်၊ နှစ်လ တစ်ကြိမ် ကွင်းဆင်းကုသပေးရုံဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေမည် မဟုတ်ပါကြောင်း၊ ဘေးထွက်ဆိုးကျိုးများဖြစ်သည့် မနိုင်ဝန်ထမ်းရခြင်း၊ လက်ရှိတာဝန်များအား လစ်ဟင်းစေနိုင်ခြင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအရ အဖွဲ့လိုက် ကွင်းဆင်းရသည့်အတွက် လူနေမှုစရိတ်များကုန်ကျကာ ကျေးရွာနေပြည်သူများအတွက် ဝန်ပိစေခြင်းကြောင့် ချင့်ချိန်စဉ်းစားသင့်ပါကြောင်း ဆွေးနွေးသည်။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က mobile medical team အဖွဲ့သည် လုပ်ဆောင်နိုင်လျှင် ကောင်းပါကြောင်း၊ သို့သော် ယခုအချိန်တွင် ဆေးရုံတွင်လည်း ဆရာဝန်ပြည့်ပြည့်စုံစုံ မရှိပါကြောင်း၊ ကျန်းမာရေးဦးစီးဌာနတွင်လည်း ကျန်းမာရေးဦးစီးမှူး၊ လက်ထောက်ကျန်းမာရေးဦးစီးမှူးများ ပြည့်ပြည့်စုံစုံ မရှိသေးသည့်အတွက်ကြောင့် ယခုအဆိုသည် မူအားဖြင့် ကောင်းပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနကို ဖွဲ့စည်းပုံချ၍ ဆောင်ရွက်ပါက ပိုမိုသင့်တော်ပါကြောင်း ဆွေးနွေးသည်။

**ဖွဲ့စည်းပုံပြည့်မီအောင် ခန့်နိုင်ရန်**

ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာဦးထွန်းလင်းမော်က ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများသည် သက်ဆိုင်ရာတာဝန်ကျဆေးရုံ၊ ဆေးခန်းအသီးသီးတွင် သတ်မှတ်စံနှုန်းထက် ပိုမိုများပြားသည့် တာဝန်များကို ထမ်းဆောင်နေကြရပါကြောင်း၊ ယင်းအခြေအနေမျိုးတွင် mobile medical team တစ်လ တစ်ကြိမ်၊ နှစ်ကြိမ် ထွက်ရမည်ဆိုလျှင် ဝန်ထမ်းအင်အားပြည့်စုံသည့် မြို့နယ်များတွင် ပြဿနာသိပ်မရှိနိုင်သော်လည်း စံကိုက်ဝန်ထမ်းအင်အားမပြည့်စုံသော မြို့နယ်များတွင် မနိုင်ဝန် ထမ်းရသည့်အတိုင်း ဖြစ်ပြီး လုပ်ငန်းအောင်မြင်မှုကို ထိခိုက်နိုင်ပါကြောင်း၊ ထို့ကြောင့် ကွင်းဆင်းကုသရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားနိုင်ရန် ဝန်ထမ်းအင်အားကို ဖွဲ့စည်းပုံပြည့်မီအောင် ခန့်နိုင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းက လူတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေးလွှမ်းခြုံမှုအတွက် မူဝါဒအခြေခံအုတ်မြစ်များ ချမှတ်ပေးခြင်း၊ ပြည့်စုံလုံလောက်သော လူ့စွမ်းအားအရင်းမြစ်နှင့် ဘဏ္ဍာငွေကြေးအရင်းမြစ် စသော စွမ်းအားစုအရင်းအမြစ်များကို ဖော်ထုတ်ပေးခြင်း၊ ရှင်းလင်းပြတ်သားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပေးအပ်ခြင်းဖြင့် နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေရန် mobile medical team များ ဖွဲ့ပြီး ကျေးရွာများသို့ အလှည့်ကျ ကွင်းဆင်း၍ Rural Community Health ကို မြှင့်တင်ပေးရာတွင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်တင်မာဆွေ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးဝင်းအောင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်းတို့က ဆွေးနွေးကြသည်။

**လုပ်ရိုးလုပ်စဉ်လုပ်ငန်းများ**

ယင်းနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၇ ခုနှစ် တစ်နှစ်တည်းတွင် ကွင်းဆင်းသည့် အရေအတွက် ၁ ဒသမ ၈ သန်းရှိပါကြောင်း၊ လူနာအသစ်နှင့်အဟောင်း စုစုပေါင်း ၁၀ သန်းခန့်ရှိပါကြောင်း၊ ကွင်းဆင်းသည့် အခါတွင်လည်း ၎င်းတို့ကုသနိုင်သည့် ရောဂါများကုသပေးပြီး ကုသမပေးနိုင်သည့် ရောဂါများကို လွှဲပြောင်းပေးပါကြောင်း၊ လွှဲပြောင်းသည့်လူနာမှာ ၂၀၁၇ ခုနှစ်အတွင်း ၃၄၀၃၅၁ ဦး ရှိပါကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ်တွင် အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အဖွဲ့များဖြင့်လည်း ၁၃၆ ကြိမ် ကွင်းဆင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းများမှာ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများ ဖြစ်ခြင်းကြောင့် အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက "မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း"တင်သွင်းခြင်း၊ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

**ကျော်သူထက်**

---

*__အမျိုးသားလွှတ်တော်မှ__*

ပြစ်မှုထင်ရှား စီရင်သည့် အမိန့်အရ တရားခံခြောက်ဦး ထမ်းဆောင်ခဲ့သည့် ဒဏ်ငွေ စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀၀ ကို မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ၂၀၁၅ ခုနှစ် ဇွန် ၁၈ ရက်တွင် ပေးသွင်းခဲ့ပါကြောင်း၊ လျှောက်ထားခံရသူများအပေါ် ၂၀၁၂ ခုနှစ် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ အရ အလုပ်နှင့်ထောင်ဒဏ် ခြောက်လစီ ကျခံကြစေရန်နှင့် ငွေဒဏ် ၂၀၀၀၀ စီပေးဆောင်ကြစေရန်၊ ဒဏ်ငွေမဆောင်ပါက နောက်ထပ် ထောင်ဒဏ် ခြောက်လစီ ကျခံကြစေရန်နှင့် တရားခံများမှ မူလရုံးတွင် ဒဏ်ငွေဆောင်ပြီးဖြစ်ပါက ပြန်လည်ထုတ်ပေးစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့ပါကြောင်း၊ မကွေးတိုင်းဒေသကြီး ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဇွန် ၂၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း သာမန်ရငွေ၏ နှုတ်-၅၀ ပြန်ပေးငွေ ခေါင်းစဉ်အောက်တွင် ငွေကျပ် ၁၀၀၀၀၀ သာ လျာထားကြောင်း စိစစ်တွေ့ရှိရ၍ လျာထားငွေလုံလောက်မှုမရှိပါသဖြင့် ထုတ်ယူ၍ မရပါကြောင်း ပြန်ကြားခဲ့ပါကြောင်း။

**အမြန်ဆုံးစိစစ်ထုတ်ပေးလျက်ရှိ**

ထိုအမှု ခြောက်မှုမှ ဒဏ်ငွေ ၃၀၀၀၀၀၀ ကို ပြန်လည်ထုတ်ယူခွင့်ပြုရန် တရားရေးဦးစီးမှူးရုံးမှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ စာဖြင့်ထပ်မံ၍ အချိန်မီ တင်ပြတောင်းခံနိုင်ခဲ့ခြင်း မရှိသည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ထုတ်ယူနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ငွေကျပ် ၅၀၀၀၀၀၀ကို ထပ်မံဖြည့်စွက်တင်ပြ တောင်းခံထားရှိခဲ့ပါကြောင်း၊ မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံးက ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က မင်းဘူးမြို့နယ်တရားရုံးသို့ ထိုအမှု ခြောက်မှုမှ သက်သေခံငွေ စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀၀ ကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ၏ ငွေထုတ်စာရင်းတွင် ပေးသွင်းထားသည်ကို စိစစ်တွေ့ရှိရသဖြင့် အဆိုပါ ဒဏ်ငွေများကို သက်ဆိုင်သူတရားခံ ခြောက်ဦး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၀ စီဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ပြန်လည်ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအမှုကို အယူခံဝင်ရောက်ခြင်းမရှိပါက အယူခံဝင်ခွင့်ကာလကုန်ဆုံးပြီးနောက် ပြန်လည်ထုတ်ပေးလျက်ရှိကြောင်း၊ အယူခံပြင်ဆင်မှု တက်ရောက်သောအမှုများတွင် ယင်းအမှုများ ဆုံးဖြတ်ပြီးစီးသည်အထိ စောင့်ဆိုင်း၍ အမြန်ဆုံးစိစစ်ထုတ်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**အလေးအနက်ထားဆောင်ရွက်**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ ရခိုင်ပြည်နယ် **စစ်တွေမြို့နယ် သင်ပုန်းတန်း အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မှာ ထက်ဆင့်သင် ကျောင်းသားကျောင်းသူ ၂၀၀ အထိ ရှိရမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် ၁၀ မိုင်အထက် ကွာဝေးရမည်ဖြစ်ကြောင်း၊ စစ်တွေမြို့နယ် သင်ပုန်းတန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၁၂၆ ဦးသာရှိပြီး ပင်မကျောင်းဖြစ်သည့် မင်းဂံ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းနှင့် ခုနစ်မိုင်သာကွာဝေးသည်ကို တွေ့ရှိရပါကြောင်း၊ သင်ပုန်းတန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်နှင့် ကိုက်ညီရန်လိုအပ်ချက်ရှိသေးသော်လည်း ဒေသဖွံ့ဖြိုးရေးကို ရှေးရှု၍ ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ရရှိရေးတို့အတွက် ဖြေလျှော့စဉ်းစားပေးမည်ဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးစိုင်းစံအောင်၏ အခြေခံပညာမူလတန်းကျောင်း(မော်ဟွေ့)ကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့် မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## “ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး သွေးစည်းညီညွတ်စွာ ဥမကွဲသိုက်မပျက် ထာဝရအတူတကွ ပူးပေါင်းနေထိုင်သွားဖို့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိဖို့နဲ့ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး တိုင်းရင်းသားအားလုံး တန်းတူညီမျှ အခွင့်အရေးရရှိဖို့အတွက် မိမိတို့နိုင်ငံမှာရှိတဲ့ မတူကွဲပြားမှုများကို အင်အားအဖြစ် ပြောင်းလဲပေါင်းစပ်ရယူပြီး ညီညီညွတ်ညွတ် ကြိုးပမ်းဖော်ဆောင်”

*○ ရှေ့ဖုံးမှ*

သူ့ကျွန်မခံလိုတဲ့ စိတ်ဓာတ်နဲ့ ကိုလိုနီနယ်ချဲ့ဗြိတိသျှတို့ကို နေရာအနှံ့အပြားမှာ တော်လှန်ပုန်ကန်ခဲ့ကြပြီး နိုင်ငံတစ်ဝန်း မျိုးချစ်စိတ်ဓာတ်များ ရှင်သန်နိုးကြားလာခဲ့ပါတယ်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ပြည်မ၊ တောင်တန်းမခွဲခြားဘဲ တစ်နိုင်ငံလုံး လွတ်လပ်ရေး အတူတကွရယူလိုတဲ့အတွက် ရှမ်းပြည်နယ် ပင်လုံမြို့မှာ ရှမ်းပြည်လူထုခေါင်းဆောင်များနဲ့တကွ တောင်တန်းဒေသမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှုရရှိအောင် ကြိုးပမ်းခဲ့ကြပါတယ်။ ထိုတွေ့ဆုံဆွေးနွေးပွဲကာလအတွင်း ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ရှမ်းတိုင်းရင်းသားများဟာ တောင်တန်းဒေသ တိုင်းရင်းသားများဖြစ်ကြတဲ့ ချင်း၊ ကချင်တို့နဲ့အတူ ပြည်နယ်များအနေနဲ့ ပြည်မနှင့်အတူတကွ လွတ်လပ်ရေးရယူမည်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ကြပါတယ်။ ထို့အပြင် တောင်တန်းဒေသ ကိုယ်စားလှယ်များဟာ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ပင်မမဏ္ဍိုင်ဖြစ်ကြောင်း ပင်လုံစာချုပ်ကို ချုပ်ဆိုပြီး ထင်ရှားစေခဲ့ပါတယ်။

ပြည်မနဲ့ တောင်တန်းဒေသများ အတူတကွ လွတ်လပ်ရေးရယူဖို့ ဆုံးဖြတ်နိုင်ခဲ့တဲ့ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယင်းနေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် အထိမ်းအမှတ်အခမ်းအနားများ ပြုလုပ်ကျင်းပလာခဲ့ကြတာဖြစ်ပြီး ယခုဆိုရင် (၇၁)နှစ်မြောက် ရှိခဲ့ပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ်နေ့လို့ သတ်မှတ်ခေါ်ဝေါ်သုံးစွဲနေကြသော်လည်း သမိုင်းကြောင်းအရ ရှမ်းပြည်နယ်နေ့ဆိုတာ တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ နေ့ထူးနေ့မြတ်တစ်ခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း(၇၀) ရှိခဲ့ပြီဖြစ်သော်လည်း လွတ်လပ်ရေးနဲ့အတူ တစ်ပြိုင်တည်းပေါ်ပေါက်လာတဲ့ ပြည်တွင်းစစ်မီးများကြောင့် မြန်မာပြည်သူတို့ရဲ့ဘဝမှာ လွတ်လပ်ရေးရဲ့အရသာကို ပြည့်ပြည့်ဝဝ မခံစားကြရဘဲ ယနေ့ထိ အပြည့်အဝမပြီးဆုံးနိုင်သေးတဲ့ ပြည်တွင်းစစ်ပွဲများရဲ့ဆိုးဒဏ်တွေကို ရင်ဆိုင်ခံစားနေကြရဆဲ ဖြစ်ပါတယ်။

ယနေ့အချိန်အခါမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင် ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိစေဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူများနဲ့ လက်တွဲပြီး အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံရဲ့ ဒုတိယအကြိမ် အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ကနဦးရလဒ်အဖြစ် ဖက်ဒရယ်အခြေခံမူ(၃၇)ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်ရဲ့အစိတ်အပိုင်း(၁)အဖြစ် သဘောတူချုပ်ဆိုနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဝိုင်းဝန်းစုပေါင်း ဆွေးနွေးညှိနှိုင်းအဖြေရှာမှုတွေကနေ အများသဘောတူ ဖော်ထုတ်ရရှိတဲ့ နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရာမှာ ဖြစ်ပေါ်လာမယ့် အနာဂတ်မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးအတွက်ကိုလည်း ဆက်လက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီအခြေခံအုတ်မြစ်များ ပိုမိုခိုင်မာလာစေဖို့ ကြိုးပမ်းဆောင်ရွက်မှုများနဲ့အတူ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးစတဲ့ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ဖို့ စီမံဆောင်ရွက်နေတဲ့အပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်လက်ဖော်ဆောင်လျက်ရှိပါတယ်။

ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး သွေးစည်းညီညွတ်စွာ ဥမကွဲသိုက်မပျက် ထာဝရအတူတကွ ပူးပေါင်းနေထိုင်သွားဖို့၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိဖို့နဲ့ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး တိုင်းရင်းသားအားလုံး တန်းတူညီမျှ အခွင့်အရေးရရှိဖို့အတွက် မိမိတို့နိုင်ငံမှာရှိတဲ့ မတူကွဲပြားမှုများကို အင်အားအဖြစ် ပြောင်းလဲပေါင်းစပ်ရယူပြီး ညီညီညွတ်ညွတ် ကြိုးပမ်းဖော်ဆောင်သွားကြဖို့ တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

*❋ ကျောဖုံးမှ*

**စစ်တွေမြို့ရောက်**

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းဦးဆောင်သည့် ရန်ကုန်မြို့အခြေစိုက် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂဒေသဆိုင်ရာ ကိုယ်စားလှယ်ရုံး ယာယီတာဝန်ခံနှင့် ပြည်ပသတင်းထောက်များသည် ယနေ့နံနက် ၁၀နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သည့်အဖွဲ့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုတင်စီမံ**

စစ်တွေလေဆိပ် ဧည့်ခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂဒေသဆိုင်ရာကိုယ်စားလှယ်ရုံး ယာယီတာဝန်ခံတို့အား ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများ ဖြစ်သည့် ပြန်လည်စိစစ်လက်ခံခြင်း လုပ်ငန်းများဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေမှု၊ ပြန်လည်ဝင်ရောက်လာမည့်သူများအား စနစ်တကျမှတ်တမ်းတင်၍ NVC ကတ်များထုတ်ပေးရန် ဆောင်ရွက်ထားရှိမှု၊ ယာယီတည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့မှ ကြိုတင်စီမံဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ဝိုင်းဝန်းကူညီ**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အိမ်နီးချင်းနိုင်ငံ သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂဒေသဆိုင်ရာ ကိုယ်စားလှယ်ရုံးယာယီတာဝန်ခံတို့အား ကြိုဆိုပါကြောင်း၊ ရခိုင်ပြည်နယ်၏ ပကတိအခြေအနေမှန်များကို သိရှိပြီး နိုင်ငံတကာအသိုက်အဝန်းသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေး ကူညီဆောင်ရွက်ပေးကြရန်နှင့် နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေး၊ ပြန်လည်နေရာချထားရေးတို့ကို နှစ်နိုင်ငံ သဘောတူညီချက်များ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**လှဖိုးခေါင် ကြားစခန်းရောက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သည့် အိမ်နီးချင်းနိုင်ငံ သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂဒေသဆိုင်ရာ ကိုယ်စားလှယ်ရုံး ယာယီတာဝန်ခံနှင့် ပြည်ပသတင်းထောက်များသည် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံပြီး ခေတ္တနေရာချထားပေးမည့် မောင်တောမြို့နယ်ရှိ လှဖိုးခေါင် ကြားစခန်းသို့ ရောက်ရှိကြရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တာဝန်ရှိသူ

*စာမျက်နှာ ၉ သို့*



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သောအဖွဲ့အား လှဖိုးခေါင် ကြားစခန်းအတွင်း စိစစ်လက်ခံမည့်သူများ ခေတ္တနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သောအဖွဲ့အား ကညင်ချောင်းစီးပွားရေးဇုန်တွင် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

- ❒ **လှဖိုးခေါင် ကြားစခန်းသည် ဧရိယာအကျယ်အဝန်း ၁၂၄ ဒသမ ၈၄ ဧကရှိ၍ အဆောက်အအုံပေါင်း ၆၄၀ ပါဝင်ပြီး လူဦးရေ ၃၀၀၀၀ ကျော်ကို လက်ခံနိုင်မည်ဖြစ် ။**
- ❒ **စခန်း၌ ပြန်လည်လက်ခံမည့်သူများ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ကြိုတင်စီမံထားရှိကြောင်း၊ လိုအပ်လာပါက အရေးပေါ် ဖြည့်ဆည်းပေးနိုင်ရန် UEHRD ၏ အစီအစဉ်ဖြင့် ရှက်ဖျင်တဲ ၅၀၀ ကျော်ကိုလည်း အရန်အစီအစဉ်အနေဖြင့် ကြိုတင်စီမံထား ။**

*စာမျက်နှာ ၈ မှ*

များက ပြန်လည်လက်ခံမည့်သူများ တည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ စားသောက်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးတို့အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**လှည့်လည် ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော အဖွဲ့သည် လှုဖိုးခေါင် ကြားစခန်းအတွင်း စိစစ်လက်ခံပြီးသူများ ခေတ္တနေထိုင်နိုင်ရေးအတွက် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ ဆောက်လုပ်နေမှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

**လှုဖိုးခေါင် ကြားစခန်းသည် ဧရိယာအကျယ်အဝန်း ၁၂၄ ဒသမ ၈၄ ဧကရှိ၍ အဆောက်အအုံပေါင်း ၆၄၀ ပါဝင်ပြီး လူဦးရေ ၃၀၀၀၀ ကျော်ကို လက်ခံနိုင်မည်ဖြစ်သည်။ ထို့ပြင် စခန်း၌ ပြန်လည်လက်ခံမည့်သူများ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ကြိုတင်စီမံထားရှိကြောင်း၊ လိုအပ်လာပါက အရေးပေါ် ဖြည့်ဆည်းပေးနိုင်ရန် UEHRD ၏ အစီအစဉ်ဖြင့် ရှက်ဖျင်တဲ ၅၀၀ ကျော်ကိုလည်း အရန်အစီအစဉ်အနေဖြင့် ကြိုတင်စီမံထားရှိကြောင်း သိရသည်။**





ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သောအဖွဲ့ နှစ်နိုင်ငံ နယ်စပ်မျဉ်း ( ZERO LINE) တွင် ယာယီနေထိုင်လျက်ရှိသည့် နေရပ်စွန့်ခွာသူများအား သွားရောက်တွေ့ဆုံစဉ်။

သတင်းစဉ်

**ငါးခူရ ယာယီလက်ခံရေးစခန်းရောက်**

ဆက်လက်၍ ရေကြောင်းမှ ဝင်ရောက်လာသူများအား လက်ခံရေးစခန်းအဖြစ် ဖွင့်လှစ်ထားသည့် ငါးခူရ ယာယီလက်ခံရေးစခန်းသို့ ရောက်ရှိပြီး ပြန်လည်ဝင်ရောက်လာသူများကို စိစစ်ရန် လူဝင်မှုကြီးကြပ်ရေးမှ မှတ်တမ်းတင်ဆောင်ရွက်မည့် အခြေအနေ၊ NVC ကတ်ထုတ်ပေးရေး ဆောင်ရွက်မည့် အခြေအနေ၊ ကျန်းမာရေးဌာနမှ ယာယီဆေးခန်းများဖွင့် ဆောင်ရွက်နေမှုအခြေအနေ၊ ပြည်တွင်းပြည်ပဆက်ဆံရေးရုံးများ ဖွင့်လှစ်ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သောအဖွဲ့ စစ်တွေလေဆိပ် ဧည့်ခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ်။

သတင်းစဉ်

**ကြည့်ရှုလေ့လာ**

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သည့်အဖွဲ့သည် ငါးခူရစခန်းမှ တောင်ပြိုလက်ဝဲမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိပြီး ကုန်းလမ်းမှ ဝင်ရောက်လာသူများအား ပြန်လည်လက်ခံရေးစခန်းတစ်ခု ဖြစ်သည့် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှု လေ့လာကြသည်။

**နေရပ်စွန့်ခွာသူများ တွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်အဖွဲ့သည် နှစ်နိုင်ငံ နယ်စပ်မျဉ်း (ZERO LINE) တွင် ယာယီနေထိုင်လျက်ရှိသည့် နေရပ်စွန့်ခွာသူများအား သွားရောက်တွေ့ဆုံ၍ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေးအတွက် နှစ်နိုင်ငံ သဘောတူဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး သိလိုသည်များကိုမေးမြန်းကာ နှစ်နိုင်ငံချစ်ကြည်ရေးတံတားကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

**ကညင်ချောင်း စီးပွားရေးဇုန်ရောက်**

ယင်းနောက် ကညင်ချောင်း စီးပွားရေးဇုန်သို့ရောက်ရှိရာ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သန်းက စီးပွားရေးဇုန် စတင်ဖြစ်ပေါ်လာမှု၊ လက်ရှိ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေမှုနှင့် စီးပွားရေးဇုန်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ပြန်လည်ရောက်ရှိ**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**သတင်းထောက်များ လိုက်ပါ**

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Vikram Misri၊ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E.Ms. Vanessa Chan၊ UNRC မှ Mr. Knut Ostby၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးများမှ သံရုံးယာယီတာဝန်ခံများ၊ ပြည်ပသတင်းဌာနများဖြစ်သည့် Xinhua နှင့် NHK တို့မှ သတင်းထောက်များ လိုက်ပါသတင်းရယူခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ထားသည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် စာချုပ်ချုပ်ပြီး နှစ်လအတွင်း လက်ခံရမည့် ဇန်နဝါရီ ၂၃ ရက်မှ စတင်၍ ပြန်လည်လက်ခံရန် လက်ခံရေးစခန်းနှစ်ခုနှင့် ကြားစခန်း တစ်ခု တည်ဆောက်ထားရှိကာ လုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ထမ်းများကိုလည်း အဆင်သင့်ဖြစ်စေရန် စေလွှတ်ထားရှိပြီး ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

## “ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ထားသည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် စာချုပ်ချုပ်ပြီး နှစ်လအတွင်း လက်ခံရမည့် ဇန်နဝါရီ ၂၃ ရက်မှစတင်၍ ပြန်လည်လက်ခံရန် လက်ခံရေးစခန်းနှစ်ခုနှင့် ကြားစခန်းတစ်ခု တည်ဆောက်ထားရှိကာ လုပ်ငန်းများဆောင်ရွက်ရန် ဝန်ထမ်းများကိုလည်း အဆင်သင့်ဖြစ်စေရန် စေလွှတ်ထားရှိပြီးဖြစ်”



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သည့်အဖွဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သောအဖွဲ့ ငါးခူရ ယာယီကယ်ဆယ်ရေးစခန်း၌ ပြန်လည်ဝင်ရောက်လာမည့်သူများအား စနစ်တကျလက်ခံရန် စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာ့အေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ အတုလကာရီဆင်မင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် မရမ်းကုန်းမြို့နယ် မလိခလမ်းနေ ဦးတင်ထွဋ် - ဇနီး ဒေါ်မင်းမင်းမိသားစုတို့က အလှူငွေကျပ် သိန်း ၃၇၀ နှင့် မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် မေခလမ်းနေ ဒေါက်တာ ဦးမျိုးသော် - ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်သင်းသင်းမိသားစုက အလှူငွေကျပ် ၃၃၅ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရခိုင်ပြည်နယ် စစ်တွေမြို့ ခေမာမဏ္ဍိုင်ဗဟိုသာသနာပြု ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓက ဝမ်းမြောက်ကြောင်း သာရဏီယကထာ မြွက်ကြားချီးမြှင့်တော်မူပြီး ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုမာရက အနုမောဒနာတရားချီးမြှင့်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**သတင်းစဉ်**



# ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ၏ တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များပညာရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်း



**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)များ၏ တက္ကသိုလ် အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ ပညာရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁/၂၀၁၈ ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) ပညာရေး၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တက္ကသိုလ်အကြံပေးအဖွဲ့ အဖွဲ့ဝင်များက အကြံပြုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အကြံပြုတင်ပြချက်များအပေါ် သုံးသပ်၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)များ၏ အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ၊ ၎င်းအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## KBZ Bank Women's League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၇) ပထမနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက YREO အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းသည် ပွဲစကတည်းက ဖိကစားခဲ့ပြီး ၂ မိနစ်တွင် ရီရီဦးက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် YREO အသင်းက အားထည့်ကစားခဲ့ပြီး အား/ကာအသင်း ဒုတိယပိုင်းမှဂိုးများထပ်ရခဲ့သည်။ အား/ကာ အသင်းအတွက်အနိုင်ဂိုးများကို ၅၂၊ ၇၅၊ ၈၁၊ ၈၃ မိနစ်တွင် ရီရီဦး၊ ၅၄ မိနစ်တွင် ရွှေမိုးအေး၊ ၈၅ မိနစ်တွင် ဇေဇင်ညွန့်တို့က သွင်းယူခဲ့သည်။ ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၇ ရက် **(ယနေ့)** ဆက်လက်ကျင်းပ မည်ဖြစ်ပြီး တက္ကသိုလ်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်ရှိန်း**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၆** - ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ် နမ့်စန်မြို့နှင့်ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့်သီပေါမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၀၈ လက်မ ဖြစ်သည်။

**မိုး/ဇလ**

# ပဉ္စမအကြိမ်မြောက် မြန်မာ- ဂျပန် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၆**


ပဉ္စမအကြိမ်မြောက် မြန်မာ- ဂျပန် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ဆွေးနွေးပွဲ၌ နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးရာ မူဝါဒဗျူရို ဒုတိယလက်ထောက်ဝန်ကြီးနှင့် ကုလသမဂ္ဂရေးရာတာဝန်ခံ သံအမတ်ကြီး မစ္စတာ မဆတို အိုတကတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၌ ချမှတ်ကျင့်သုံးလျက်ရှိသော လူ့အခွင့်အရေး တိုးမြှင့်ကာကွယ်ရေးဆိုင်ရာ မူဝါဒများနှင့် အလေ့အထများ၊ ကုလသမဂ္ဂမျက်နှာစာ အပါအဝင် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။



အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဂျပန်ဘက်မှ ဒုတိယလက်ထောက်ဝန်ကြီးနှင့် အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဂျီနီဗာမြို့ရှိ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ရုံး၊ ရန်ကုန်မြို့ရှိ ဂျပန်သံရုံးတို့မှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## အသည်းရောင်အသားဝါ (ဘီ) ရောဂါ သိရှိကာကွယ်ပါ

အသည်းရောင်အသားဝါရောဂါ (ဘီ)သည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည့် အသက်အန္တရာယ်ရှိသော အသည်းရောဂါတစ်မျိုးဖြစ်ပြီး ရုတ်တရက်အသည်းရောင်ရောဂါနှင့် နာတာရှည်အသည်းရောဂါ (၂) မျိုးလုံးဖြစ်ပွားနိုင်ပါသည်။

**ရောဂါလက္ခဏာများ**

- ဖျားခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊
- ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊
- ဆီးအရောင်ရင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း
- အစားအသောက်ပျက်ခြင်း၊
- အဆစ်အမျက် ကိုက်ခဲခြင်း၊

**ကူးစက်နိုင်သည့် နည်းလမ်းများ**

(၁) မိခင်မှကလေးသို့ ကလေးမွေးဖွားစဉ်တွင် ကူးစက်နိုင်ခြေများပါသည်။
(၂) ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်း၊
(၃) ရောဂါပိုးပါဝင်နေသောသွေး၊ ခန္ဓာကိုယ်မှထွက်သောအရည်များ၊ တံတွေးများ၊ ရာသီသွေးများနှင့် ထိတွေ့ကိုင်တွယ်ရာမှ ကူးစက်ခြင်း၊
(၄) ရောဂါပိုးရှိနေသောသွေးသွင်းမိခြင်း၊
(၅) အကြောတွင်းသို့ မူးယစ်ဆေးထိုးသွင်းလေ့ရှိသူများတွင် အပ်နှင့်ဆေးထိုးပြွန်များအား ထပ်ခါထပ်ခါအသုံးပြုခြင်း၊

> အသည်းရောင် အသားဝါရောဂါ (ဘီ)ပိုးကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုအားမာန် အမြဲရှင်သန်

**ပန်းတောင်းသန်းကြွယ်**

**မြန်မာတို့၏ အတိတ်သမိုင်းကြောင်းတစ်လျှောက်တွင် မြန်မာမင်းအဆက်ဆက်တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းရယူကာ စုစည်းခိုင်မာသော ပြည်ထောင်စုကြီးကို တည်ဆောက်ခဲ့ကြသည်။ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင်တည်ဆောက်နိုင်ခဲ့ကြသော မင်းများလက်ထက်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာမှာ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်နိုင်ခဲ့သည်။**

**“ယနေ့မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးရရှိရေးပင်ဖြစ်သည်။ ငြိမ်းချမ်းရေးရရှိလာပါက ယခုထက်ပိုမိုစည်းလုံးသော ပြည်ထောင်စုကြီးတည်ဆောက်နိုင်မည်ဖြစ်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်းရေမြင့်ကြာတင့်ဖြစ်ကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်တောက်ပလာအောင် ဖန်တီးရှက်ဆောင်ပေးနိုင်မည် ဖြစ်သည်”**

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာခြင်း၊ အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာခြင်း၊ အမျိုးဘာသာ၊ သာသနာကြီးပွားတိုးတက်အောင် ဖော်ဆောင်နိုင်ခြင်း၊ အိမ်နီးနားချင်းနိုင်ငံအသီးသီးက ခန့်ညားလေးစားမှုခံယူရရှိခြင်း၊ တိုင်းရင်းသားများ စုစည်းညီညွတ်စွာ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်လုပ်ကိုင်စားသောက်နိုင်သော အခြေအနေကောင်းများ ပိုင်ဆိုင်ထားနိုင်ခြင်း စသော အချက်အလက်များနှင့် ပြည့်စုံခဲ့သည့် ရှေးမင်းကောင်းမင်းမြတ်များ၏ လက်ထက်တော်များကို နှောင်းလူတို့က လေးစားမြတ်နိုးခြင်း၊ အတုယူအားကျလောက်သော စံပြနိုင်ငံတော်များအဖြစ် ဂုဏ်ယူမှတ်တမ်းတင်ခြင်းများ ပြုလုပ်သည့်အနေဖြင့် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော် တတိယမြန်မာနိုင်ငံတော်ဟူ၍ သတ်မှတ်ကမ္ဗည်းတင်ခဲ့ကြသည်။

အနော်ရထာမင်းစောက ပုဂံကို အခြေပြု၍ ပထမမြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း၊ ဘုရင့်နောင်က တောင်ငူနှင့် ပဲခူးဒေသတို့ကို အခြေပြု၍ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း၊ အလောင်းဘုရား ဦးအောင်ဇေယျက မုဆိုးဘိုခေါ် ရွှေဘိုဒေသကို အခြေပြု၍ တတိယမြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း ဂုဏ်ယူလေးစားဖွယ်ရာ အသီးသီးတည်ဆောက်ခဲ့ကြသည်။ ကမ္ဘာ့သမိုင်းဝင် မြန်မာ့သမိုင်း၏ အထင်ကရမှတ်တိုင်ကြီးများအဖြစ် စိုက်ထူနိုင်ခဲ့ကြခြင်းပင် ဖြစ်သည်။

တတိယမြန်မာနိုင်ငံတော်ကြီး၏ မျိုးဆက် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ၊ သီပေါမင်းလက်ထက်တွင်ကား အမျိုးသား စည်းလုံးညီညွတ်မှုပြိုကွဲနေခြင်း၊ ခေတ်မီကာကွယ်ရေးစွမ်းအားများမရှိခြင်း၊ လက်နက်လူသူအင်အားမမျှတခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံသည် တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ကာ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကြီး ဆုံးရှုံးခဲ့ရလေသည်။

သူ့ကျွန်မခံလိုသော မျိုးချစ်မြန်မာတိုင်းရင်းသားများသည် ရရာလက်နက်၊ ရှိသည့် လူအင်အားဖြင့် တန်ပြန်တော်လှန်တိုက်ခိုက်ခဲ့ကြသော်လည်း လက်နက်အင်အား မကောင်းခြင်း၊ ခေတ်မီလက်နက်များ မသုံးစွဲနိုင်ခြင်း၊ စနစ်တကျစုဖွဲ့ထားရှိသော သင်တန်းဆင်း စစ်သည်များ မရှိခြင်း၊ လူသူအင်အား မမျှတခြင်းတို့ကြောင့် အားမတန် မာန်လျှော့ခဲ့ရလေသည်။ မြန်မာတို့၏လွတ်လပ်ရေးကြီး ဆုံးရှုံးပြီးနောက် နှစ်ပေါင်း ၁၂၂ နှစ်နီးပါးမျှ အင်္ဂလိပ်နယ်ချဲ့တို့၏ ကုပ်သွေးစုပ်အုပ်ချုပ်ခြင်းကို ခံခဲ့ရလေသည်။ နယ်ချဲ့တို့သည် တိုင်းရင်းသားအချင်းချင်း သွေးခွဲအုပ်ချုပ်ခြင်း၊ ဆင်းရဲချမ်းသာ အဆင့်အတန်းခွဲခြား၍ သွေးခွဲအုပ်ချုပ်ခြင်းတို့ကို ကျင့်သုံး၍ နယ်ချဲ့အုပ်ချုပ်ရေး သက်တမ်းရှည်ကြာအောင် စီမံဆောင်ရွက်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာ့တပ်မတော်ကို ဖွဲ့စည်း၍ ဂျပန်တို့၏ အကူအညီကို ရယူကာ နယ်ချဲ့အင်္ဂလိပ်တို့အား တွန်းလှန်မောင်းထုတ် နိုင်ခဲ့သော်လည်း ဖက်ဆစ်ဝါဒအနိဋ္ဌာရုံများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ခါးစည်းခံခဲ့ကြရပြန်သည်။ ဒုတိယကမ္ဘာစစ်ကာလတွင် မဟာမိတ်တို့နှင့် ပူးပေါင်း၍ ဖက်ဆစ်တို့အား တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သော်လည်း မျက်နှာဖြူနယ်ချဲ့တို့က ပြည်မကိုသာ လွတ်လပ်ရေး ပေးလိုပြီး တောင်ပေါ်ဒေသများကို ချန်လှပ်ထားရှိကာ ဆက်လက်ကုပ်သွေးစုပ်ရန် ကြံစည်လာပြန်သောကြောင့် မြန်မာတိုင်းရင်းသားတို့ အခက်ကြုံရပြန်သည်။

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များသည် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံညီလာခံကြီးကို ကျင်းပခဲ့ကြပြီး တိုင်းရင်းသားအားလုံး၊ တစ်တိုင်းတစ်ပြည်လုံး တညီတညွတ်တည်း လွတ်လပ်ရေးတောင်းဆိုရန် ကတိပြု လက်မှတ်ရေးထိုးခဲ့သည်။ တိုင်းရင်းသားအားလုံးတစ်စည်းတစ်လုံးတည်း အတူတကွလွတ်လပ်ရေး ရရှိရေးမှာ ပင်လုံညီလာခံ၏ အဓိကအနှစ်သာရပင် ဖြစ်သည်။ တိုင်းရင်းသားညီရင်းအစ်ကို၊ မောင်ရင်းနှမများ၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာ ဖော်ကျူးပြသနိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြသည်။ ယခုနှစ်ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည်ကား (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ပင် ဖြစ်ပေသည်။

လွတ်လပ်ရေးကြီးရရှိခဲ့ကြသော်လည်း ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများကြောင့် ပြည်တွင်းငြိမ်းချမ်းရေးခိုင်မာအောင် မတည်ဆောက်နိုင်ခဲ့ပေ။ လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားပြည်သူတို့၏ဘဝမှာ များစွာနိမ့်ကျခဲ့ရသည်။ ဆင်းရဲတွင်းနက်ခဲ့ရသည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်တို့မှာ တဖြည်းဖြည်းနိမ့်ဆင်းသွားခဲ့ရသည်။ နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့ရသော လက်နက်ကိုင် ပဋိပက္ခများကြောင့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်ဖွံ့ဖြိုးမှု အလွန်ပင်နောက်ကျ ကျန်ခဲ့ရပြီဖြစ်သည်။ ယနေ့မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးရရှိရေးပင်ဖြစ်သည်။ ငြိမ်းချမ်းရေးရရှိလာပါက ယခုထက်ပိုမိုစည်းလုံးသော ပြည်ထောင်စုကြီးတည်ဆောက်နိုင်မည်ဖြစ်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်းရေမြင့်ကြာတင့်ဖြစ်ကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်တောက်ပလာအောင် ဖန်တီးရှက်ဆောင်ပေးနိုင်မည် ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ အဓိကလိုအပ်ချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးပင် ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက ဘိုးဘွားတို့ဟစ်ကြွေးခဲ့ကြသော “လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည်ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ” ဆောင်ပုဒ် ကဲ့သို့ “ငြိမ်းချမ်းရေးသည်ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ငြိမ်းချမ်းရေးသည် တတိယ” ဟူ၍ ဟစ်ကြွေးကြရမည့် ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းရေးရရှိမှသာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်မည့် “ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး” ကို ဆက်လက်အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ်ဖြင့် အချင်းချင်းအပြန်အလှန်ညှိနှိုင်းတိုင်ပင်ကာ ခိုင်မာစုစည်းသော ပြည်ထောင်စုကြီးတည်ဆောက်ကြရပေမည်။ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်မရှိဘဲ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်၍ မရနိုင်ပေ။

လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ယုံကြည်ကိုးကွယ်မှုပေါင်းစုံဖြင့် ဖွဲ့စည်းတည်ရှိခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံသည် ရှေးယခင်ကပင် မိမိတို့နယ်မြေဒေသအလိုက် မိမိတို့၏ ယဉ်ကျေးမှုဘာသာဓလေ့အသီးသီးကို အမြတ်တနိုးကျင့်သုံးနေထိုင်ကြရင်း မြဲမြံသော သံယောဇဉ်တရားဖြင့် အပြန်အလှန်ဖေးမ ကူညီလက်တွဲနေထိုင်ခဲ့ကြသကဲ့သို့ ဆတက်တိုးကာ အပြန်အလှန် ယုံကြည်နားလည်ခြင်း၊ ရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ခွင့်လွှတ်သည်းခံခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ သဘောထားကြီးခြင်း စသည်တို့ဖြင့် ပိုမိုစည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြရပေမည်။

ဒီမိုကရေစီဖက်ဒရယ်စနစ်အတွင်းဝယ် တိုင်းရင်းသားများလိုလားတောင့်တနေကြသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တည်ဆောက်ခြင်း၊ တိုင်းရင်းသားများ အားလုံးတန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်အောင် ညှိနှိုင်းရွက်ဆောင်ခြင်းတို့ကို ပီပြင်ကျနအောင် လုပ်ဆောင်သွားရပေမည်။ သို့မှသာ တိုင်းရင်းသားအချင်းချင်း ပိုမိုယုံကြည်သင့်မြတ်လာပြီး ပြည်တွင်းငြိမ်းချမ်းရေးကြီးကို ရရှိအောင် အကောင်အထည်ဖော်နိုင်ပေလိမ့်မည်။

နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်အင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြရင်း “ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး သို့မဟုတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ကြပါစို့”ဟု တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။

## ညောင်ဦးမြို့နယ်၌ ဆောင်းမြေပဲစိုက်ခင်းများတွင် ကြွက်များ ဖျက်ဆီးနေသဖြင့် တောင်သူများ အခက်ကြုံ



**ညောင်ဦး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြစ်ရေတင်ကြီးများနှင့် ဆောင်းသီးနှံ မြေပဲစိုက်ပျိုးကြချိန်တွင် ကြွက်များ ဝင်ရောက်ဖျက်ဆီးခြင်းခံနေရသဖြင့် ဆောင်းမြေပဲစိုက် တောင်သူများ စိတ်ဒုက္ခကြုံတွေ့နေကြောင်း သိရသည်။ တောင်သူများသည် ကြွက်များ သောင်းကျန်းနေသည့်အတွက် ယာခင်းအနီး ပတ်ဝန်းကျင် ကြွက်တွင်းဝများတွင် ထောင်ချောက်ဆင် မောင်းထောင်ခြင်း၊ ကြွက်ဆေးချခြင်း၊ အဖွဲ့လိုက် စုပေါင်း ကြွက်ရိုက်ခြင်းများ ဆောင်ရွက်သော်လည်း ကြွက်များက မြေပဲခင်းများကို ဆက်လက်ဖျက်ဆီးနေကြကြောင်း သိရသည်။

“ညရောက်တိုင်း ကြွက်ဆေးချပါတယ်၊ အဲဒါလည်း မရပါဘူး၊ ကြွက်ကို တောကြောင်တွေက ရှာစားတယ်၊ အခုတော့ တောကြောင်တွေလည်း မရှိသလောက်ရှားသွားပြီ” ဟု ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

“အခုခေတ်ရောက်တော့ ကြွက်ကို စားနိုင်တဲ့ မြွေတွေကိုလည်း ဖမ်းပြီးရောင်းကြတယ်၊ ကြွက်ကိုနိုင်တဲ့ အိမ်မွေးကြောင်တွေကိုလည်း လူတွေက သတ်စားနေကြတယ်၊ ဒီတော့ဂေဟစနစ်တွေ ပျက်ကုန်ပါတယ်၊ အဲဒီလို ဂေဟစနစ်မရှိလို့ ကြွက်တွေလည်း ပေါလာပါတယ်” ဟု ယဉ်ဆန်းကျေးရွာ မြေပဲစိုက်တောင်သူ ဦးဆန်းမြင့်က ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

## ပုဗ္ဗသီရိမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက် ဓမ္မာရုံ၌ အသိပညာပေးဟောပြောမှုကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့ရာ ထုံးဖိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်အောင်က လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ရဲအုပ်နေထက်လင်းက ရဲစခန်းပိုင်နယ်မြေအတွင်း မှုခင်းမဖြစ်ပွားစေရေးအတွက် ရဲတပ်ဖွဲ့လှည့်ကင်း၊ ရပ်ကင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း**

## နှစ် (၇၀) ပြည့် ချင်းအမျိုးသားနေ့၌ သတင်းမီဒီယာများ သတင်းရယူနိုင်ရန် ဖိတ်ခေါ်

**ဟားခါး ဖေဖော်ဝါရီ ၆**

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ကို ဟားခါးမြို့ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ရာ သတင်း၊ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရယူလိုသော သတင်းမီဒီယာဌာနများအနေဖြင့် ဖေဖော်ဝါရီ ၁၄ ရက် နောက်ဆုံးထား၍ ချင်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန-ဖုန်း- ၀၇၀-၂၁၀၃၆ သို့ အမည်စာရင်း လာရောက်ပေးသွင်းရန် နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ကျင်းပရေး၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ထောက်ကြန့်၌ ယာဉ်မောင်းအား အုပ်စုဖွဲ့၍ ထိုးကြိတ်သူများကို အချိန်ပိုင်းအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်မြို့မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံတွင် ဖေဖော်ဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီက ဈေးဝယ်ပြန်လာသော ယာဉ်မောင်းအားအုပ်စုဖွဲ့၍ ထိုးကြိတ်သူများအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အချိန်ပိုင်းအတွင်း ဖော်ထုတ်အရေးယူခဲ့ကြောင်း သိရသည်။

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြောက်ပိုင်းရပ်ကွက်တွင် နေထိုင်သော ယာဉ်မောင်းဖြစ်သူမှာ ဇနီးဖြစ်သူနှင့်အတူ သိမ်ကြီးဈေးမှ Suzuki Carry ယာဉ်ဖြင့်ဈေးဝယ်ပြန်လာစဉ် ထောက်ကြန့်စစ်သချိုင်းရှေ့အရောက်၌ ကားများပိတ်နေ၍စောင့်နေရာ ကားအနီးတွင် ဆိုင်ကယ်သုံးစီးမှာလည်း စောင့်ဆိုင်းလျက်ရှိပြီး ကားတစ်စီးက ကျော်တက်သွားသဖြင့် ၎င်းလည်း ကားကိုမောင်းနှင်ရန်ပြင်ပြီးမှ ဘရိတ်အုပ်လိုက်စဉ် အနီးရှိ ဆိုင်ကယ်သမားများက လန့်သွား၍ ဆဲဆိုကျန်ခဲ့ကြောင်း၊ ကားမှာ ထောက်ကြန့်လမ်းဆုံအနီးသို့ ရောက်ရှိစဉ် နောက်မှလိုက်လာသော ဆိုင်ကယ်သုံးစီးမှ တစ်စီးမှာ ကားရှေ့၌ ပိတ်ရပ်ပြီး အမျိုးသားငါးဦး ဆိုင်ကယ်ပေါ်မှဆင်း၍ ဝိုင်းဝန်းထိုးကြိတ်သည့်အပြင် ကားရှေ့လေကာမှန်နှင့် နောက်ကြည့်မှန်တို့ကိုရိုက်ခွဲခဲ့သဖြင့် ယာဉ်မောင်းမှာ ဖူးရောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါဖြစ်စဉ်ကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် သတင်းရရှိမှုအပေါ် ပူးပေါင်းအဖွဲ့ဖြင့် ပိတ်ဆို့ရှာဖွေစစ်ဆေးရာ ညနေ ၆ နာရီခွဲတွင် ပြစ်မှုကျူးလွန်သူများဖြစ်သော လှိုင်သာယာမြို့နယ် အမှတ်-၁၄ ရပ်ကွက်နေ အောင်မြင့်သူ(၃၀နှစ်)၊ ညီမောင်(၂၄နှစ်)၊ မှော်ဘီမြို့နယ်နေ နိုင်လင်း(၁၉နှစ်)၊သက်ပိုင်ဦး(၁၉နှစ်)၊ မင်းထက်အောင်( ၂၅နှစ်)တို့ကို ၎င်းတို့စီးနင်းသော လိုင်စင်မဲ့ဆိုင်ကယ်သုံးစီးနှင့် အတူဖမ်းဆီးရမိ၍ ထောက်ကြန့်ရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ပြီး လိုင်စင်မဲ့ ဆိုင်ကယ်သုံးစီး စီးနင်းမှုကို ပို့ကုန်၊ သွင်းကုန်ဥပဒေပုဒ်မ(၈)ဖြင့် ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - (၁၆၄)**

# ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ရုံးထုတ်၊ တရားလိုပြသက်သေတစ်ဦးကို စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် တရားစွဲဆိုခံရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်တရားရုံး၌ ရုံးထုတ်ပြီး အမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေတစ်ဦးကို စစ်ဆေးခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယနေ့ ရုံးထုတ်မှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ သတင်းပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ် ၄၊ သက်ဦးမောင်(ခေါ်)ဝလုံးနဲ့ ကျော်စိုးဦး(ခေါ်)မိုးအောင်တို့ နှစ်ဦးတို့အမှုနဲ့ ပတ်သက်ပြီး ထောက်ကြန့်နယ်မြေရဲစခန်းက နယ်ထိန်း အရာရှိဖြစ်တဲ့ ဒုရဲအုပ် တင်ထွေးဦးကို ဒီကနေ့ စစ်ဆေးခဲ့ပါတယ်၊ တရားရုံးသုံးချိန်းမှာ တရားလိုပြသက်သေ သုံးဦးကို စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်၊ လာမယ့် ရုံးချိန်းမှာလည်း တရားလိုပြသက်သေ တစ်ဦးကို စစ်ဆေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သက်ဦးမောင်(ခေါ်) ဝလုံးနှင့် ကျော်စိုးဦး (ခေါ်) မိုးအောင်တို့နှစ်ဦးအား မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းက (ပ) ၁၂၉၈/ ၂၀၁၇ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) တို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ယုနိုင်က တရားလိုအဖြစ် အမှုဖွင့်လှစ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၀ ရက်တွင် မြောက်ပိုင်းခရိုင်တရားရုံး၌ စတင်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အမှုကို မြောက်ပိုင်းခရိုင်တရားရုံးက ဖေဖော်ဝါရီ ၁၄ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် အမှုမှ တရားလိုပြသက်သေ ၂၅ ဦးရှိသည့်အနက် တရားလိုပြသက်သေတစ်ဦးကို ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ကြီး**

# အကောက်ခွန်မဲ့ သကြားအိတ်များ မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ဖမ်းဆီးရမိ






**နေပြည်တော် ဖေဖော်ဝါရီ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၃၈ စီး၊ သွင်းကုန် ၁၀၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၈၂၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၄၆၀ သန်းခန့် စုစုပေါင်းတားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၂၈၅ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၅ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တာကျိုးအဗျားကျေးရွာအနီးတွင် ISUZU LIGHT TRUCK မော်တော်ယာဉ်အား ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ သကြား ၅၀ ကီလိုဂရမ်၊ ၈၀ အိတ်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၅၆၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကသာမြို့ပေါ်ရှိ ရပ်ကွက်နှစ်ခုအတွင်းမှ မူးယစ်ဆေးဝါး ငွေကျပ်သိန်း ၁၅၀ ကျော်ဖိုး ဖမ်းမိ

**ကသာ ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ပေါ်ရှိ အမှတ်-၅ ရပ်ကွက်နှင့် အမှတ်-၉ ရပ်ကွက်အတွင်းမှ မူးယစ်ဆေးဝါးများ ဖမ်းမိခဲ့သည်။

ကသာမြို့မရဲစခန်းမှ နယ်ထိန်းဒုရဲအုပ် ချစ်ဝင်းလတ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၅ ရက် ည ၇ နာရီခွဲခန့်က ကသာမြို့အမှတ်-၅ ရပ်ကွက်နေ ဒေါ်မြင့်မြင့်စိန်၏ နေအိမ်ကို သတင်းအရဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ရှာဖွေစစ်ဆေးတွေ့ရှိခဲ့သည်။ အလားတူ ယင်းနေ့ ည ၈ နာရီခန့်တွင် ဒုရဲအုပ်ချစ်ဝင်းလတ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ကသာမြို့ အမှတ်-၉ ရပ်ကွက်ရှိ မညွန့်ညွန့်ကြည်(ခ)မစန်းညွန့်ကြည်၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ မညွန့်ညွန့်ကြည်နှင့်အတူ မဝွက်ထော်(ခ) မခင်မာကြည်တို့နှစ်ဦးအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား လေးပြား၊ ဘိန်းဖြူ ၁၀ ဂရမ်ပါ ဆပ်ပြာခွက် ၁၃ ခွက်၊ ငွေစက္ကူရောရာ ကျပ် ၁၀၂၀၀၀ နှင့် မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိ၍ ၎င်းတို့အား ကသာမြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အိမ်ရှင် အိပ်ပျော်စဉ် ရွှေ၊ ငွေ ခိုးယူခံရ

**ဝမ်းတွင်း ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့တွင် ရွှေငွေကျပ်သိန်း ၇၀ နီးပါး ပျောက်ဆုံးမှုအား တစ်ပတ်ခန့်အကြာ၌ အမှုဖွင့်တိုင်ကြားမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဝမ်းတွင်းမြို့ အမှတ်-၁ အောင်မင်္ဂလာရပ်ကွက်နေသူ ဦးအောင်ထွန်းသည် ဇန်နဝါရီ ၂၆ ရက်က ရက်ကန်းစင် ၁၀ ခု ရောင်းချရာမှ ရရှိသော ငွေကျပ် ၆၀၄၀၀၀၀ နှင့် တစ်ကျပ်သားခန့် MC ရွှေဆွဲကြိုးတစ်ကုံး (ကာလတန်ဖိုးငွေကျပ် ၈၅၀၀၀၀ ခန့်) တို့အား သေတ္တာအတွင်း အဝတ်အစားများနှင့်အတူထည့်၍ သော့ခတ်ပြီး နေအိမ်အောက်ထပ်ရှိ ခုတင်အနီးတွင် ထားခဲ့ကြောင်း၊ ၎င်းသည် ဇန်နဝါရီ ၃၀ ရက်တွင် အိပ်ရာဝင်စဉ် အိမ်တံခါးဂျက်ထိုးထားခြင်းမရှိဘဲ စေ့ထားကြောင်း၊ နံနက် ၄ နာရီခန့်တွင် အိပ်ရာထ၍ အခန်းအတွင်းကြည့်ရာ သံသေတ္တာပျောက်ဆုံးနေ၍ လိုက်လံရှာဖွေရာ နေအိမ်ခြံဝင်း အရှေ့ဘက်ထောင့်ရှိ အိမ်နံရံနှင့်ကပ်လျက်တွင် သံသေတ္တာမှာ သော့ပျက်လျက် တွေ့ရှိရပြီး ငွေစက္ကူများနှင့် ရွှေဆွဲကြိုးတို့မှာ ပျောက်ဆုံးနေသဖြင့် ရွှေနှင့် ငွေခိုးယူသူကို အရေးယူပေးရန် ဖေဖော်ဝါရီ ၆ ရက်တွင် ဝမ်းတွင်းမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ရာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# မတ္တရာမြို့နယ်၌ အမျိုးသမီးအလောင်းတွေ့ရှိ

**မတ္တရာ ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဘိုးတော်တောင်ခြေရှိ ဝါးရုံပင်အောက်တွင် အမျိုးသမီး အလောင်းတစ်လောင်းအား ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီခွဲခန့်က တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ ရေနံ့သာနယ်မြေစခန်းမှူး ရဲအုပ် လှနိုင်နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ မန္တလေး-မိုးကုတ်ကားလမ်းမှ ညောင်အုပ် ကျေးရွာသို့ သွားသည့် ကျေးလက်လမ်း၏ တောင်ဘက် ပေ ၁၀၀ အကွာခန့် ဘိုးတော်တောင်ခြေရှိ ဝါးရုံပင်များအောက် ကျောက်တုံးနှစ်တုံးကြား၌ အလောင်းကိုတွေ့ရပြီး ဦးခေါင်းဝဲဘက်ထိပ်ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ဝဲ ယာမျက်ကွင်းညိုမဲဒဏ်ရာ၊ လည်ပင်းယာဘက်ခြမ်း ထိုးသွင်းဒဏ်ရာ၊ နောက်ကျောအလယ် ထိုးသွင်းဒဏ်ရာနှင့် ယာလက်ဖျံထိုးသွင်းဒဏ်ရာတို့ စစ်ဆေးတွေ့ရှိရကြောင်း၊ အလောင်း၏ တောင်ဘက် ၁၅ ပေ ခန့်အကွာတွင် အပြာရောင် မိန်းမစီး ကတ္တီပါဖိနပ်တစ်ရံနှင့် အသွားငါးလက်မရှိ စတီးဓားဦးချွန်တစ်ချောင်းတို့ကို တွေ့ရှိရကြောင်း သိရသည်။

သေဆုံးသူ အမျိုးသမီးအလောင်းမှာ မည်သူ၊ မည်ဝါဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်အရေးယူရန် ရေနံ့သာနယ်မြေစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# ဆိုင်ကယ်ခိုးသူအား စစ်ဆေးရာမှ ဆိုင်ကယ် ၁၁ စီး သိမ်းဆည်းရမိ

**ဘားအံ ဖေဖော်ဝါရီ ၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စု အနောက်ဘုန်းကြီးကျောင်းရှေ့ ကားရေဆေးဆီလိုက်ဆိုင်၌ ဇန်နဝါရီ ၂၈ ရက် ညနေ ၅ နာရီခွဲခန့်က လူငယ်တစ်ဦးမှာ ဆိုင်ကယ်တစ်စီးကို လိုက်လံရောင်းချနေကြောင်း သတင်းအရ ထီလုံနယ်မြေရဲစခန်း ဒုရဲအုပ် နေလင်းဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။ ဆိုင်ကယ်ရောင်းချသူမှာ ကျူးနား(ခ)နေရဲလင်း (၂၀ နှစ်) ကော့တာဟိုကျေးရွာ လှိုင်းဘွဲ့မြို့နေသူဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားပြသနိုင်ခြင်းမရှိသဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းခဲ့ပြီး ၎င်းအား စစ်ဆေးပေါ်ပေါက်ချက်အရ ခိုးယူထားသော မော်တော်ဆိုင်ကယ်မျိုးစုံ ၁၀ စီးကို ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဆီဘောက်ဆာယာဉ် အရှိန်လွန်ကာ တံတားပေါ်မှ ပြုတ်ကျ

**ရေတာရှည် ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက်အထွက် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင် ၂၀၀/၁ နှင့် ၂ အကြားရှိ ပြုပြင်တည်ဆောက်ဆဲ တံတားပေါ်မှ ဖေဖော်ဝါရီ ၆ ရက် နံနက် ၅ နာရီခန့်က ၂၂ ဘီးဆီဘောက်ဆာယာဉ်တစ်စီး အရှိန်လွန်ကာပြုတ်ကျမှု ဖြစ်ပွားခဲ့သည်။ ဆွာနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် ထွန်းထွန်းလင်း ဦးစီးအဖွဲ့က အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိချိန်တွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ တိမ်းရှောင်ထွက်ပြေးသွားပြီဖြစ်ကြောင်း သိရသည်။

အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဆွာနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# အဲကွန်းမီးဖြတ်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် အကွက်အမှတ်-၇၂၂ ၇၄× ၇၅ လမ်းကြား၊ ၂၇ လမ်း၌ ဖေဖော်ဝါရီ ၆ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ဦးစိုးမင်း (၄၅ နှစ်) ပိုင်ဆိုင်သည့် တူးတူးမြန်မာထမင်းဆိုင် နှစ်ထပ်တိုက်နှင့်ကပ်လျက်ရှိသော နံကပ်နှစ်ထပ်တိုက် အပေါ်ထပ်တွင် တပ်ဆင်ထားသော အဲကွန်းမီးဖြတ်စက် အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းနိုင်နှင့် ယာဉ်ထိန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ သံဃာတော်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် အသက် ၂၀ ကျော် လူငယ်တစ်ဦး လက်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး ပိုင်ရှင်ဖြစ်သူအား အမှတ်-၈ မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လူငယ်များသို့ အသိပေးနှိုးဆော်ချက်

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် လူငယ်ရေးရာမူဝါဒ မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားကို နေပြည်တော် MICC-(2) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍ လူငယ်ရေးရာမူဝါဒ ထပ်ဆင့်ရှင်းလင်းပွဲများနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို အောက်ဖော်ပြပါနေ့ရက်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီး၌ ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ လူငယ်များအားလုံး ပါဝင်နိုင်စေရေးအတွက် အသိပေးနှိုးဆော်အပ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ကျင်းပပြုလုပ်မည့်နေ့ရက် | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | (၂၂-၂-၂၀၁၈)ရက်နေ့မှ (၂၄-၂-၂၀၁၈)ရက်နေ့ထိ | |
| ၂ | ကယား | (၂၃-၂-၂၀၁၈)ရက် | |
| ၃ | ကရင် | (၂၅-၂-၂၀၁၈)ရက် | |
| ၄ | ချင်း | (၂၇-၂-၂၀၁၈)ရက်နေ့မှ (၂၈-၂-၂၀၁၈)ရက်နေ့ထိ | |
| ၅ | စစ်ကိုင်း | (၂၃-၂-၂၀၁၈)ရက်နေ့မှ (၂၅-၂-၂၀၁၈)ရက်နေ့ထိ | |
| ၆ | တနင်္သာရီ | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ | |
| ၇ | မကွေး | (၂၁-၂-၂၀၁၈)ရက်နေ့မှ (၂၃-၂-၂၀၁၈)ရက်နေ့ထိ | |
| ၈ | ပဲခူး | (၂၅-၂-၂၀၁၈)ရက်နေ့မှ (၂၆-၂-၂၀၁၈)ရက်နေ့ထိ | |
| ၉ | မန္တလေး | ဖေဖော်ဝါရီလ (နောက်ဆုံးပတ်) | |
| ၁၀ | မွန် | (၁၉-၂-၂၀၁၈)ရက်နေ့မှ (၂၀-၂-၂၀၁၈)ရက်နေ့ထိ | |
| ၁၁ | ရန်ကုန် | ဖေဖော်ဝါရီလ (တတိယပတ်) | |
| ၁၂ | ရခိုင် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ | |
| ၁၃ | ရှမ်းတောင် | (၂၄-၂-၂၀၁၈)ရက်နေ့မှ (၂၅-၂-၂၀၁၈)ရက်နေ့ထိ | |
| ၁၄ | ရှမ်းမြောက် | (၂၁-၂-၂၀၁၈)ရက်နေ့မှ (၂၃-၂-၂၀၁၈)ရက်နေ့ထိ | |
| ၁၅ | ရှမ်းအရှေ့ | (၁၇-၂-၂၀၁၈)ရက် | |
| ၁၆ | ဧရာဝတီ | (၂၄-၂-၂၀၁၈)ရက်နေ့မှ (၂၅-၂-၂၀၁၈)ရက်နေ့ထိ | |

# ၂၀၁၈ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

၂၀၁၈ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲတွင် MNL ၁၂ သင်းနှင့် MNL-2 (ပထမတန်း) ကလပ်ခုနစ်သင်း၊ စုစုပေါင်း ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ပထမအဆင့်တွင် ၁၀ သင်း၊ ဒုတိယအဆင့်တွင် ၁၂ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၁၇ ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ဒုတိယဆုရခဲ့သည့် ရန်ကုန်အသင်းတို့မှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ MNL ကလပ်အသင်းကြီးများမှာ ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ပထမအဆင့်တွင် ပထမတန်းအသင်းအများစု ပါဝင်လာသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ပထမအဆင့်တွင် GFA အသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ Royal Thanlyin အသင်းနှင့် တက္ကသိုလ်အသင်း၊ ကချင်ယူနိုက်တက်အသင်းနှင့် ဒဂုံအသင်း၊ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ Mountain Lion အသင်းနှင့် မောရဝတီအသင်းတို့ တွေ့ဆုံနေကာ မေ ၁၂၊ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ပွဲစဉ်များကိုမူ မေ ၃၀ ရက်နှင့် ဇွန် ၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး Southern အသင်းနှင့် GFA သို့မဟုတ် ငွေကြယ်ပွင့်အသင်း၊ ဧရာဝတီအသင်းနှင့် Royal Thanlyin သို့မဟုတ် တက္ကသိုလ်အသင်း၊ မကွေးအသင်းနှင့် ကချင်ယူနိုက်တက် သို့မဟုတ် ဒဂုံအသင်း၊ ရတနာပုံအသင်းနှင့် စစ်ကိုင်းယူနိုက်တက် သို့မဟုတ် မြဝတီအသင်း၊ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ ရခိုင်အသင်းနှင့် Mountain Lion သို့မဟုတ် မောရဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်အဆင့်တွင် စတင်ကစားရမည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရခိုင်နှင့် Mountain Lion သို့မဟုတ် မောရဝတီအသင်းပွဲမှ အနိုင်ရသောအသင်း၊ ရန်ကုန်အသင်းမှာမူ Southern အသင်းနှင့် GFA သို့မဟုတ် ငွေကြယ်ပွင့်အသင်းပွဲမှ အနိုင်ရသောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁၃ ရက်နှင့် ၂၀ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၀၊ ၂၁ ရက်နှင့် စက်တင်ဘာ ၁၈၊ ၁၉ ရက်၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ကျန်အဆင့်များကိုမူ တစ်ကျော့တည်းကျင်းပမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သည်။ ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်မှလွဲ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် ခုနစ်ကြိမ်တွင် ဧရာဝတီအသင်းက သုံးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကာ ဟံသာဝတီ၊ ရန်ကုန်၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

**ညီမြတ်သော်တာ**

# မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း အုပ်စုနောက်ဆုံးပွဲ၌ ရှုံးနိမ့်

**တရုတ်(တိုင်ပေ) ဖေဖော်ဝါရီ ၆**

တရုတ်(တိုင်ပေ)၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်လက်ရွေးစင်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ နှစ်သင်းစလုံး အုပ်စုအဖွင့်ပွဲ နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ထားသောကြောင့် ယခုပွဲကို ဂုဏ်သိက္ခာအတွက်သာ ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းသည် အာရှအဆင့်ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ရသောကြောင့် အတွေ့အကြုံနည်းပါးကာ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ပွဲအစ ၁ မိနစ်တွင် ငြိမ်းမင်းစိုး သွင်းယူသည့်ဂိုးဖြင့် မြန်မာအသင်း ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ခဲ့ဘဲ ငါးဂိုးအထိ ပြန်ပေးခဲ့ရသည်။ မြန်မာအသင်းအတွက် ချေပဂိုးများကို ၃၅၊ ၃၈ မိနစ်တွင် ပြည့်ဖြိုးမောင် (၃)က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းသည် ပထမဆုံးယှဉ်ပြိုင်ခွင့်ရသည့် အာရှဖူဆယ်ပြိုင်ပွဲတွင် အုပ်စုသုံးပွဲစလုံး ရှုံးနိမ့်ခဲ့ပြီး ယင်းအုပ်စု(ဂ)တွင် အီရန်နှင့်အီရတ်အသင်းတို့ နောက်တစ်ဆင့် တက်ရောက်သွားသည်။

**ဖိုးသော်ဇင်**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဘောလုံးဗိုလ်လုပွဲသို့ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့ တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၆**

၂၀၁၈ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၂နှစ်)အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နံနက် ၇ နာရီခွဲပွဲစဉ်တွင် ကယားပြည်နယ်က မန္တလေးတိုင်းဒေသကြီးကို တစ်ဂိုးဂိုးမရှိဖြင့် လည်းကောင်း၊ မွန်းလွဲ ၃ နာရီ ပွဲစဉ်တွင် မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့ ပွဲချိန်မိနစ် ၉၀ နှင့် အချိန်ပိုအထိ တစ်ဖက်နှစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ မွန်ပြည်နယ်က ခြောက်ဂိုး-သုံးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဖေဖော်ဝါရီ ၈ ရက် နံနက် ၇ နာရီခွဲတွင် တတိယလုပွဲအဖြစ် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မွန်းလွဲ ၃နာရီတွင် ဗိုလ်လုပွဲအဖြစ် ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဘောလုံးအားကစားဝါသနာရှင်များ အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **ရန်နိုင်စိုး**




**(၁၉၇၈–၈၂) စက်မှုအင်ဂျင်နီယာ ကျောင်းသား/သူများ(ဒေသကောလိပ် 1 St Batch)၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း**

**သူငယ်ချင်းတို့ရေ**

မတွေ့တာကြာပြီဖြစ်သောတို့တစ်တွေ ကျေးဇူးရှင်ဆရာများကို ကန်တော့ကြရင်းနဲ့ဆုံကြရအောင်ကွာ။ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကြွရောက်ကြဖို့ လေးစားခင်မင်စွာ ဖိတ်ကြားအပ်ပါတယ်–

**ကျင်းပမည့်ရက်** - ၂၅-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - ညနေ ၅း၃၀ နာရီမှ ည ၈း၃၀ နာရီထိ

**ကျင်းပမည့်နေရာ** - Hotel Yangon (Royal Ballroom - 2 nd Floor) (၈ မိုင်လမ်းဆုံ၊ မီးပွိုင့်ထောင့်)

**ဆက်သွယ်လှူဒါန်းရန်။** ကိုငွေဝင်း (ဖုန်း-၀၉-၇၉၆၁၉၄၁၉၀)၊ ကိုသိန်းဇော် (ဖုန်း-၀၉-၂၅၀၇၅၄၉၄၂)၊ ကိုအောင်သူချမ်း (ဖုန်း-၀၉-၅၃၆၀၄၉၀)၊ ဝါချော (ဖုန်း-၀၉-၂၅၀၂၇၈၃၄၃)။

**OFFICE FOR RENT (ရုံးခန်းငှားမည်)**

**(99Condo) ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ ကမာရွတ်မြို့နယ်(CB Bank အနီး)**

(28'x48') ဒုတိယထပ် (ထောင့်ခန်း) = ၁၂ သိန်း

(24'x48') (ပထမထပ်) = ၁၂ သိန်း

(24'x48') မြေညီထပ် = ၁၆ သိန်း

**ပါကေးခင်း/ကားပါကင်/အဲယားကွန်း(၃)လုံး/လိုင်းဖုန်း/လုံခြုံရေး/Hall Type/ဓာတ်လှေကား ပါဝင်ပါသည်။**

**ဖုန်း- 09-794518184**

**ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း**

ဒေါ်ရွှေသန်း ၃/ကကရ(နိုင်)၀၂၄၈၀၇ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း(၄)လမ်း၊ အမှတ် ၁၉၀မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၏ ခြောက်လွှာ(ခေါင်းရင်းခန်း)ကို အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးခိုင်ဇော်လှိုင် ၉/မလန(နိုင်)၁၃၃၆၈၉**
**အမှတ်(G-1)၊ လမ်း ၄၀×၇၂လမ်းထောင့်**
**မဟာအောင်မြေသာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၈၀၀၈၈**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ အဆောက်အအုံ(၁)ခု၊ အခန်း(၁)ခန်း၊ သိုလှောင်ရုံ(၁)လုံးနှင့် မြေကွက် (၁)ကွက်တို့အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (၃)နှစ်သက်တမ်း၊ (၁)နှစ်တစ်ကြိမ် စာချုပ်စနစ်၊ ငှားရမ်းမှုတန်ဖိုး၏ (၁)လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့်ကုန်သွယ်လုပ်ငန်းခွန် ၅%တို့အား ၁၂လစာ ကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် နှစ်စဉ်ငှားရမ်းခကို ၅%တိုးမြှင့်၍ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်–

(က) Lot(1) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ လမ်း၄၀၊ အမှတ် ၉၀ရှိ (၃)ထပ်အဆောက်အအုံ ပေ(၅၀×၃၀×၃၈)အား ငှားရမ်းခြင်း

Lot(2) ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၆၁၉ရှိ မြေညီထပ်အခန်း ပေ(၁၆×၁၀၀×၁၆)အား ငှားရမ်းခြင်း

Lot(3) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် ၂၄၀၊ သိုလှောင်ရုံ(A+B)(၂)ခန်းတွဲ သိုလှောင်ရုံ ပေ(၁၂၀×၈၀×၁၄) အား ငှားရမ်းခြင်း

Lot(4) ရန်ကုန်တိုင်းဒေသကြီး၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၄၀ရှိ မြေကွက် ပေ(၁၀၀×၈၀)အား ငှားရမ်းခြင်း

(ခ) **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** -၅-၂-၂၀၁၈ရက်မှ၂၁-၂-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** -၂၁-၂-၂၀၁၈ရက် ညနေ၃နာရီ

(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ**-စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်

(င) **တင်ဒါစည်းကမ်းချက်ရှင်းလင်းမည့်ရက်/အချိန်** -၂၂-၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီ

(စ) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်/အချိန်/နေရာ** -၂၂-၂-၂၀၁၈ ရက် (၁၃း၀၀)နာရီ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့် အဆောက်အအုံ/အခန်း/သိုလှောင်ရုံ/မြေကွက်များ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း၀၆၇-၄၀၈၄၁၀သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

**၂၀၁၈ခုနှစ်၊ (၇၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လိုသော လွတ်လပ်ရေးမော်ကွန်းဝင်များ လျှောက်လွှာပေးပို့နိုင်ရေးကြော်ငြာခြင်း**

နေပြည်တော်တွင် ၂၇-၃-၂၀၁၈ရက်တွင် ကျင်းပပြုလုပ်မည့် (၇၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လိုသော လွတ်လပ်ရေးမော်ကွန်းဝင်များသည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မော်ကွန်းဝင်အမှတ်၊ မော်ကွန်းဝင်အဆင့်၊ မော်ကွန်းဝင်ရရှိစဉ်က နေရပ်လိပ်စာ၊ လက်ရှိနေရပ်လိပ်စာ အပြည့်အစုံ(ဆက်သွယ်နိုင်မည့်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်ပူးတွဲဖော်ပြရန်)နှင့်အတူ နီးစပ်ရာတိုင်းစစ်ဌာနချုပ် (စစ်ရေးဌာန)များသို့ ဆက်သွယ်၍ ၂၈-၂-၂၀၁၈ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ လျှောက်လွှာများပေးပို့ရန် အကြောင်းကြားပါသည်။

**(၇၃)နှစ်မြောက်တပ်မတော်နေ့**
**ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့်တည်းခိုနေထိုင်ရေးကော်မတီ**
**စစ်ရေးချုပ်ရုံး၊ နေပြည်တော်၊ ဖုန်းနံပါတ်-၀၃၆-၃၀၈၉၂၊ ၀၃၆-၃၀၈၉၃**

**(၁၉)ကြိမ်မြောက်၊ အ.ထ.က(၂) မရမ်းကုန်း (ယခင် စိန့်ဂျူး(စ်) အကယ်ဒမီ) ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ**

နှစ်ပေါင်းများစွာ ဝေးကွာခဲ့ကြသော ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့နိုင်ရန် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

- နေ့ရက် - ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက် (ပြည်ထောင်စုနေ့)
- အချိန် - နံနက် (၉း၀၀) နာရီမှ (၁၂း၀၀) နာရီထိ
- နေရာ - အ·ထ·က (၂) မရမ်းကုန်း

**အလှူငွေထည့်ဝင်ရန်နှင့် အသေးစိတ်စုံစမ်းရန်**

၁။ ဒေါ်နီနီ ၀၉ ၂၅၀၂ ၈၅၂ ၉၆ ၂။ ဦးစိုးညွန့် ၀၉ ၄၅၀၀ ၁၃၄၃၃

၃။ ဦးထက်အောင်ကျော် ၀၉ ၅၁၂၇ ၄၃၃ ၄။ ဦးကျော်လေး ၀၉ ၅၀၄၇ ၇၀၇

၆။ ဦးစိုးလွင် ၀၉ ၂၅၃၄ ၄၁၁၁၆ ၇။ စိုင်းဝဏ္ဏထွန်း ၀၉ ၇၇၂၇ ၉၅၁၅၇

**KBZ Bank Account No. 219-302-00701015701 [KANBAWZALtd(KNR)]** သို့လည်း အလှူငွေများ ပေးပို့ လှူဒါန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

# အတိုက်အခံခေါင်းဆောင်က တိုက်ရိုက်ထုတ်လွှင့်ရန် ကြိုးစားမှုဖြင့် ပိတ်သိမ်းခံရသောရုပ်သံလိုင်းများ ပြန်လည်ထုတ်လွှင့်ခွင့်ရ

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၆**

နိုင်ငံရေးအတိုက်အခံသတင်းရယူသည့် ကိစ္စနှင့်ပတ်သက်ပြီး အစိုးရက ပိတ်ခဲ့သော ကင်ညာရုပ်မြင်သံကြား သတင်းလိုင်းနှစ်ခုကို တစ်စိတ်တစ်ပိုင်းအားဖြင့် ပြန်လည်ဖွင့်ပေးခဲ့သော်လည်း တတိယ ရုပ်မြင်သံကြားလိုင်းတစ်ခုကို ဆက်လက်ပိတ်ထားဆဲဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အင်န်တီဗွီ အခပေးရုပ်မြင်သံကြားလိုင်းကို ပြန်လည်ထုတ်လွှင့်ပေးလိုက်သော်လည်း အခမဲ့လိုင်းတစ်လိုင်းအား ယခုချိန်ထိ ပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။ အလားတူ ကေတီအင်န်အခမဲ့ သတင်းလိုင်းတစ်ခုကို ပြန်လည်ထုတ်လွှင့်ပေးလိုက်သော်လည်း စီတီဇင်တီဗွီလိုင်းကို ဆက်လက်ပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။

အတိုက်အခံခေါင်းဆောင် ရီလာအော်ဒင်ဂါကိုယ်တိုင်ကျင်းပသည့် ပွဲတစ်ပွဲနှင့်ပတ်သက်ပြီး တိုက်ရိုက်ထုတ်လွှင့်ရန် ကြိုးစားမှုဖြင့် ဖော်ပြပါ ရုပ်သံလိုင်းသုံးခုလုံး ခေတ္တခဏပိတ်သိမ်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတွင် အတိုက်အခံခေါင်းဆောင်က ၎င်းကိုယ်တိုင် သမ္မတအဖြစ် ကြေညာကာ လက်ရှိသမ္မတ အူဟူရူကန်ယက်တာကို စိန်ခေါ်ခဲ့ကြောင်း သိရသည်။ လွန်ခဲ့သော ဩဂုတ်လက ကျင်းပသော အငြင်းပွားသမ္မတရွေးကောက်တင်မြှောက်ပွဲတွင် ၎င်းသာ သမ္မတစစ်စစ်ဖြစ်ကြောင်း၊ ကန်ယက်တာမဟုတ်ကြောင်း အတိုက်အခံခေါင်းဆောင်က ပြောကြားခဲ့သည်။

အဆိုပါ ရုပ်သံတိုက်ရိုက်ထုတ်လွှင့်နေစဉ် မမျှော်လင့်သော ဆင်ဆာဖြတ်တောက်မှုများကြောင့် အမေရိကန်ပြည်ထောင်စု၊ ကုလသမဂ္ဂနှင့် ဗြိတိန်နိုင်ငံတို့၏ မကျေမနပ်အသံများ ထွက်ပေါ်လာခဲ့သည်။

နိုင်ရိုဘီတွင်လည်း ဖေဖော်ဝါရီ ၅ ရက်က အဆိုပါရုပ်သံလိုင်းများကို ပြန်ထုတ်လွှင့်ပေးရန် လူဦးရေရာကျော် ဆန္ဒပြခဲ့ရာ ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများသုံးကာ လူစုခွဲခဲ့ရကြောင်း သိရသည်။




အော်ဒင်ဂါက ရွေးကောက်ပွဲအပေါ် သပိတ်မှောက်ပြီးနောက် ကန်ယက်တာ အနိုင်ရခဲ့ခြင်းအပေါ် ရွေးကောက်ပွဲမှာ တရားမျှတမှုမရှိကြောင်း အော်ဒင်ဂါက ပြောခဲ့သည်။ ဗဟိုတရားရုံးက နောက်ပိုင်းတွင် လုပ်ထုံးလုပ်နည်းသဘောတရားအရ ရွေးကောက်ပွဲ ပျက်ပြယ်ကြောင်း ကြေညာခဲ့သည်။

**ရိုက်တာ**

# မြောက်ကိုရီးယားသို့ တင်ပို့မည့်တားမြစ်ပို့ကုန်စာရင်း တရုတ်ထုတ်ပြန်




**ပေကျင်း ဖေဖော်ဝါရီ ၆**

မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့ စစ်လက်နက်အစီအစဉ်များနှင့် ပတ်သက်ပြီး တင်းမာနေချိန်တွင် တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားသို့ တင်ပို့မည့်နောက်ထပ် တားမြစ်ပို့ကုန်စာရင်းကို ထုတ်ပြန်လိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ယမန်နေ့က ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အဖျက်စွမ်းအားကြီးမားသည့် လက်နက်များကို တည်ဆောက်ရာတွင် တရုတ်တို့၏ ပို့ကုန်များကို တစ်နည်းနည်းဖြင့် အသုံးပြုမည်စိုးရိမ်သောကြောင့် တရုတ်နိုင်ငံအနေဖြင့် ထိုသို့တားမြစ်ပို့ကုန်စာရင်းကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်းတို့၏ နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုများကို အဆင့်တိုးမြှင့်လုပ်ဆောင်လာသောကြောင့် တရုတ်နိုင်ငံအနေဖြင့် မကြာသေးမီနှစ်များအတွင်းက ထိုကဲ့သို့ တားမြစ်ကုန်ပစ္စည်းအမြောက်အမြားပါစာရင်းများကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂ၏ တင်းကျပ်သည့် ပိတ်ဆို့မှုများချမှတ်ရာတွင်ကူညီသည့် အနေဖြင့် ၎င်းတို့၏ တာဝန်ကို ၎င်းတို့ကိုယ်တိုင် ထမ်းဆောင်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောခဲ့သည်။

လွတ်လပ်သော ကုလသမဂ္ဂစောင့်ကြည့်အဖွဲ့၏ လျှို့ဝှက်အစီရင်ခံချက် ထွက်ပေါ်လာပြီးနောက် ယခုကဲ့သို့ အဆင့်မီနည်းပညာအသုံးပြု အရပ်ဘက်နှင့်စစ်ဘက် နှစ်ဖက်သုံး နောက်ဆုံး (တားမြစ်) ပစ္စည်းများသို့မဟုတ် ထုတ်ကုန်များစာရင်းထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားသည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က တားမြစ်ပို့ကုန်စာရင်းမှ အမေရိကန်ဒေါ်လာသန်း ၂၀၀ နီးပါးကိုအမြတ်ထုတ်ရန် ကုလသမဂ္ဂပိတ်ဆို့မှုများကို ချိုးဖောက်ခဲ့ကြောင်း လွတ်လပ်သော ကုလသမဂ္ဂစောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။

ယခုထုတ်ပြန်ခဲ့သော တားမြစ်ပို့ကုန်စာရင်းသည် လွန်ခဲ့သောနှစ်က ပြဋ္ဌာန်းခဲ့သော ကုလသမဂ္ဂပိတ်ဆို့မှု ပြစ်ဒဏ်အသစ်များ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် စာရင်းဖြစ်ကြောင်း တရုတ်ကုန်သွယ်မှုဝန်ကြီးဌာနအစိုးရဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြခဲ့သည်။

တားမြစ်သည့် ပစ္စည်းများစာရင်းတွင် ရေအောက်အသုံးပြုဓာတ်ငွေ့သန့်စင်ပစ္စည်း၊ လေ့ကျင့်ရေးသုံးလေယာဉ်များတွင်အသုံးပြုသည့် ပစ္စည်းများ၊ မီးသတ်သမားများအတွက် မဟုတ်သည့် ဓာတ်ငွေ့ကာ မျက်နှာဖုံးများ စသည်တို့ ပါဝင်ကြောင်း သိရသည်။ **ရိုက်တာ**

# ဂျပန်နိုင်ငံအနောက်ပိုင်း၌ တိုက်ခိုက်ရေး ရဟတ်ယာဉ်တစ်စင်းပျက်ကျ

**တိုကျို ဖေဖော်ဝါရီ ၆**

ဂျပန်နိုင်ငံအနောက်ပိုင်း၌ မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ရဟတ်ယာဉ်အမှုထမ်းနှစ်ဦးအနက် တစ်ဦး သေဆုံးသွားခဲ့ပြီး ကျန်တစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရ သည်။

AH-64 တိုက်ခိုက်ရေးရဟတ်ယာဉ်သည် တနင်္လာနေ့ညနေခင်းတွင် ဆာဂါစီရင်စု ကန်ဇာကီမြို့တွင်းရှိ နေအိမ်တစ်လုံးပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုကြောင့် မီးတောက်လောင်ခဲ့မှုက နေအိမ်ကို ပျက်စီးသွားစေခဲ့ပြီး အနီးအနားရှိအခြားနေအိမ် တစ်လုံးကိုပါ ထိခိုက်ပျက်စီးသွားစေခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနက အသက် ၂၆ နှစ်ရှိ တွဲဖက်လေယာဉ်မှူး ဆာဂျင်ဟီရိုကီ တာကာယာမာမှာသေဆုံးသွား ပြီဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ထိခိုက်ပျက်စီးသွားသောနေအိမ်တွင်နေထိုင်သူ အသက် ၁၁ နှစ်ရှိမိန်းကလေးတစ်ဦးမှာ ဒူးခေါင်းတွင်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းသည် ရဟတ်ယာဉ်ပျက်ကျချိန်တွင် နေအိမ်မှထွက်ပြေးကာ မိမိကိုယ်ကိုယ် ကာကွယ်ခဲ့သည်။ ရဲတပ်ဖွဲ့နှင့်မြေပြင် ကာကွယ်ရေးတပ်ဖွဲ့ တာဝန်ရှိသူများသည် အင်္ဂါနေ့နံနက်ခင်းတွင် အသက် ၄၃ နှစ်ရှိ လေယာဉ်မှူးကို ရှာဖွေရေး ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ ရဟတ်ယာဉ်သည် အစမ်းလေ့ကျင့် ပျံသန်းရန် အနီးရှိ GSD လေတပ်စခန်းမှ ပျံသန်းထွက်ခွာပြီး ခုနစ်မိနစ်အကြာတွင် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



# မြောက်ကိုရီးယားကို အတိုက်အခံပြုသည့်အနေဖြင့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို အမေရိကန်အဆင့်မြှင့်တင်မည်ဟု မိုက်ပန့်စ်ပြော

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

အမေရိကန် ဒုတိယသမ္မတမိုက်ပန့်စ်သည် မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုကို ရင်ဆိုင်ရန်အတွက် နိုင်ငံ၏ဒုံးကျည်ကာကွယ်ရေးစနစ်ကို စွမ်းရည်အဆင့်မြှင့်တင်မည့် အစီအစဉ်တစ်ခု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

မိုက်ပန့်စ်သည် တနင်္လာနေ့က အာရှသို့ခရီးစဉ်သွားရောက်ရာတွင် အလာစကာရှိ အမေရိကန်စစ်အခြေစိုက်စခန်း၌ ခေတ္တရပ်နားခဲ့သည်။ ပန့်စ်သည် နိုင်ငံအတွင်း ဖြန့်ကြက်မည့် မြေပြင်အခြေစိုက်ဒုံးခွင်းစနစ်အကြောင်းကို အကြမ်းဖျင်းပြောကြားခဲ့သည်။ သတင်းထောက်များနှင့်ပြောဆိုခဲ့ရာတွင် ပန့်စ်က မြောက်ကိုရီးယားနိုင်ငံမှ တိုက်ချင်းပစ်ဒုံးကျည်များ၏ခြိမ်းခြောက်မှုနှင့် ကျူးကျော်ရန်စမှုများ တိုးပွားလာနေသည့်အချိန်တွင် ဒုံးကျည်ကာကွယ်ရေးနှင့်ပတ်သက်၍ အလာစကာတွင် ဆောင်ရွက်ပြီးစီးမှုက အခြားအရာများထက် ပိုမိုအရေးကြီးနေကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သည် မြေပြင်အခြေစိုက်ဒုံးခွင်းစနစ်များကို အလာစကာ၌ ပိုမိုဖြန့်ကြက်သွားမည်ဖြစ်ပြီး ယင်းဒုံးခွင်းစနစ်ဒုံးကျည် ၄၀ခန့်ကို အဆိုပါနေရာတွင်အခြေစိုက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ပန့်စ်သည် ဗုဒ္ဓဟူးနေ့တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် မြောက်ကိုရီးယားအရေးဆွေးနွေးသွားရန်အတွက် တိုကျို၌ ခရီးစဉ်ရပ်နားရန် စီစဉ်ထားကြောင်း သိရသည်။

သောကြာနေ့တွင် တောင်ကိုရီးယားနိုင်ငံ ပြုံချမ်း၌ ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲအခမ်းအနားကို တက်ရောက်ရန်လည်း စီစဉ်ထားသည်။ **အင်န်အိတ်ချ်ကေ**



# တရုတ်တို့ ဒုံးခွင်း ဒုံးစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

**ပေကျင်း ဖေဖော်ဝါရီ ၆**

တာလတ်ပစ်မြေပြင်အခြေစိုက်ဒုံးခွင်း ဒုံးတစ်ခုကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံက ဖေဖော်ဝါရီ ၆ ရက်တွင် ကြေညာခဲ့သည်။

ဒုံးခွင်း ဒုံးနည်းပညာစမ်းသပ်မှုကို တရုတ်နိုင်ငံပိုင်နက်အတွင်း ယမန်နေ့က အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း၊ ပစ်မှတ်ကို မလွဲချော်ဘဲပစ်ခတ်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ နိုင်ငံတော်ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။

ဒုံးခွင်း ဒုံးစနစ်ကိုစမ်းသပ်ခြင်းမှာ ခုခံကာကွယ်ရေးအတွက်သာ ဖြစ်ကြောင်းနှင့် မည်သည့်နိုင်ငံကိုမျှ ပစ်မှတ်ထားတိုက်ခိုက်သွားမည်မဟုတ်ကြောင်း နိုင်ငံတော်ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယား၏ ပါဝင်ဆင်နွှဲလာမှုကို နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ ချီးမွမ်း

**ပြုံယမ်း ဖေဖော်ဝါရီ ၆**

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံအကြား နိုင်ငံရေးဆိုင်ရာတင်းမာမှုများ ရှိနေသော်လည်း ပြိုင်ချမ်းအိုလံပစ်အားကစားပွဲအတွင်း မြောက်ကိုရီးယားနိုင်ငံမှ ပြိုင်ပွဲဝင်ကစားသမားများ ပါဝင်လာမှုကို တန်ဖိုးထားကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်း သိရသည်။

အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချ်က အိုလံပစ်အားကစားပြိုင်ပွဲဖြစ်မြောက်ရန် စီစဉ်ရခြင်း၏ အခက်အခဲများနှင့်ပတ်သက်၍ တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ သို့သော် ကိုရီးယားနှစ်နိုင်ငံတို့က ပူးတွဲအမျိုးသမီး အိုက်စ်ဟော်ကီအသင်းတစ်သင်း ဖန်တီးရန် ဆုံးဖြတ်ချက်ချခဲ့မှုကို ၎င်းအနေဖြင့် ကြိုဆိုကြောင်း၊ အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားနေ့တွင် အတူတကွ စုဝေးတွေ့ဆုံကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

ဆောင်းရာသီအိုလံပစ်အားကစားပွဲသည် အကြီးဆုံးအားကစားပွဲတော်တစ်ခု ဖြစ်လာမည်ဖြစ်ပြီး နိုင်ငံပေါင်း ၉၂ နိုင်ငံတို့ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကာ အားကစားပြိုင်ပွဲဝင်ပေါင်း ၃၀၀၀ ခန့်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### သမ္မတရုံးကို ချိုးဖျက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် အမျိုးသားကို အသေပစ်ခတ်ဖမ်းဆီး

**လန်ဒန် ဖေဖော်ဝါရီ ၆**

အီရန်၌ အမျိုးသားတစ်ဦးသည် သမ္မတရုံးအတွင်းသို့ ချိုးဖျက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့ပြီးနောက် ၎င်းကို အသေပစ်ခတ်ဖမ်းဆီးလိုက်ကြောင်း တီဟီရန် ဒုတိယ အုပ်ချုပ်ရေးအကြီးအကဲက ပြောကြားခဲ့မှုကို Fars သတင်းအေဂျင်စီက တနင်္လာနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ အမျိုးသားမှာ မည်သူဖြစ်ကြောင်းနှင့် ၎င်း၏ လှုပ်ရှားမှုကို သိရှိနိုင်ရန် ကြိုးပမ်းနေကြောင်း ဒုတိယ အုပ်ချုပ်ရေးအကြီးအကဲ မိုဆန်ဟာမီဒနီက ဖြည့်စွက်ပြောကြားသည်။ အဆိုပါ အမျိုးသားသည် ကြီးမားသည့်ဓားတစ်ချောင်းကို ကိုင်ဆောင်ထွေ့ယမ်းခဲ့ကြောင်း တပ်စနင်သတင်းအေဂျင်စီက ဖော်ပြထားသည်။ ၎င်းသည် အဖြူရောင်အဝတ်ကို ပတ်ထားကြောင်း သိရသည်။

သမ္မတရုံးထဲသို့ ဝင်ရောက်ရန် ကြိုးပမ်းသူသည် တီဟီရန် မြို့လယ်ကောင်ရှိ Pasteur လမ်းရှိ လုံခြုံရေးဂိတ်ကို ကျော်ဖြတ်ရန်ကြိုးပမ်းစဉ် ၎င်းအား ခြေထောက်ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

**ရိုက်တာ**

# အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် အခရာကျတဲ့ ရေအရင်းအမြစ် လုံခြုံရေး

**ကလျာမိုးမြင့်**



ပြီးခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်အထိ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ဟာ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးတာနဲ့ ပတ်သက်ပြီး သဘောတူညီမှုအဆင့်ကို ရောက်ဖို့ဆိုရင် အဓိကကျတဲ့ အကြောင်းအရာတွေ အားလုံးကို တစ်ချိန်တည်းမှာ ဖြေရှင်းရလိမ့်မယ်လို့ ထပ်တူယူဆခဲ့ကြပါတယ်။ နှစ်ဖက်စလုံးမှာ သေကျေပျက်စီးရမှုတွေ ရှိလာတဲ့အထိ ပဋိပက္ခဆက်လက်ဖြစ်ပွားလာတဲ့အခါ အရေးကြီးတဲ့ ထောက်ပြစရာအချက်ကို တွေ့လာရပါတယ်။ သမ္မတထရမ့်ရဲ့ အရှေ့အလယ်ပိုင်းသံတမန် ဂျက်ဆန် ဂရင်းဘလက်ဟာ အစိုးရသစ်ရဲ့ ငြိမ်းချမ်းရေး ကြိုးပမ်းမှုအတွင်းမှာ စောစီးစွာ အောင်မြင်မှုရရှိနိုင်ဖို့ အဖြေရှာဖွေလိုက်တဲ့အခါ အဲဒီအဖြေဟာ ရေအရင်းအမြစ်ပြဿနာထဲမှာ ရှိနေတယ်ဆိုတာကို တွေ့ခဲ့ပါတယ်။

ရေရှားပါးမှုကို ရင်ဆိုင်နေရပြီး သဘာဝရေအရင်းအမြစ် မျှဝေမှုကို ပိုမိုစုပ်ယူရရှိဖို့ အစ္စရေးရဲ့အတည်ပြုထောက်ခံမှု လိုအပ်နေတဲ့ ပါလက်စတိုင်းအဖွဲ့အစည်းတွေအတွက်ကတော့ အစ္စရေးကနေ ပါလက်စတိုင်းအာဏာပိုင်တွေဆီ ရေရောင်းချမှုကို နှစ်စဉ်နှစ်တိုင်း ၅၀ ရာခိုင်နှုန်းလောက် ပိုမိုတိုးမြှင့်ရောင်းချပေးဖို့ သဘောတူညီချက်ဟာ အစ္စရေးဘက်အခြမ်းမှာ ရေရှားပါးပြတ်လပ်မှုကို မဖြစ်စေဘဲ လူမှုဘဝတွေနဲ့ အသက်မွေးလုပ်ငန်းဆောင်ရွက်မှုတွေကို တိုးတက်လာစေမှာ ဖြစ်ပါတယ်။

**အမေရိကန်ရဲ့အရှေ့အလယ်ပိုင်းမူဝါဒကို ပြန်သုံးသပ်သင့်**

အစ္စရေးနဲ့ ပါလက်စတိုင်းတို့ ရေမျှဝေမှုကနေတစ်ဆင့် ငြိမ်းချမ်းရေး ရရှိဖို့ ကြားဝင်စေ့စပ်ညှိနှိုင်းပေးတဲ့ လုပ်ဆောင်ချက်ဟာ အသိအမှတ်ပြုချီးကျူးထိုက်သလို ဆက်လက်ဆောင်ရွက်သွားသင့်တဲ့ အလုပ်တစ်ခုလည်း ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ၎င်းရဲ့ အင်အားစိုက်ထုတ်မှုကို အားလျော့နောက်ဆုတ်သွားမှာမဟုတ်ဘူးဆိုတာကို သေချာစေဖို့ဆိုရင် ရေအရင်းအမြစ်လုံခြုံမှု ရှုထောင့်ကနေစပြီး သူ့ရဲ့ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ မူဝါဒအချို့ကို ပြန်ပြီး မဖြစ်မနေ အကဲဖြတ် သုံးသပ်ရပါလိမ့်မယ်။ ဥပမာအားဖြင့် အနောက်ဘက်ကမ်းနဲ့ ဂါဇာဒေသတွေကို အမေရိကန်က အကူအညီမပေးဖို့ တားဆီးထားတဲ့ Taylor Force Act ဥပဒေကြမ်းဟာဆိုရင် ရေပြဿနာတွေကို လွတ်ငြိမ်းစေခြင်း မရှိပါဘူး။

ကုလသမဂ္ဂသက်သာချောင်ချိရေးနဲ့ အလုပ်အကိုင်အေဂျင်စီ ( UNRWA) ရန်ပုံငွေထည့်ဝင်မှုကို ဘယ်လောက်လျှော့ချမယ်ဆိုတဲ့ အချက်ဟာ ရေအရင်းအမြစ်အကျပ်အတည်းဖြစ်ပွားမှု ပြင်းထန်နေတဲ့ ဂါဇာဒေသကို အကျိုးသက်ရောက်စေပါတယ်။ ပါလက်စတိုင်းရဲ့ ရေလက်ခံရရှိမှုကို နောက်ထပ်လျှော့ချမှု တစ်ခုခု လုပ်လိုက်တာနဲ့ တစ်ပြိုင်နက် ဒေသတွင်း မတည်မငြိမ်ဖြစ်လာတော့မှာပါ။

**အရေးကြီးသည့် ရေအရင်းအမြစ်လုံခြုံရေး**

အမေရိကန်ပြည်ထောင်စုဟာ နိုင်ငံတကာရေအရင်းအမြစ်လုံခြုံမှု ဘယ်လောက်အရေးကြီးတယ်ဆိုတာကို အတိအလင်း အသိအမှတ်ပြုထားပါတယ်။ အမေရိကန်အစိုးရအေဂျင်စီ ၁၆ ခုနဲ့ ပုဂ္ဂလိကမိတ်ဖက်တွေရဲ့ လုပ်ငန်းဆောင်ရွက်မှုနဲ့ ကိုက်ညီတဲ့ ကမ္ဘာလုံးဆိုင်ရာ ရေအရင်းအမြစ်နည်းဗျူဟာကိုလည်း မကြာသေးခင်ကပဲ ထုတ်ပြန်ကြေညာထားပါတယ်။

ဒီလိုပဲ အစ္စရေးအစိုးရအနေနဲ့ကလည်း ရေကိစ္စကို လုံခြုံရေးကိစ္စရပ်တစ်ခုလိုပဲ မှတ်ယူထားတဲ့အပြင် ဒီကိစ္စဟာ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခထဲမှာ ကစားပွဲအပြောင်းအလဲတစ်ခု ဖြစ်လာနိုင်တဲ့ အလားအလာတစ်ခုလို့လည်း ယူဆတယ်။ ပါလက်စတိုင်းအစိုးရအတွက်ကတော့ အခြေခံလိုအပ်ချက်တွေနဲ့ ကိုက်ညီဖို့ ရေထောက်ပံ့ဖြည့်တင်းမှုတိုးမြှင့်ရေးဟာ ဦးစားပေးကိစ္စရပ်ဖြစ်ပြီး အစိုးရရဲ့ ပြင်းပြတဲ့ဆန္ဒဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုရော နိုင်ငံတစ်နိုင်ငံအတွက် ရပိုင်ခွင့်နဲ့ အဲဒီနိုင်ငံရဲ့ ကိုယ်ပိုင်အရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်အောင် ကူညီထောက်ပံ့ပေးဖို့ ဖြစ်တယ်လို့ ခံယူထားပါတယ်။

**နည်းပညာဆိုင်ရာ ဦးဆောင်မှုကို အစ္စရေး ဂုဏ်ယူ**

အစ္စရေးဟာ မြေထဲပင်လယ်က ဆားငန်ရေတွေကို များစွာသော သောက်သုံးရေတွေအဖြစ် စီးပွားဖြစ်ထုတ်လုပ်နိုင်မယ့် နည်းပညာတွေကို အဆင့်မြှင့်တင်ရာမှာ ရှေ့ဆုံးကနေ ဦးဆောင်ပါဝင်နေမှုအပေါ် ဂုဏ်ယူဝံ့ကြွားလျက်ရှိနေပါတယ်။ ယနေ့အခါမှာ အစ္စရေးနိုင်ငံရဲ့ သောက်သုံးရေ ၇၀ ရာခိုင်နှုန်းဟာ ပင်လယ်ရေငန်ကို ရေချိုဖြစ်အောင်လုပ်တဲ့နည်းနဲ့ ထုတ်လုပ်ထားပြီး စွန့်ပစ်ရေဆိုး ၈၅ ရာခိုင်နှုန်းလောက်ဟာဆိုရင် ပြန်လည်ပြုပြင်ပြီး စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်တွေအတွက် ပြန်သုံးနေတာဖြစ်ပါတယ်။ တစ်ချိန်က မိုးခေါင်ရေရှားမှုကို ရင်ဆိုင်ခဲ့ရတဲ့ အစ္စရေးဟာ ရေရှားပါးပြတ်လပ်မှုကို နောက်ထပ်ရင်ဆိုင်ခံစားစရာ မလိုတော့ပါဘူး။ ရေရောင်းချမှုအပြင် နောက်ထပ်ခြေလှမ်း အဆင့်ကတော့ အစ္စရေးနဲ့ ပါလက်စတိုင်းတို့က မျှဝေရရှိထားတဲ့ သဘာဝရေအရင်းအမြစ်ဆိုင်ရာ ညီညွတ်မျှတမှုတစ်ခုကို ညှိနှိုင်းဆွေးနွေးသွားကြဖို့ဖြစ်ပါတယ်။ ဒါမှသာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို နှားပူနှားဆာတိုက်နေတဲ့ အဓိကအကြောင်းအရာတစ်ခုကို ဖြေရှင်းရာရောက်မှာ ဖြစ်ပါတယ်။

**အပြိုင်အဆိုင် ချေပပြောဆို**

သို့သော်လည်း အစ္စရေးရော ပါလက်စတိုင်းပါ နှစ်ဖက်စလုံးက သဘာဝရေအရင်းအမြစ် ပြန်လည်ခွဲဝေသတ်မှတ်ရေးနဲ့ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ဖို့ ငြင်းဆန်နေကြပါတယ်။ ပြီးတော့ ရေအရင်းအမြစ်ကိစ္စ သဘောတူညီမှုတစ်ခုဟာ နယ်စပ်နဲ့ ဒုက္ခသည်အရေးကိစ္စလိုမျိုး အခြားသော နောက်ဆုံးအဆင့် အကြောင်းအရာတွေနဲ့ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမှုရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ကျန်ရှိနေစေဖို့ နှစ်ဖက်စလုံးက လိုလားနေကြတယ်။ အစ္စရေး နိုင်ငံရေးကျွမ်းကျင်သူတစ်ဦးက ပါလက်စတိုင်းပြည်သူတွေအတွက် ပိုကောင်းမယ့် ရေအရင်းအမြစ်စာချုပ်ကသာ ဒုက္ခသည်အရေးနဲ့ပတ်သက်ပြီး ပါလက်စတိုင်းရဲ့ သဘောတူညီမှုတွေနဲ့ ကိုက်ညီမှာဖြစ်တယ်လို့ အခိုင်အမာ ပြောခဲ့ပါတယ်။

ပါလက်စတိုင်းနိုင်ငံရေးကျွမ်းကျင်သူတွေဘက်ကတော့ မျှတတဲ့ ရေအရင်းအမြစ်သဘောတူညီမှုဟာ အစ္စရေးဘက်အခြမ်းကို ကြည့်ကောင်းစေလိမ့်မယ်။ ပြီးတော့ အစ္စရေးဟာ တခြားအကြောင်းအရာတွေကို ဖြေရှင်းဖို့အတွက် ဖိအားတွေ လျော့ပါးသက်သာစေဖို့ ရေအရင်းအမြစ် သဘောတူစာချုပ်ချုပ်ဆိုဖို့ လိုအပ်တဲ့အချက်တွေကို ခွင့်ပြုပေးဖို့တတ်နိုင်မှာ မဟုတ်ဘူးလို့ အပြန်အလှန် ငြင်းခုံခဲ့ပါတယ်။ နှစ်ဖက်စလုံးက စောဒကတက်လာတာကတော့ နယ်စပ်ကိစ္စတွေနဲ့ ပြန်လည်အခြေချရေး ကိစ္စတွေမှာလည်း သဘောတူညီမှု မရဘူးဆိုရင် ဘယ်သဘာဝရေအရင်းအမြစ်ကို ဘယ်သူက ပိုင်တယ်ဆိုတာကို သူတို့အနေနဲ့ သိနိုင်မှာမဟုတ်ဘူးလို့ အပြိုင်အဆိုင် ချေပပြောဆိုထားပါတယ်။

ခုလို ငြင်းခုံနေကြတာတွေဟာ နှစ်ဖက်လုံးအတွက် အကျိုးမရှိသလို ရေရရှိမှုကို ဆက်လက်ဆုပ်ကိုင်ထားနိုင်ဖို့ဆိုတာကလည်း ကုန်ကျစရိတ်ကြီးမြင့်လွန်းနေပါတယ်။ ရေအရင်းအမြစ်ရပိုင်ခွင့်ကို ညှိနှိုင်းဆွေးနွေးခြင်းမှာ နယ်စပ်ရေပိုင်နက်၊ နယ်စပ်၊ ပြန်လည်အခြေချနေထိုင်ရေး၊ ဒုက္ခသည်အရေး စတာတွေ ပါဝင်နေတယ်ဆိုတဲ့ အချက်ကို အားလုံးက သဘောတူလက်ခံနေသရွေ့ကတော့ လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုတွေဟာ ရေအရင်းအမြစ်ခွဲဝေမှုဆိုင်ရာ သဘောတူညီမှုအပြင် ဆုံးဖြတ်ချက်ချရမယ့် အကြောင်းအရာတွေ မဟုတ်ပါဘူး။

**လေထုညစ်ညမ်းမှု အရေးတကြီး ထည့်သွင်းစဉ်းစားဖို့ လို**

ရာသီဥတုပြောင်းလဲမှု၊ သဘာဝရေအရင်းအမြစ် လျော့နည်းလာမှုနဲ့ လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာမှုတွေဟာ အရေးတကြီး ထည့်သွင်းစဉ်းစားဖို့ လိုအပ်လာနေတဲ့ အချက်တွေဖြစ်ပါတယ်။ အနောက်ဘက်ကမ်းမှာ ကုဗမီတာပေါင်း သန်း ၆၀ ရှိတဲ့ ပြုပြင်ခြင်းမရှိသေးတဲ့ ရေဆိုးအညစ်အကြေးတွေဟာ တောင်တန်းတွေနဲ့ ကမ်းခြေရေအောင်းလွှာတွေ၊ စမ်းချောင်းတွေနဲ့ မြေထဲပင်လယ်ကို နှစ်စဉ်နှစ်တိုင်း ညစ်ညမ်းလာစေပါတယ်။ ဂါဇာဒေသမှာဆိုရင် ပြုပြင်ထားခြင်းမရှိတဲ့ ရေဆိုးတွေဟာ သိပ်ကိုပမာဏကြီးမားလာလို့ မြေအောက်ရေတွေဟာ ကြာကြာဆက်ပြီး သောက်သုံးနိုင်တဲ့အနေအထား မရှိတော့ပါဘူး။ ပြီးတော့ ဂါဇာမှာရှိတဲ့ ကမ်းခြေအများစုနဲ့ အိမ်နီးချင်းအစ္စရေးက ကမ်းခြေအချို့ကို မဖြစ်မနေ ပိတ်ပစ်လိုက်ရပါတယ်။ ဂါဇာရဲ့ ရေဆိုးစုပုံမှုပြဿနာကြောင့် အနီးအနားမှာရှိတဲ့ ရေငန်မှ ရေချိုအဖြစ် ပြောင်းလဲသန့်စင်တဲ့ အစ္စရေးနိုင်ငံပိုင် စက်ရုံတစ်ရုံကိုလည်း ပိတ်ပစ်ခဲ့ရပါတယ်။ ဒါဟာ ဒေသတွင်းမှာ ရေလုံလောက်စွာရရှိမှုကို အာမခံပေးနိုင်မယ့် နည်းပညာတွေကို ခြိမ်းခြောက်လာနေတယ်ဆိုတဲ့ အနေအထားလည်းဖြစ်ပါတယ်။ ။

**ကိုးကား- ရိုက်တာ**

> **“အနောက်ဘက်ကမ်းမှာ ကုဗမီတာပေါင်း သန်း ၆၀ ရှိတဲ့ ပြုပြင်ခြင်းမရှိသေးတဲ့ ရေဆိုးအညစ်အကြေးတွေဟာ တောင်တန်းတွေနဲ့ ကမ်းခြေရေအောင်းလွှာတွေ၊ စမ်းချောင်းတွေနဲ့ မြေထဲပင်လယ်ကို နှစ်စဉ်နှစ်တိုင်း ညစ်ညမ်းလာစေ”**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

**ဒေါက်တာ သီတာလေးသွယ်၊ ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

မင်္ဂလာပါ။ ယခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ဇီဝဗေဒဘာသာရပ် အထောက်အကူပြု သင်ခန်းစာပဲ ဖြစ်ပါတယ်။ ဇီဝဗေဒဘာသာရပ်ကို သင်ယူနေကြတဲ့ ကျောင်းသား ကျောင်းသူများ အဓိကသဘောပေါက် နားလည်ထားသင့်တာတွေကို ဦးစွာပြောကြားလိုပါတယ်။ ဇီဝဗေဒဘာသာရပ် ပြဋ္ဌာန်းဖတ်စာအုပ်မှာ စုစုပေါင်းသင်ခန်းစာ (Chapter) 12 ခုပါဝင်ပါတယ်။ Chapter I to XII မှာ ပါဝင်တဲ့ အကြောင်းအရာအားလုံးဟာ ဇီဝဗေဒဘာသာရပ်နဲ့ပတ်သက်ပြီး သိရှိရမယ့်အချက်တွေကို အခန်းလိုက် စနစ်တကျပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့် သင်ခန်းစာအားလုံးကို ကျေညက်အောင် နားလည် သဘောပေါက်ထားဖို့ အရေးကြီးပါတယ်။ **ပိုင်ပိုင်နိုင်နိုင် လေ့လာကျက်မှတ် လေ့ကျင့်ထားခြင်းဖြင့် မေးခွန်းအားလုံးကို ကောင်းမွန်စွာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။**

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို အလေးအနက် အကြံပြုလိုတာကတော့ ၁- ဇီဝဗေဒဘာသာရပ်၊ ဇီဝဗေဒဘာသာရပ် ပြဋ္ဌာန်းဖတ်စာအုပ်မှာ ဖော်ပြထားသော သင်ခန်းစာအားလုံး၏ အခန်းတိုင်းမှာ ပါဝင်သော အကြောင်းအရာ၊ အချက်အလက်များကို ကောင်းစွာနားလည်သဘောပေါက်အောင် လေ့လာပြီး ကျေညက်စွာ ကျက်မှတ်ရန်။ ၂ - Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာဝေါဟာရ (Terminology) များကို ဆိုလိုရင်း အဓိပ္ပာယ်သိရှိပြီး စာလုံးပေါင်းများကို သေချာစွာကျက်မှတ်ထားရန်။ ၃ - သရုပ်ဖော်ပုံများနှင့် ဇယားများရဲ့ဆိုလိုရင်း အဓိပ္ပာယ်နဲ့ ကျိုးကြောင်း ဆက်စပ်မှုကို နားလည်သဘောပေါက်ရန်နှင့် ၄ - စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိကအချက်များပဲ ဖြစ်ပါတယ်။ **သဘောပေါက်နားလည်မှုကို အခြေခံတဲ့ ကျက်မှတ်မှုကသာလျှင် စွဲစွဲမြဲမြဲ မှတ်သားထားနိုင်မှာ ဖြစ်ပါတယ်။**

ကိုယ်ကျက်မှတ်ထားတဲ့ သင်ခန်းစာတွေကို ဘယ်လောက်မှတ်မိလဲဆိုတာ ပြန်လည်ဆန်းစစ်၊ သိရှိနိုင်ဖို့အတွက် မေးခွန်းဟောင်းများကို အကြိမ်ကြိမ် လေ့ကျင့်ဖြေဆိုကြည့်ကြဖို့ လိုပါတယ်။ မေးခွန်းဟောင်းများကို ဖြေဆိုကြည့်ခြင်းဖြင့် မေးခွန်းရဲ့သဘောကို နားလည်လာကြပါလိမ့်မယ်။ မေးခွန်းဟောင်းများထဲက မေးခွန်းများကိုလေ့လာကြည့်ရင် အကြောင်းအရာကို တိုက်ရိုက်မေးတာတွေရှိသလို၊ ဆက်စပ်တွေးတောဖြေဆိုရမယ့် မေးခွန်းတွေလည်းပါတယ်ဆိုတာ သတိပြုမိဖို့လိုပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာတွေအားလုံးကို အလွတ်ကျက်မှတ်ထားပေမယ့်လည်း မေးခွန်းအသွားအလာကို နားမလည်ဘူးဆိုရင် ထိရောက်မှန်ကန်တဲ့အဖြေကို ဖြေဆိုနိုင်မှာ မဟုတ်ပါဘူး။ **အလွတ်ကျက်မှတ်ရုံနှင့် မေးခွန်းတိုင်းကို ဖြေဆိုနိုင်ဖို့ မလွယ်တာမို့ သင်ခန်းစာများကို နားလည်သဘောပေါက်ဖို့ အရေးကြီးကြောင်း ညွှန်ပြလိုပါတယ်။**

တက္ကသိုလ်ဝင်စာမေးပွဲ (ဇီဝဗေဒဘာသာရပ်) မေးခွန်းလွှာမှာ - မေးခွန်းအမှတ်စဉ် ၁ - True / False အတွက် ၂၀ မှတ်၊ မေးခွန်းအမှတ်စဉ် ၂ - Completion အတွက် ၂၀ မှတ်၊ မေးခွန်းအမှတ်စဉ် ၃ - နှစ်မှတ်တန် Short Questions မှာ ဖြေဆိုရမည့် မေးခွန်း ခြောက်ပုဒ်အတွက် ၁၂ မှတ်၊ မေးခွန်း အမှတ်စဉ် ၄ - လေးမှတ်တန် Short Questions မှာ ဖြေဆိုရမည့် မေးခွန်း လေးပုဒ်အတွက် ၁၆ မှတ်၊ မေးခွန်းအမှတ်စဉ် ၅ - ရှစ်မှတ်တန် Long Questions မှာ ဖြေဆိုရမည့် မေးခွန်း လေးပုဒ်အတွက် ၃၂ မှတ်ဆိုပြီး စုစုပေါင်း ၁၀၀မှတ် သတ်မှတ်ထားပါတယ်။

မေးခွန်းအမှတ်စဉ် ၁ နဲ့ ၂ - ကတော့ လုံးဝရွေးချယ်ပိုင်ခွင့် မရှိပါဘူး။ မေးခွန်း အမှတ်စဉ် ၃၊ ၄ နဲ့ ၅ - မှာကတော့ မေးခွန်းများကို (OR) ခံပြီးမေးထားတဲ့အတွက် မေးခွန်းကို ရွေးချယ်ဖြေဆိုခွင့်ရှိပါတယ်။ မေးခွန်း အမှတ်စဉ် ၄ မှာ မိမိနှစ်သက်ရာ လေးပုဒ်နဲ့ မေးခွန်းအမှတ်စဉ် ၅ - မှာလည်း မိမိနှစ်သက်ရာ လေးပုဒ်ကိုသာ ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ သင်ရိုးကုန် ကျေညက်အောင် ကျက်မှတ်လေ့ကျင့်ထားတဲ့ ကျောင်းသား ကျောင်းသူများကတော့ အပိုင်နိုင်ဆုံး မေးခွန်းကို ရွေးချယ်ဖြေဆိုနိုင်မှာဖြစ်ပြီး Chapter ရွေးပြီးကျက်တဲ့ ကျောင်းသား ကျောင်းသူများ အတွက်ကတော့ ကိုယ်ရွေးကျက်ထားတဲ့ သင်ခန်းစာနဲ့ ကိုက်ညီတဲ့မေးခွန်းကိုသာ ရှာဖွေဖြေဆိုနေရမှာ ဖြစ်ပါတယ်။ ဥပမာ- မေးခွန်းအမှတ်စဉ် ၁- True ၊ False, မေးခွန်းအမှတ်စဉ် ၂ - Completion နဲ့ မေးခွန်းအမှတ်စဉ် ၃ - Answer All Questions ဆိုတဲ့ မေးခွန်းတွေအတွက် အားလုံးကို ဖြေဆိုနိုင်မှာ မဟုတ်ဘဲ မေးခွန်းနံပါတ် ၄ နဲ့ ၅ ကိုလည်း ကျက်ထားတာနဲ့ကိုက်ညီမှသာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

မေးခွန်းခွဲဝေပုံကို မေးခွန်းဟောင်းများမှာ လေ့လာကြည့်တဲ့အခါ မေးခွန်းအမှတ်စဉ် ၁ - True ၊ False ၂၀ မှတ်နဲ့ မေးခွန်းအမှတ်စဉ် ၂ - Completion ၂၀ မှတ်တို့ရဲ့ Statements များကို Chapter ၁၂ ခုလုံး မှ ပါဝင်အောင် ကောက်နုတ်ဖွဲ့စည်းထားပါတယ်။ Statements များကို Chapter I, II, IV, V, VI, VIII, IX, XI များမှ Statements ၂ ခုစီနှင့် ကျန် Chapter III, VII, X နှင့် XII တို့မှ Statement ၁ ခုစီ ကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် Chapter 8 ခုမှ Statements ၂ ခုစီ ၂×၈ = ၁၆ ခု, ကျန် Chapter ၄ ခုမှ Statement ၁ ခုစီ ၁×၄ = ၄ ခု စုစုပေါင်း Statements ၂၀ စီကို Chapter အားလုံးခြုံငုံမိအောင် Chapter အစီအစဉ်အလိုက် ကောက်နုတ်မေးထားတာကို တွေ့ကြရပါလိမ့်မယ်။

မေးခွန်းအမှတ်စဉ် ၁ - True ၊ False Statements များကို ဖြေဆိုဖို့အတွက်ကတော့ ပေးထားသော Statement ကို သေချာစွာ ဖတ်ရပါမယ်။ Statement ဟာ မိမိလေ့လာမှတ်သား သိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး ကွဲလွဲမှုရှိရင် False ဖြစ်ပါတယ်။ ကောက်နုတ်ထားတဲ့ Statements များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာ ရှိသလို၊ ဝါကျပြင်ဆင်တည်ဆောက်ပြီး မေးထားတဲ့ Statements များလည်း ရှိတာတွေ့ရှိကြပါလိမ့်မယ်။ True ၊ False Statements တွေမှာ နားလည်သဘောပေါက်မှုကို ဦးစားပေးပြီး မေးထားပါတယ်။

မေးခွန်းအမှတ်စဉ် ၂ - Completion ကတော့ နားလည်သဘောပေါက်မှုနဲ့ တိတိကျကျသိရှိမှုကို အခြေခံတဲ့ မေးခွန်းဖြစ်ပါတယ်။ မေးခွန်းဖွဲ့စည်းပုံက နံပါတ်တစ်မေးခွန်းကဲ့သို့ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့က နားလည်မှုအပြင် ကွက်လပ်ထဲမှာ ဖြည့်ရမယ့်စကားလုံးကို စာလုံးပေါင်းမှန်ကန်စွာ ဖြေဆိုရပါမယ်။ သိပ္ပံအမည်တွေအတွက် underline တားပေးရပါမယ်။

မေးခွန်းအမှတ်စဉ် ၃ - Answer All Questions ၁၂ မှတ်လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့ a, b, c, d, e, f ရယ်လို့ ပုဒ်ခွဲငယ် ခြောက်ပုဒ်ပေးထားပြီး တစ်ပုဒ်ကို ပေးမှတ် ၂ မှတ် သတ်မှတ်ထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ပုဒ်ခွဲငယ်များမှာ (OR) ခံထားတဲ့ မေးခွန်းမျိုးများ ပါတဲ့အတွက် ကျောင်းသား ကျောင်းသူများမှာ ရွေးချယ်ပိုင်ခွင့် ရှိပါတယ်။ Chapter အလိုက် မေးခွန်းခွဲဝေမှုကတော့ ပုဒ်ခွဲငယ် a. ကို Chapter I to IV မှ ၁ ပုဒ်၊ b. ကို Chapter V မှ ၁ ပုဒ်၊ c. ကို Chapter VI မှ ၁ ပုဒ်၊ d. ကို Chapter VII မှ ၁ ပုဒ်၊ ၎င်းကို OR ခံပြီး Chapter VIII မှ ၁ ပုဒ်၊ e. ကို Chapter IX မှ ၁ ပုဒ်၊ ၎င်းကို OR ခံပြီး Chapter X မှ ၁ ပုဒ်၊ f. ကို Chapter XI မှ ၁ ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XII မှ ၁ ပုဒ် တို့ဖြစ်တယ်။ ၂ မှတ်တန်မေးခွန်းတို (short question) မေးတဲ့အခါ စာအုပ်ထဲက ခေါင်းစဉ်အတိုင်း တိုက်ရိုက်ဖော်ပြပြီး မေးတဲ့မေးခွန်းမျိုး ရှိသလို စာပိုဒ်တွေထဲမှ ထုတ်နုတ်ဖြေဆိုရမည့် မေးခွန်းမျိုးလည်းရှိတယ်။ **အရေးကြီးတာကတော့ မဆိုင်တဲ့အဖြေကို အချိန်ကုန်ခံပြီး မရေးကြဖို့ဘဲ ဖြစ်ပါတယ်။**

မေးခွန်းအမှတ်စဉ် ၄ - တစ်ပုဒ်ကို (4 marks) စီနဲ့ Answer ANY FOUR Questions ၁၆ မှတ်လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့ a to e အထိ ပုဒ်ခွဲငယ် ငါးပုဒ် ပေးထားတယ်။ လေးပုဒ်ဖြေဆိုရမှာဖြစ်ပါတယ်။ Chapter များအရ မေးထားတဲ့မေးခွန်းခွဲဝေမှုကတော့ ပုဒ်ခွဲငယ် a. ကို Chapter I-IV မှ တစ်ပုဒ်၊ b.ကို Chapter V မှ တစ်ပုဒ်၊ c. ကို Chapter VI မှ တစ်ပုဒ်၊ ၎င်းကို OR ခံပြီး Chapter VII မှ တစ်ပုဒ်၊ d. ကို Chapter VIII မှ တစ်ပုဒ်၊ ၎င်းကို OR ခံပြီး Chapter IX မှ တစ်ပုဒ်၊ e. ကို Chapter X မှ တစ်ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XI မှ တစ်ပုဒ်၊ ထပ်မံ၍ ၎င်းကို OR ခံပြီး Chapter XII မှ တစ်ပုဒ်တို့ ဖြစ်တယ်။

မေးခွန်းအမှတ်စဉ်(၅) Long Question တစ်ပုဒ်ကို ရှစ်မှတ်စီနဲ့ Answer ANY FOUR Questions ၃၂ မှတ်လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့ ပုဒ်ခွဲငယ် a to f ခြောက်ပုဒ်ပေးထားတယ်။ မေးခွန်းခွဲဝေပေးထားပုံကတော့ ပုဒ်ခွဲငယ် a. ကို Chapter I-IV မှ တစ်ပုဒ်၊ b. ကို Chapter V မှ တစ်ပုဒ်၊ c. ကို Chapter VI မှ တစ်ပုဒ်၊ d. ကို Chapter VII မှ တစ်ပုဒ်၊ ၎င်းကို OR ခံပြီး Chapter VIII မှ တစ်ပုဒ်၊ e. ကို Chapter IX မှ တစ်ပုဒ်၊ ၎င်းကို OR ခံပြီး Chapter X မှ တစ်ပုဒ်၊ f. ကို Chapter XI မှ တစ်ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XII မှ တစ်ပုဒ် မေးလေ့ရှိပါတယ်။ **ထို့ကြောင့် သင်ရိုးကုန်လေ့လာကျက်မှတ်ထားသော ကျောင်းသား ကျောင်းသူများ အနေဖြင့် မိမိတို့ အပိုင်နိုင်ဆုံးဖြေဆိုနိုင်မည့် မေးခွန်းကို ရွေးချယ်နိုင်တဲ့ အခွင့်အလမ်း ပိုများတာကို တွေ့ရပါလိမ့်မယ်။**

အခုဆက်လက်ပြီး စာမေးပွဲဖြေဆိုတဲ့အခါ မေးခွန်းအလိုက်ထိရောက်မှုရှိအောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာ အကြံပြုသွားပါ့မယ်။ မေးခွန်းအမှတ်စဉ် (၁) True ၊ False နှင့် မေးခွန်းအမှတ်စဉ် ၂ - Completion မေးခွန်းမျိုးကို ဖြေတဲ့အခါ ပုဒ်ခွဲငယ် အမှတ် ( i. မှ x.) ကို အဖြေလွှာစာမျက်နှာ၏တစ်ခြမ်းတွင် အပေါ်မှအောက်သို့လည်းကောင်း၊ ပုဒ်ခွဲငယ် xi. ကို i. နှင့် ယှဉ်ပြီး ၎င်းစာမျက်နှာ၏ကျန်တစ်ခြမ်းတွင် အပေါ်မှအောက်သို့ ဆက်တိုက် xx. ထိ မှန်ကန်စွာရေးပါ။ **ရောမဂဏန်းများဖြစ်သည့်အတွက် ဂရုတစိုက်ရေးသားရန် လိုပါသည်။ မိမိဖြေဆိုသော အဖြေများမှာ မှန်ကန်သော်လည်း ပုဒ်ခွဲငယ်နံပါတ်များ မှားယွင်းရေးသားမိသည့်အတွက် ရမှတ်များ ဆုံးရှုံးကြရသည်ကို တွေ့ရှိရပါသည်။** ဒီလိုရေးချပြီးမှ Statements များကိုသေချာစွာ ဖတ်ရှုပြီး မိမိအနေဖြင့် သေချာသော အဖြေများကို သက်ဆိုင်ရာ ပုဒ်ခွဲငယ် နံပါတ်ရဲ့ဘေးမှာ ဖြေဆိုပါ။ စာဖြေသူ ကျောင်းသား ကျောင်းသူအနေဖြင့် အဖြေကို ဇဝေဇဝါဖြစ်နေခဲ့လျှင် အချိန်ဖြုန်းမနေဘဲ ၎င်း Statement ကိုချန်ခဲ့ပြီး အခြား Statements များကို ဆက်လက် ဖြေဆိုပါ။ ဒီလိုဖြေဆိုပြီးမှ ချန်ထားခဲ့တဲ့ Statement ရဲ့အဖြေကို ပြန်လည်စဉ်းစားပြီး မှန်ကန်အောင်ဖြေဆိုပါ။

မေးခွန်းအမှတ်စဉ် ၃၊ ၄ နှင့် ၅ - များမှာ (a, b, c, d, e, f) စသည်တို့ဖြင့် ပေးထားသော မေးခွန်းများ ဖြေဆိုတဲ့အခါ မိမိအဖြေဆိုနိုင်ဆုံး မေးခွန်းကို အရင်ဆုံး စဖြေပါ။ **ဖြေဆိုမည့်မေးခွန်းနံပါတ်ကို မှန်ကန်အောင် အထူးသတိထား တပ်ရန်လိုပါတယ်။ မေးခွန်းရွေး မမှားစေဖို့ အထူးသတိပြုကြပါ။**

မေးခွန်းတွေမေးထားပုံကို လေ့လာမယ်ဆိုရင် စာချည်းပဲဖြေရမယ့် မေးခွန်းတွေမှာ State/ Define/ Explain/ Describe/ Clarify/ Name/ List/ Enumerate နဲ့ Differentiate ဆိုတဲ့ စကားလုံးမျိုးတွေကို သုံးပြီး မေးလေ့ရှိပါတယ်။ ပုံပေးထားပြီး အညွှန်းချည်းပဲ သီးသန့်တပ်ခိုင်းတဲ့ မေးခွန်းမျိုးဆိုရင် Provide labels to the given diagram လို့ မေးလေ့ရှိပြီး Provide labels to the given diagram and state/ explain ............ စသည်ဖြင့် မေးခဲ့ရင်တော့ ပုံကို label တပ်ပေးရမယ့်အပြင် state/ explain ဆိုတာနဲ့ပတ်သက်ပြီးတော့လည်း ဖြေဆိုပေးရမှာ ဖြစ်ပါတယ်။ အညွှန်းတွေကို တပ်တဲ့အခါမှာလည်း ပုံမှာရှိတဲ့ အညွှန်းတပ်ခိုင်းတဲ့ နံပါတ်တွေနဲ့တပ်ရမယ့် အညွှန်းစာသားတွေ ကိုက်ညီအောင် သတိပြုကြစေချင်ပါတယ်။ Give labeled diagram ဆိုရင်တော့ အညွှန်းပြည့်စုံတဲ့ပုံ ဆွဲပေးရပါမယ်။ and နှင့်ဆက်တဲ့ နောက်ဆက်တွဲ မေးခွန်းပါခဲ့မယ်ဆိုရင်တော့ မေးခွန်းနဲ့သက်ဆိုင်တဲ့အဖြေကို ဆက်လက်ဖြေဆိုရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ မှာကြားလိုတာကတော့ ကျန်းမာရေးဂရုစိုက်ပါ။ စိတ်ကို တည်ငြိမ်အောင်ထားပါ။ အာရုံ စူးစိုက်မှုရှိပါ။ **အဖြေလွှာပေါ်တွင် ခုံနံပါတ်ကို (မြို့နယ် သင်္ကေတအပါအဝင်) မှန်ကန်ပီပြင်စွာ ရေးသားပါ။ မိမိ ဖြေဆိုသော မေးခွန်းနံပါတ်များကို သေချာမှန်ကန်စွာတပ်ပါ။** ယခုဆွေးနွေးအကြံပြုထားတဲ့ အချက်တွေကို သတိပြု မှတ်သားပြီး ဇီဝဗေဒ (Biology) ဘာသာရပ်ကို ကျက်မှတ်လေ့ကျင့်မယ်ဆိုရင် ကျောင်းသား ကျောင်းသူတိုင်း ဇီဝဗေဒ (Biology) ဖြေဆိုကြတဲ့အခါ မိမိတို့မျှော်မှန်းထားတဲ့အတိုင်း ထူးထူးချွန်ချွန် အောင်မြင်ကြလိမ့်မယ်လို့ အားပေးစကားပြောကြားရင်း ဒီကနေ့ပို့ချတဲ့ ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ပို့ချချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။

## ရမည်းသင်းခရိုင်ပြန် / ဆက်ရုံးပြတိုက်ငယ်အတွက် အိုးစည်၊ ဒိုးပတ်ပစ္စည်းလှူဒါန်း

**ရမည်းသင်း ဖေဖော်ဝါရီ ၆**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရုံး ပြတိုက်ငယ် (MUSEUM)တွင် ပြသထားရှိနိုင်ရန်အတွက် ထန်းတောကျေးရွာမှအလှူရှင်များ လှူဒါန်းသည့် အိုးစည်၊ ဒိုးပတ်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က ခရိုင်ပြန်/ဆက်ရုံး (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးဒေါ်ဝေဝေဖြိုးက အမှာစကားပြောကြားသည်။

ထို့နောက်အလှူရှင်များမှပစ္စည်းများ လှူဒါန်းရာဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သိမ်းသိမ်းမျိုးက အိုးစည်၊ ဒိုးပတ်ပစ္စည်းများ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရမည်းသင်းမြို့နယ် စာရေးဆရာ အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။




**အတ်ကလေး(ရမည်းသင်း)**

## ကျေးလက်သောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

**နောင်ချို ဖေဖော်ဝါရီ ၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ငွေလုံး၊ ငွေရင်း ရန်ပုံငွေကျပ် ၂၃ သန်းဖြင့် နောင်ချိုမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ကြရာ ဇန်နဝါရီလနောက်ဆုံးပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့်ဝန်ထမ်းတို့က ဆင်ရှောကျေးရွာ၊ သံဘိုကျေးရွာအုပ်စု လွယ်လိတ်ကျေးရွာ (ဂါလန် ၅၀၀၀)ဆုံ ရေကန်တည်ဆောက်ပြီးစီးမှု လုပ်ငန်းကို စစ်ဆေးကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## မြို့နယ်သတင်းထောက်များသို့

မြန်မာနိုင်ငံအရပ်ရပ်ရှိ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ အားလုံး သတင်းထောက် အသိအမှတ်ပြုကတ်များ ပြန်လည်စိစစ်ရန်နှင့် အသစ်ထုတ်ပေးရန်အတွက် လည်းကောင်း၊ သတင်းစာမူခကိစ္စများအတွက်လည်းကောင်း ဦးကြည်ဝင်း (သုတေသနစာတည်း) ဖုန်းနံပါတ် ၀၉-၄၂၀၁၄၅၆၀၉၊ ၀၆၇-၃၆၁၄၅ တို့သို့ ဆက်သွယ်ကြပါရန်။

**မြန်မာ့အလင်းသတင်းစာတိုက်၊ ခရေပင်လမ်းခွဲ
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

# မီဒီယာလွတ်လပ်ခွင့်နှင့် လက်တွေ့ကျကျအယူအဆများ

မြင့်ကျော် (ဇလွန်)

သမားရိုးကျမီဒီယာများဖြင့်သာ နှစ်ပရိစ္ဆေဒများစွာဖြတ်သန်းလွန်မြောက်အသားကျခဲ့သည့် ကမ္ဘာ့အသိုက်အဝန်းကြီးကို စာရေးသူ ပြန်လှည့်ကြည့်မိသည်။ ကမ္ဘာ့လူထုကြီးနှင့် နိုင်ငံများ၊ အစိုးရများသည် မီဒီယာထိန်းကျောင်းမှု၊ မီဒီယာမူဝါဒနှင့် မီဒီယာအသုံးချမှုများကို နိုင်ငံ၏ စနစ်၊ နိုင်ငံအကျိုး၊ အချုပ်အခြာအာဏာနှင့် ဝါဒယန္တရားများအတွက် တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ဆက်စပ်ယှဉ်တွဲ အသုံးပြုခဲ့ကြချည်းသာ ဖြစ်သည်။ မီဒီယာအကြောင်း အလေးအနက် ကျယ်ကျယ်ပြန့်ပြန့်ရှေ့တန်းတင် ဆွေးနွေးပြောဆိုမှုများသည် နည်းပညာအလျင်အမြန် တိုးတက်လာမှုနှင့် တစ်ပါတည်းပူးတွဲ၍ စဉ်ဆက်မပြတ် ကပ်လျက်လိုက်ပါလာခဲ့သည်။ အတားအဆီးမဲ့လာသောအခြေအနေ၊ လူတိုင်းပါဝင်အသုံးချနိုင်ခွင့်နှင့် ဈေးသက်သာစွာအလွယ်တကူရရှိနေသည့် မီဒီယာအတွက် ဆက်စပ်ပစ္စည်းများကြောင့်လည်းမီဒီယာလွတ်လပ်ခွင့်သည် အဖြေရှာစရာကိစ္စရပ်အဖြစ် တွေးခေါ်ပြောဆိုလာကြသည်။

မီဒီယာလွတ်လပ်ခွင့်ဟုပြောဆိုကြလေတိုင်း ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကထုတ်ပြန်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းထဲမှ အပိုဒ် (၁၉)၌ “လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများတွင် ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် လွတ်လပ်စွာစွဲကိုင်ခွင့်အပြင် သတင်းအချက်အလက်နှင့် အတွေးအခေါ် အယူအဆများကိုသတင်းမီဒီယာတစ်ရပ်ရပ်မှ တစ်ဆင့်နယ်နိမိတ်အပိုင်းအခြားမရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချီခွင့်တို့လည်းပါဝင်သည်”ဟုပါရှိသည့်အချက်ကို အပြည့်အဝ ရယူလက်ခံကိုင်စွဲ အားပြုကြမည်သာဖြစ်သည်။ လွတ်လပ်ခွင့်နှင့်အတူ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် နောက်ဆက်တွဲပြဿနာများကို ဖြေရှင်းရမည်ဆိုသော အယူအဆများသည်လည်းယနေ့ကမ္ဘာ့နိုင်ငံအများစုတွင် ခေတ်စားလာနေသောအကြောင်းတရားလည်း ဖြစ်သည်။

### ဒီမိုကရေစီစနစ်နှင့် မီဒီယာ

ဒီမိုကရေစီစနစ်သုံးနိုင်ငံများတွင် နိုင်ငံသူ၊ နိုင်ငံသားများ အမှီအခိုကင်းသော ဆုံးဖြတ်ချက်များချမှတ်ရန်နှင့် သတင်းအချက်အလက်သိရှိပြီးမှ စဉ်းစားရွေးချယ်မှုများပြုလုပ်နိုင်ရန်အတွက် အချက်အလက်များပါဝင်သည့် ယုံကြည်စိတ်ချရမည့် သတင်းများရရှိရန်အထူးလိုအပ်ပါသည်။ အစိုးရမဏ္ဍိုင်များ၏ ဆောင်ရွက်မှုတိုင်းကိုအများပြည်သူက အချိန်နှင့်တစ်ပြေးညီ သိရှိသုံးသပ်အကဲဖြတ်နိုင်စေရန် ဒီမိုကရေစီအစိုးရက မီဒီယာများမှတစ်ဆင့် မလွဲမသွေထုတ်ပြန်ပေးကြရမည်ဖြစ်သည်။ မီဒီယာများ၏ ဖော်ပြမှုတိုင်းကို တိကျမှန်ကန်မှုရှိ၊ မရှိ၊ အနှောင်အဖွဲ့နှင့် ရိုးသားမှုရှိ ၊မရှိအများပြည်သူက စောင့်ကြည့်အကဲဖြတ်နိုင်ခွင့်ရှိပါသည်။ မီဒီယာများ၏ အရေးကြီးဆုံးသော အခန်းကဏ္ဍမှာမိမိဖော်ပြသော သတင်းအချက်အလက်များကြောင့် အများပြည်သူကိုဒုက္ခများနှင့် ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုမျိုး မဖြစ်စေရန်လိုအပ်ပါသည်။ အစိုးရသတင်းထုတ်ပြန်ရေးလုပ်ငန်းများတွင် တာဝန်ယူကြရသော သူများအနေဖြင့် ပြင်ပမီဒီယာသမားများနှင့် ရန်သူသို့မဟုတ် မိတ်ဆွေဖြစ်စေရန် ကြိုးပမ်းအားထုတ်ခြင်းမျိုးကို ရှောင်ရှားကြရမည်ဖြစ်ပြီး သတင်းမှန်ကို မြန်နိုင်သမျှ အမြန်ဆုံးထုတ်ပြန်နိုင်ရေးသည် အဓိကတာဝန်ဝတ္တရားဖြစ်ပါသည်။ သတင်းကောင်း၊ သတင်းဆိုး ပိုင်းခြားကိုင်တွယ်ထိန်းသိမ်းသည့် ခေတ်နောက်ပြန်အတွေးအခေါ် အယူအဆများကိုသတင်းထုတ်ပြန်သူများအနေဖြင့် အလေးအနက်ထား စဉ်းစားဆင်ခြင်ကြရမည်ဖြစ်သည်။ စိုးရိမ်စိတ်ကြောင့်ဖြစ်စေ၊ အခြားသော ခံယူချက်များကြောင့်ဖြစ်စေ သတင်းတစ်ခု၏ အဟန့်အတားမဖြစ်စေရေးကို ဂရုပြုကြရပါမည်။ သတင်းများစီးဆင်းရာအရင်းအမြစ်သည် လူတစ်ဦးတစ်ယောက်စီမှ ဖြတ်သန်းနေပါမူသတင်းထိန်းချုပ်မှုပုံစံသို့ ရောက်ရှိသွားတတ်ပြီး အများပြည်သူ၏ သတင်းငတ်မှုကိုလည်း ဖြစ်ပေါ်စေပါသည်။ အချက်အလက်အားလုံးအရေးကိစ္စတိုင်းကို သက်ဆိုင်ရာကျွမ်းကျင်သူ၊ လက်တွေ့ဆောင်ရွက်နေသူ၊ တာဝန်ခံနိုင်သူများက မီဒီယာနှင့် ထိတွေ့ဖြေရှင်းပေးနိုင်ရေးလမ်းကြောင်းများဖွင့်လှစ်စီစဉ်ထားခြင်းသည် ဒီမိုကရေစီအနှစ်သာရကို အပြည့်အဝပုံဖော်ရာလည်း ဖြစ်ပါသည်။

### မီဒီယာနှင့် ဆက်စပ်ဥပဒေများ

မီဒီယာလွတ်လပ်ခွင့်၏ ကနဦးခြေလှမ်းမှာလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဟုအဆိုရှိကြပြီးတစ်ပါးသူ သို့မဟုတ် ပတ်ဝန်းကျင်မထိခိုက်စေရေးသည်လည်း လွတ်လပ်မှု အတိုင်းအတာကို အရှိန်ဟန့်ကန့်သတ်ထားမှုဟူ၍လည်း ယူဆတတ်ကြသည်။ ဘုံယူဆချက်ထဲတွင် အထင်ကရပါဝင်နေသော မီဒီယာလွတ်လပ်ခွင့်အတွက် သက်ဆိုင်ရာတိုင်းပြည်နိုင်ငံရှိ အခြေခံဥပဒေနှင့် မီဒီယာဆိုင်ရာဆက်စပ်ဥပဒေများ၏ သတ်မှတ်ပြဋ္ဌာန်းထားရှိမှုက အထူးအရေးပါပေသည်။ အစိုးရဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ၊ တစ်ဦးတစ်ယောက်ချင်းစီက ဖြစ်စေဖော်ပြထုတ်ပြန်သော သတင်းအချက်အလက်များသည် လုပ်ကြံဖန်တီးမှုများမပါဘဲ အမှန်တရားဖြစ်ရေးသည် အလွန်အရေးကြီးသောအချက်ဖြစ်သည်။ ယင်းအမှန်တရားသည် မီဒီယာလွတ်လပ်ခွင့်အတွက် အဓိကအုတ်မြစ်လည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် မီဒီယာလွတ်လပ်ခွင့်အရေးကိစ္စနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၈ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များမှ ပုဒ်မ ၃၅၄ တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးသို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုးသို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

မီဒီယာနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်ဆက်စပ်နေသည့်ဥပဒေများမှာ

(၁) ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ

(၂) သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာ နည်းဥပဒေများ

(၃) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ

(၄) ရုပ်ရှင်ဥပဒေ

(၅) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ

(၆) မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ

(၇) ဆက်သွယ်ရေးဥပဒေ

(၈) အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ

> **“မီဒီယာများ၏ အရေးကြီးဆုံးသော အခန်းကဏ္ဍမှာမိမိဖော်ပြသော သတင်းအချက်အလက်များကြောင့် အများပြည်သူကို ဒုက္ခများနှင့် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမှုမျိုးမဖြစ်စေရန် လိုအပ်ပါသည်။ အစိုးရသတင်းထုတ်ပြန်ရေးလုပ်ငန်းများတွင် တာဝန်ယူကြရသောသူများအနေဖြင့် ပြင်ပမီဒီယာသမားများနှင့် ရန်သူ(သို့မဟုတ်) မိတ်ဆွေဖြစ်စေရန် ကြိုးပမ်းအားထုတ်ခြင်းမျိုးကို ရှောင်ရှားကြရမည်ဖြစ်ပြီး သတင်းမှန်ကို မြန်နိုင်သမျှအမြန်ဆုံးထုတ်ပြန်နိုင်ရေးသည် အဓိကတာဝန်ဝတ္တရားဖြစ်”**

ယနေ့ခေတ်ကာလအခြေအနေသည် လူတိုင်းသတင်းမီဒီယာအသုံးပြုသူ သတင်းဖြန့်ဖြူးမျှဝေသူများ ဖြစ်လာသောကြောင့် တည်ဆဲဥပဒေများ၏ အတိမ်အနက်သဘောသဘာဝများကို သေသေချာချာဂဃနဏသိရှိလိုက်နာရေးသည် အထူးပင်လိုအပ်လှပါသည်။

### ကမ္ဘာတစ်လွှားက သတင်းမီဒီယာသမားများ အခြေအနေ

သတင်းမီဒီယာသမားများသည် သတင်းရရှိရေးကို သာရှေ့တန်းတင် အာရုံထားကြသဖြင့် ဥပဒေများ၊ စည်းမျဉ်းကျင့်ဝတ်များကိုမသိ၍သော်လည်းကောင်း၊ သိသိလျက်နှင့်သော်လည်းကောင်း ဘောင်ကျော်ဖြတ်သန်းရယူလုပ်ဆောင်မှုများကြောင့် အရေးယူအပြစ်ပေးခံရမှုများကမ္ဘာတစ်လွှားတိုးတက်များပြား လာလျက်ရှိသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းထုတ်ပြန်သော စစ်တမ်းများအရ ယင်းတစ်နှစ်တာကာလအတွင်း တစ်ကမ္ဘာလုံးမှ သတင်းမီဒီယာသမား ၂၆၂ ဦးဖမ်းဆီး အပြစ်ပေးခံခဲ့ရသည်ဟု သိရှိရသည်။ အဆိုပါဖမ်းဆီးခံရသည့် သတင်းမီဒီယာသမားများ၏ ထက်ဝက်ကျော်မှာတူရကီ၊ အီဂျစ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သတင်းမီဒီယာသမားများဖြစ်ကြောင်း အဆိုပါစစ်တမ်းကဖော်ပြထားသည်။

Reporters without borders အဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ တွင် ၂၀၁၇ ခုနှစ်အတွင်းမီဒီယာလွတ်လပ်ခွင့်အရှိဆုံး ၁၆ နိုင်ငံရှိပြီး အဆိုပါ ၁၆ နိုင်ငံတွင် ဥရောပနိုင်ငံအများစုပါရှိသည်။ မီဒီယာလွတ်လပ်ခွင့် ကျေနပ်ဖွယ်ကောင်းသော နိုင်ငံ ၃၃ ခုရှိပြီးအများစုမှာဥရောပနှင့်တောင်အမေရိကနိုင်ငံများ ဖြစ်သည်။ မီဒီယာနှင့်ပတ်သက်၍ ပြဿနာများကို သတိထားကိုင်တွယ်သောနိုင်ငံများမှာ ၅၉ ခုရှိကာ ကမ္ဘာ့ဒေသအစုံမှ နိုင်ငံများပါဝင်သည်။ မီဒီယာလွတ်လပ်ခွင့်ခက်ခဲနေသောနိုင်ငံပေါင်း ၅၁ ခုရှိပြီး အာဖရိကနှင့် အာရှနိုင်ငံများမှ အများစုဖြစ်သည်။ မီဒီယာလွတ်လပ်ခွင့် အဆိုးရွားဆုံးနိုင်ငံပေါင်း ၂၁ ခုရှိကာအရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် အာရှနိုင်ငံများပါဝင်ကြောင်းဖော်ပြထားသည်။ ၂၀၁၇ ခုနှစ်အတွင်းကမ္ဘာတစ်လွှားတွင် အကြောင်းအမျိုးမျိုးကြောင့် သတင်းမီဒီယာသမား ၈၁ ဦးခန့် သတ်ဖြတ်ခံခဲ့ရကြောင်း ယင်းတို့မှာ မက္ကဆီကို၊ အာဖဂန်နစ္စတန်၊ အီရတ်၊ ဆီးရီးယား၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ပါကစ္စတန်၊ နိုင်ဂျီးရီးယား၊ ဆိုမာလီယာ၊ ဟွန်ဒူရပ်စ် နိုင်ငံများဖြစ်ကြောင်း International Federation of Journalists က ထုတ်ပြန်ခဲ့သည်။

ကမ္ဘာပေါ်တွင် အချမ်းသာဆုံးသတင်းမီဒီယာသမား ၁၀ ဦး၏ အမည်စာရင်းကို www.trendrr.net ၌ Elena က ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ရေးသားဖော်ပြခဲ့သည်။ အမေရိကန် အားကစားအစီအစဉ်ကြေညာသူ ရုပ်မြင်သံကြားသတင်းထောက် Roy Firestone သည် ဒေါ်လာ ၁ ဒသမ ၅ သန်း၊ ကနေဒါနိုင်ငံသား Investigative Journalist Ian Halperinသည် ဒေါ်လာ ၂ သန်း၊ FOX News Channel ၏ ဘာသာရေးဆက်သွယ်မှုဆိုင်ရာအရာရှိချုပ် Lauren Susan Green သည် ဒေါ်လာ ၂ ဒသမ ၁ သန်း၊ အမေရိကန် MLB နှင့် NFL အားကစားပြိုင်ပွဲရုပ်မြင်သံကြားကြေညာသူ Christopher Rose သည် ဒေါ်လာ ၃ သန်း၊ KTTV နှင့် KCBS ရုပ်မြင်သံကြားကြေညာသူ Lisa Marie Joyner သည် ဒေါ်လာ ၄ သန်း၊ ဗြိတိန်သတင်းထောက်နှင့် စာရေးဆရာ Milo Yiannopoulos သည် ဒေါ်လာ ၄ သန်း၊ Puerto Rican မိုးလေဝသအခြေအနေအစီအစဉ်ကြေညာသူ Jackie Guerrido သည်ဒေါ်လာ ၁၀သန်း၊ BBC ရုပ်မြင်သံကြား သတင်းကြေညာသူ James May သည် ဒေါ်လာ ၁၅ သန်း၊ ဆိုက်ဘာကျွမ်းကျင်သူ သတင်းထောက် Julian Assange ၏ ပိုင်ဆိုင်မှုကိုဖော်ပြထားမှုမရှိဘဲ အမေရိကန် CNN သတင်းထောက်၊ စာရေးဆရာ၊ ရုပ်မြင်သံကြားအစီအစဉ်ကြေညာသူAnderson Cooper သည် ဒေါ်လာသန်း ၁၀၀ ဖြင့် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးသတင်းမီဒီယာသမားဟု ဖော်ပြထားပါသည်။

### အိမ်နီးချင်းနိုင်ငံများ၏ မီဒီယာအခြေအနေ

မြန်မာနိုင်ငံနှင့် ထိစပ်လျက်ရှိသော နိုင်ငံများ၏ မီဒီယာအခြေအနေများကိုလည်းလေ့လာကြည့်ရန် လိုအပ်ပါသည်။ အိန္ဒိယနိုင်ငံသည် ရုပ်မြင်သံကြား၊ ရေဒီယို၊ ရုပ်ရှင်၊ သတင်းစာ၊ မဂ္ဂဇင်းနှင့် အင်တာနက်အခြေပြု မီဒီယာများစွာရှိသည်။ အပြန်အလှန် မီဒီယာပိုင်ဆိုင်မှု (Cross Media Ownership) ကန့်သတ်ချက် မရှိခြင်းကြောင့် မီဒီယာကုမ္ပဏီများ၊ မီဒီယာအဖွဲ့အစည်းများက မီဒီယာဈေးကွက်ကိုလွှမ်းမိုးချုပ်ကိုင်လာသည်။ ပုံမှန်ထုတ်ဝေသောသတင်းစာ၊ စာစောင်၊ ရေဒီယို၊ ရုပ်သံလိုင်းအများအပြားရှိသော်လည်း လူထုမီဒီယာကိုကုမ္ပဏီနှင့် အဖွဲ့အစည်းများကထိန်းချုပ် ပိုင်ဆိုင်ထားသည်။ မီဒီယာကုမ္ပဏီကြီးများကမီဒီယာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်ကန့်သတ်ချက်များကို ပြင်းပြင်းထန်ထန် ငြင်းဆိုကန့်ကွက်လေ့ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရုပ်သံထုတ်လွှင့်မှု အခန်းကဏ္ဍကို ၁၉၄၉ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရှိခဲ့သော်လည်းစီးပွားရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ချိန်မှစ၍ လွတ်လပ်သောမီဒီယာအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ မီဒီယာနှင့် ဆက်စပ်သည့် အစိုးရအဖွဲ့အစည်းများထူထောင်၍ ယင်းတို့၏ ကြီးကြပ်မှုဖြင့် မီဒီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုင်းနိုင်ငံသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာဝန်ကြီးဌာန အမည်ကို Ministry of Digital Economy and Society ဟု ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတကာ မီဒီယာများအပေါ် သတိထားစောင့်ကြည့်မှုများရှိပြီး တော်ဝင်ဘုရင့်မိသားစုဆိုင်ရာသတင်းများကို ခွင့်ပြုချက်ရမှသာ ရေးသားဖော်ပြကြရသည်။ လာအိုနိုင်ငံ၏ ၂၀၀၅ ရာဇသတ်ကြီး ဥပဒေအပိုဒ် ၆၅ အရ နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးအောင် ပြုလုပ်သူ၊ နိုင်ငံ၏ ပုံရိပ်ကိုထိပါးအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ပုံ(သို့မဟုတ်) စာသားများရေးသား ဖြန့်ဝေသူမည်သူမဆို ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ် ၁၅ နှစ်အထိ ကျခံနိုင်ပါသည်။ ရုပ်မြင်သံကြားဌာန ၃၂ ခုနှင့် ရေဒီယိုအသံလွှင့်ဌာန ၄၄ ခုရှိပြီးအားလုံးနိုင်ငံပိုင်ဖြစ်ကာ ပုံမှန်ထုတ်သတင်းစာ ၂၄ စောင်မှာလည်းအစိုးရအာဘော်များကိုသာ ဖော်ပြရသည့် သတင်းစာပုံစံမျိုးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြန်ကြားရေးဝန်ကြီးဌာနရှိပြီးသတင်းမီဒီယာများ၊ ရုပ်ရှင်များနှင့် သတင်းအချက်အလက်တို့နှင့် ပတ်သက်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စီမံခန့်ခွဲသည့် လုပ်ငန်းများကိုဆောင်ရွက်သည်။ အစိုးရ၏ သတင်းအချက်အလက်များကို ပြည်တွင်း၊ ပြည်ပမီဒီယာ အဖွဲ့အစည်းများနှင့် ပြည်သူများအား ထုတ်ပြန်အသိပေးခြင်း လုပ်ငန်းများကိုလည်းတာဝန်ယူဆောင်ရွက်သည်။ ဘင်္ဂလားဒေ့ရှ်တွင် အွန်လိုင်းသတင်းစာနှင့် သတင်းပေါ်တယ်၏ အခန်းကဏ္ဍမှာအရှိန်အဟုန်ဖြင့် တိုးတက်ကြီးထွားလျက်ရှိသည်။

မီဒီယာလွတ်လပ်ခွင့်ကိစ္စများသည် မိမိနိုင်ငံတစ်ခုတည်းအပေါ်တွင် ပြောဆိုသုံးသပ်ခြင်းထက် ကမ္ဘာ့နိုင်ငံအသီးသီး၏ အခြေအနေ၊ ဒေသတွင်း၌ ဖြစ်ပေါ်ပြောင်းလဲနေသောမီဒီယာစီးဆင်းမှု၊ အိမ်နီးချင်းနိုင်ငံများ၏ မီဒီယာကဏ္ဍနှင့် သက်ရောက်မှုများအပေါ်ပါ အားလုံးကိုအသေးစိတ်လေ့လာ၍ လက်တွေ့ကျသောအယူအဆများဖြင့် မီဒီယာဖြင့်ပြည်သူကိုကူညီ၊ ပြည်သူ့အားဖြင့် ဒီမိုကရေစီကို ဖော်ဆောင်နိုင်ကြပါ စေကြောင်း စေတနာကောင်းဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။

## သဘာဝသရုပ်ဆောင်မင်းသားနှင့် စွယ်စုံရမင်းသမီးတို့အပြိုင် သရုပ်ဆောင်ထားသည့်

# ကောလိပ်ဂျပိုး

ကိုလင်း

ဂျပိုး (ခေါ်) ကိုသိန်းဖေ (ခေါ်) မြင့်မြတ်နှင့် ကစ်ကစ် (ခေါ်) မအေးစိန် (ခေါ်) ဝတ်မှုံရွှေရည်တို့၏ ပထမဦးဆုံး ဆုံတွေ့ကြသော ကောလိပ်ဂျပိုး ရုပ်ရှင်ဇာတ်ကားကြီး ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ရုံတင်ပြသတော့မည်ဟု သိရသည်။

အဆိုပါဇာတ်ကားကို လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က ဖန်တီးကာ သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

“ဇာတ်ကားကတော့ အချစ်ဟာသ ဇာတ်ကားအမျိုးအစားလေးပါ၊ ကျွန်တော် ဟာသကားလေးတွေ တော်တော်များများ ရိုက်ဖူးပါတယ်၊ ဒီကားထဲကကာရိုက်တာပုံစံလေးနဲ့တော့ မတူဘူးပေါ့နော်၊ နည်းနည်းထူးခြားတဲ့ ကာရိုက်တာလေးပါ၊ ကစ်ကစ်နဲ့ကလည်း တစ်ခါမှတွဲပြီး သရုပ်ဆောင်ထားတာ မရှိ သလောက်ပါပဲ၊ ကျောင်းသား လူငယ်ပုံစံကား လေး တွေ ဗီဒီယို ကား တော်တော်များများတော့ ရိုက်ခဲ့ဖူးပါတယ်၊ ဒီကားထဲမှာက ထီးတစ်လက်နဲ့ မျက်မှန်အထူကြီးတပ်ပြီး ကျောင်းမှာ ကိုယ်ကြိုက်တဲ့ မိန်းကလေးကို လိုက်ပိုးပန်းတဲ့သူပေါ့နော်၊ ဇာတ်လမ်းက ဒီလိုပါ၊ ကိုသိန်းဖေနယ်ကနေ ရန်ကုန်မြို့မှာ တက္ကသိုလ်တက်ဖို့ ရောက်လာခဲ့တယ်၊ ရန်ကုန်ရောက်တာနဲ့ အဆောင်နေဖို့ အဆောင်ရှာတော့ သူငယ်ချင်းဖြစ်သူကို အကူအညီတောင်းခဲ့တယ်၊ ဒါပေမယ့် သူငယ်ချင်းက အဆောင်လိုက်ငှားဖို့ ရောက်မလာခဲ့ဘူး၊ အဲ့ဒါနဲ့ သူငယ်ချင်းကို လိုက်ရှာဖွေရင်းနဲ့ မထင်မှတ်ထားဘဲ ကျောင်းမှာ ကျွန်တော့်ထက် အသက်ကြီးတဲ့ ကျောင်းသားဟောင်းတွေနဲ့ တွေ့ဆုံရတယ်၊ အဲ့ဒီလူတွေကို သင်ခန်းစာပေးမယ်ဆိုပြီး အကြံထုတ်ရင်း မထင်မှတ်ဘဲ ကျောင်းဆရာကို ကျောင်းသားဟောင်းထင်ပြီး ပညာပေးမိခဲ့တယ်၊ သူ့လက်ချက်ပေါ်သွားမှာ ကြောက်ပြီး ထွက်ပြေးရင်း မအေးစိန်ဆိုတဲ့ အမျိုးသမီးလေးနဲ့ ရုတ်တရက်ဝင်တိုက်မိပြီး ကိုသိန်းဖေ ရင်ခုန်ခဲ့ရတာပေါ့နော်၊ ကိုသိန်းဖေတစ်ယောက် မအေးစိန်ကို ချစ်မိသွားခဲ့ပြီး သူ့နောက်ကနေ တကောက်ကောက်လိုက်ရင်းနဲ့ ဟာသဖြစ်ရပ်လေးတွေနဲ့အတူ အချစ်လေးတွေပါ ထည့်ထားတဲ့ ကားတစ်ကားပါ၊ ဇာတ်လမ်းလေးက သာမန်ဇာတ်ကားလေး ဆိုပေမယ့် ရန်ကုန်တက္ကသိုလ်ကြီးကို နောက်ခံထား ရိုက်ထားတာတွေ၊ ကျောင်းသားတွေရဲ့ သဘာဝ ကျကျ သရုပ်ဆောင်မှုတွေကို ဒီကားမှာ မြင်ရ မှာပါ”ဟု မြင့်မြတ်က ပြောသည်။



အဆိုပါ ဇာတ်ကားသည် သတင်းစာဆရာ၊ စာရေးဆရာကြီး ဇဝန၏ဝတ္ထုကို အခြေပြုကာ နှစ်ပေါင်းများစွာ ပိတ်ထားသော ရန်ကုန်တက္ကသိုလ်ကျောင်းကြီးကို နောက်ခံထားပြီး ရိုက်ထားသော အချစ်၊ ဟာသ၊ အလွမ်းဇာတ်ကားကြီးဖြစ်ပြီး တစ်ချိန်က ယင်းကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသားများကို ပြန်လည်အမှတ်ရစေမည့် ရည်ရွယ်ချက်ဖြင့် ရိုက်ကူးထားသောဇာတ်ကားဟု သိရသည်။



## ပြန်ဆိုတေးတွေ မဆိုဖြစ်သည့်မာရဇ္ဇ၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲ မန်းတွင်ပြုလုပ်

ကိုလင်း

နှစ်စဉ် တစ်ကိုယ်တော်ဖျော်ဖြေပွဲများ မှန်မှန်ပြုလုပ်သည့် မာရဇ္ဇက ငါးကြိမ်မြောက်တစ်ကိုယ်တော် ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၀ရက်တွင် မန္တလေးမြို့ ဒိုင်းမွန်းပလာဇာတွင် ကျင်းပရန်ရှိကြောင်း သိရသည်။

မူလလေးကြိမ်က ရန်ကုန်တွင်သာ တစ်ကိုယ်တော်ဖျော်ဖြေပွဲများ ပြုလုပ်ခဲ့ပြီး ယခုငါးကြိမ်မြောက်သည် မန္တလေးမြို့တွင် ပထမဆုံးအကြိမ် ကျင်းပခြင်း ဖြစ်သည်။

“ကျွန်တော် မန္တလေးမှာပထမဆုံးလုပ်ဖြစ်တာပါ၊ အရင်က ကျွန်တော် ဖျော်ဖြေပွဲလုပ်ဖို့ ပြင်ဆင်ခဲ့ပါသေးတယ်၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်သွားခဲ့တယ်၊ ဒါကြောင့် ကျွန်တော် မန္တလေးက ပရိသတ်တွေကို ပြန်ကျေးဇူးဆပ်ချင်တာမို့ လုပ်ဖြစ်တာပါ၊ ကျွန်တော် သီချင်းတွေကိုလည်း သေချာ ရွေးထားပါတယ်၊ မန္တလေးဆိုတာ ဂီတမြို့တော်တစ်ခုဖြစ်တာမို့ သီချင်းတွေကို တကယ်အနှစ်သာရရှိရှိနဲ့ ကျွန်တော်ဆိုမှာပါ၊ ဂီတသက်တမ်းလည်း ၂၅ နှစ် ပြည့်ပြီ၊ ဘဝမှာဂီတနဲ့ပတ်သက်ပြီး အချိုးအကွေ့တွေကလည်း များနေပါပြီ၊ ဒီတော့ ကျွန်တော် အရွယ်စုံကြိုက်မယ့်သီချင်းတွေပဲ ရွေးချယ်သီဆိုမှာပါ၊ ကျွန်တော်ဒီပွဲမှာ ထူးထူးခြားခြား တစ်ခုရှိပါတယ်၊ အဲ့ဒါကတော့ ကျွန်တော်က ပြန်ဆိုတေးတွေကို ဖျော်ဖြေပွဲမှာ ဆိုလေ့ဆိုထတော့ မရှိခဲ့ပါဘူး၊ ဒါပေမယ့် ဒီပွဲမှာ ကျွန်တော် မန္တလေးက ပရိသတ်တွေအတွက် ‘ဟသာ်ာတို့ရဲ့နန်းတော်ရှေ့’ သီချင်းကိုဆိုမှာပါ”ဟု ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် တေးသီချင်းအပုဒ် ၃၀ ကျော် သီဆိုရန်စီစဉ်ထားပြီး လက်မှတ်များကို ပရိသတ်များအတွက် အဆင်ပြေစေရန် ပထမဆုံး ငွေကျပ် ၁၀၀၀၀ စီစဉ်ထားသော်လည်း၊ စီစဉ်မှုပိုင်းအရ လိုအပ်ချက်များရှိသောကြောင့် ဈေးနှုန်းအား ပြန်လည်သတ်မှတ်လိုက်ရကြောင်း၊ တစ်စောင်လျှင် ငွေကျပ် ၃၀၀၀၀၊ ၂၀၀၀၀၊ ၁၅၀၀၀ ဖြင့် သတ်မှတ်ရောင်းချမည်ဖြစ်ပြီး ဝယ်ယူလိုပါက မန္တလေးမြို့ရှိ လှိုင်းတေးသံသွင်း၊ ဒိုင်းမွန်းပလာဇာ၊ နေလ စတိုးတို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

## သားငယ်တစ်ကိုယ်တော် “လမ်းကလေး”စီးရီး ထွက်ပြီ

ကိုလင်း

Myanmar Idol Season (2) တွင် Winner ဆု ဆွတ်ခူးခဲ့သူသားငယ်၏ ပထမဆုံး တစ်ကိုယ်တော်ခွေဖြစ်သည့် “လမ်းကလေး”ဟု အမည်ပေးထားသော တေးသီချင်းခွေကိုယခုလ ၂ ရက်မှ စတင်ကာ Moon Myanmar Media မှ ဖြန့်ချိခဲ့ကြောင်းသိရသည်။

Myanmar Idol Season (2) တွင် အကောင်းဆုံးဆုကိုရရှိခဲ့ပြီးနောက်ပိုင်း တစ်ကိုယ်တော်ခွေအတွက် တေးသီချင်းများ ဖန်တီးနေခဲ့ပြီး တစ်နှစ်နီးပါး ကြာခဲ့သည်။

“ဒီအခွေလေးထဲမှာ ကျွန်တော် သီချင်းဟောင်းလေးတွေနဲ့ ကိုယ်ပိုင်သံစဉ်သီချင်းသစ်လေးတွေ ဖန်တီးထားပါတယ်၊ “လမ်းကလေး”လို့ စီးရီးနာမည်ကိုပေးဖြစ်တာက ကျွန်တော်ပြိုင်ပွဲမှာဆိုခဲ့တဲ့ သီချင်းလေးပါ၊ တေးရေးကိုရဲလေး ရေးပေးထားတဲ့ သီချင်းလေးပါ၊ အဲ့သီချင်းလေးကို ကြိုက်တာမို့ ပေးဖြစ်တာပေါ့နော်၊ နောက်ဆုံးအဆင့်ပြိုင်တဲ့နေရာမှာအဲ့သီချင်းလေးဆိုခဲ့လို့ပါ၊ နောက် ဒီအခွေလေးစဖြစ်လာတာကတော့ ကျွန်တော် Myanmar Idol ကို ကျေးဇူးတင်ပါတယ်၊ နောက် ပရိသတ်တွေ အားလုံးပါ၊ ကျွန်တော့်ဘဝကို ပြောင်းလဲစေခဲ့သူတွေ အားလုံးကို ကျွန်တော်ဘယ်တော့မှ မမေ့ပါဘူး၊ အတိတ်သာ မေ့သွားရင်မေ့ပါမယ်၊ ဘဝတော့ ကျွန်တော်ဘယ်တော့မှ မမေ့ပါဘူးလို့၊ ကျွန်တော် သီချင်းရွေးချယ်မှုကအစ သေချာလုပ်ထားပြီးအကောင်းဆုံးသီဆိုထားပါတယ်၊ ဒီအခွေထဲမှာ တစ်ဦးတည်းသော ဣတ္ထိယလို့ အမည်ပေးထားတဲ့ သီချင်းလေးရယ်၊ နောက်တစ်ပုဒ်က 16+ အပျိုကြီး သီချင်းလေးတွေ နောက်သီချင်းသစ်တွေလည်း ပရိသတ်နှစ်သက်ပြီး ကျွန်တော်နဲ့ အကြိုက်တူမယ်လို့ ထင်ပါတယ်၊ ကျွန်တော် ဒီအခွေလေးလုပ်တာကလည်း၊ ပြိုင်ပွဲဝင်တုန်းကသီချင်းတွေချည်းပဲပွဲတွေမှာဆိုနေရတော့ တဖြည်းဖြည်းနဲ့ အားနာလှပါပြီ၊ အခွေကိုလည်း မြန်မြန်ဆိုတာထက် ကောင်းကောင်းလေးထွက်ချင်တာမို့ပါ၊ အဲ့ဒီဆန္ဒလေးအခုပြည့်ပါပြီ”ဟု သားငယ်က ပြောကြားသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၄ ပုဒ်ပါဝင်ပြီး တေးသီချင်းများကို တေးရေး ရွှေကြည်အေး၊ မောင်သစ်မင်း၊ ရဲလေး၊ လင်းလင်း၊ သာဒီးလူ၊ အောင်ဖြိုး၊ ညီမင်းခိုင်၊ အောင်ကိုမြင့်၊ ရဲမြတ်ကျော်၊ ဝေကြီး၊ S.H.Y၊ စောကဲကဲ ၊ ကိုမျိုးစသည့် တေးရေးဆရာတို့က ရေးသားထားကြောင်း သိရသည်။

ကိုလင်း



## မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းတည်ထောင်ခြင်း (၁၆) နှစ်မြောက် အထိမ်းအမှတ် ဂီတ ရန်ပုံငွေပွဲပြုလုပ်မည်

တတိယအကြိမ်မြောက် ပြုလုပ်မည့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းတည်ထောင်ခြင်း (၁၆)နှစ်မြောက် အမှတ်တရ ဂီတရန်ပုံငွေ ဖျော်ဖြေပွဲကို ယခုလ ၁၇ ရက်နေ့ ညနေ ၆ နာရီမှစတင်ပြီး ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဟု သိရသည်။



“ကျွန်တော်တို့ အခုပွဲလေးကို လုပ်ဖြစ်ခဲ့တာ ဒီအကြိမ်နဲ့ဆို တတိယအကြိမ်မြောက်ရှိပါပြီ၊ ကျွန်တော်တို့ ဒီလိုပွဲလေးလုပ်ရတာ ရန်ပုံငွေလည်း လိုအပ်နေလို့ပါ၊ ကျွန်တော်တို့ပထမဆုံးလုပ်တဲ့ပွဲတွေမှာလည်းရသင့်သလောက်ရခဲ့ပါတယ်၊ ဒါပေမယ့်အသင်းမှာ လိုအပ်တဲ့ အရာတွေက များတယ်၊ ထောက်ပံ့ကူညီပေးရမယ့်အရာတွေလည်း အများကြီးရှိနေပါတယ်၊ အခုလို ကျွန်တော်တို့ ဒီလိုဂီတ ရန်ပုံငွေပွဲလေးဖြစ်ပေါ်လာအောင် မနှစ်ကလည်း မသန်စွမ်းအသင်းက တစ်ကြိမ်လုပ်ခဲ့ပြီးပါပြီ၊ ဒီနှစ်ကတော့ ထူးထူးခြားခြားအနေနဲ့ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမှ ဂီတမှူး ဒေါက်တာခိုင်မြင့်၊ ဒေါက်တာမင်းဆွေ (Lead) တို့နဲ့ The Native Legends Band တေးဂီတရယ်၊ ထက်အာကာ (ဆိုင်းအဖွဲ့) စသူတွေ ပူးပေါင်းပြီးတော့ အမေရိကန် နိုင်ငံက အဆိုတော်တွေလည်း မေတ္တာနဲ့ပါဝင်သီဆိုမှာ ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း၏ အထွေထွေ အတွင်းရေးမှူး ဦးအေးကိုကိုက ပြောသည်။

မြန်မာနိုင်ငံမှ အဆိုတော် ၅၀ ကျော်အပြင် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ ‘သံစဉ်ပန်း’မသန်စွမ်းသူများ အနုပညာလှုပ်ရှားမှုအဖွဲ့ဝင်များမှ ပါဖောမန့်ဖြင့် တေးသီချင်း ခြောက်ပုဒ် တီးခတ်သီဆိုမည် ဖြစ်သည်။ ယင်းပွဲမှ ရရှိလာသော ငွေကြေးများကို မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများ အဖွဲ့ပေါင်း ၃၂ခု အသင်းဝင်ပေါင်း သောင်းကျော်ရှိတို့ လိုအပ်သော ပညာရေးကဏ္ဍ၊ ကျန်းမာရေး၊ အထောက်အကူပြုကိရိယာ ပစ္စည်းများကို အခမဲ့ ပေးအပ်သွားမည် ဖြစ်သည်။

အဆိုပါ ဖျော်ဖြေပွဲတွင် တေးသံရှင် စိန်ဝင်းထွန်း၊ ဂျက်မြသောင်း၊ ဇော်ဝင်းထွဋ်၊ စောဖိုးခွါး၊ ဝေဠုကျော်၊ ချိုပြုံး၊ တက္ကသိုလ်လဲ့လဲ့၊ မေဆွိ၊ မိမိဝင်းဖေ၊ မေခလာ၊ ချစ်သုဝေ၊ မိုင်၊ ရတနာမိုင်၊ ပွင့်၊ အိအိချွန်၊ စိုးစန္ဒာထွန်း၊ ရွှေရည်သိန်းတန်၊ သီရိသိန်းတန်၊ သဲနုဝါနှင့် အဆိုတော်များစွာ ပါဝင်ကူညီ သီဆိုကြမည်ဖြစ်ပြီး လက်မှတ်များကို တစ်စောင်လျှင် ငွေကျပ် ၂၀၀၀၀၊ ၁၀၀၀၀၊ ၅၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ကာ ဝယ်ယူလိုပါက မန်းသီရိ တေးသံသွင်း (ရန်ကုန်) နှင့် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းအသင်း အမှတ် (၆၅) ရွှေလောင်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်၊ ဖုန်း- ၀၁-၅၁၈၄၁၀ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ကိုလင်း

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### သမီးဦးလေးမွေးလိုက်ပြီဖြစ်တဲ့ ကိုင်လီဂျန်နာ



အမေရိကန်တီဗွီစတားဖြစ်သူ ကိုင်လီဂျန်နာဟာ သမီးဦးလေး မွေးဖွားခဲ့ကြောင်း ထုတ်ဖော်ပြောကြား လိုက်ပါတယ်။ အသက် ၂၀ အရွယ် ကိုင်လီဂျန်နာဟာ ကလေးရှိနေပြီဆိုပြီး ကောလာဟလ သတင်းတွေ ထွက်ပေါ်ခဲ့ပေမယ့် သူ့ကိုယ်ဝန်နဲ့ပတ်သက်ပြီး ပရိသတ်ကိုဘာမှ အသိမပေးဘဲနေခဲ့သူလည်း ဖြစ်တယ်။ တနင်္ဂနွေနေ့မှာတော့ သူဟာ ဖေဖော်ဝါရီ ၁ရက်ကပဲ သမီးဦးလေးမွေးဖွားပြီးပြီ ဖြစ်ကြောင်း တရားဝင်ကြေညာလိုက်ပါတယ်။ ကလေးမွေးတာနဲ့ပတ်သက်ပြီး သူရဲ့ပရိသတ်တွေကို ဘာသတင်းမှမပေးမိတာနဲ့ပတ်သက်လို့လည်း တောင်းပန်ပါတယ်လို့ အင်စတာဂရမ်မှာ ရေးသားခဲ့ပါတယ်။ ဒီကလေးဟာ ကိုင်လီဂျန်နာနဲ့ ရက်ပ်ပါ ထရာဗစ်စကောက်တို့ရဲ့သမီးလေးဖြစ်ပြီး ဘယ်လိုနာမည်ပေးရမယ်ဆိုတာကိုတော့ နှစ်ယောက်စလုံးကမစဉ်းစားရသေးဘူးလို့ ပြောပါတယ်။

ကိုင်လီဂျန်နာဟာ စက်တင်ဘာလအတွင်းကတည်းက ကိုယ်ဝန်ရှိနေပြီဆိုပြီး သတင်းတွေထွက်ခဲ့ပေမယ့် အဲဒီသတင်းနဲ့ပတ်သက်ပြီး တရားဝင်ရှင်းလင်းတာမျိုး မလုပ်ခဲ့ပါဘူး။ ကာဒက်ရှီရန်-ဂျန်နာ ညီအစ်မတွေထဲမှာ အငယ်ဆုံးဖြစ်တဲ့ ကိုင်လီဂျန်နာဟာ အခြားသောမောင်နှမတွေနည်းတူ ရုပ်သံစီးရီးကနေတစ်ဆင့် အောင်မြင်ကျော်ကြားလာသူလည်းဖြစ်တယ်။ ဂျန်နာဟာ လူမှုကွန်ရက်မှာ လူသိများထင်ရှားသူတစ်ဦးဖြစ်တယ်။ ကာဒစ်ရှန်-ဂျန်နာ မိသားစုအတွင်းကိုဝင်ရောက်လာတဲ့ ဒီကလေးလေးဟာ အချစ်ခံရမှာတော့သေချာပါတယ်။ သမီးဦးလေးဖြစ်ပေမယ့် အဖော်မဲ့မှာလည်း စိုးရိမ်စရာမလိုပါဘူး။ ဘာလို့လဲဆိုရင် ကိုင်လီဂျန်နာရဲ့အခြားသောညီအစ်မတွေကလည်း ကလေးကိုယ်စီရှိကြလို့ပါပဲ။ ကိုင်လီဂျန်နာကတော့ သူ့ကိုယ်ဝန်ဆောင်ကာလဟာ သိပ်ကိုလှပခဲ့ပြီး ဘဝကိုလည်းပြောင်းလဲစေခဲ့ပါတယ်လို့ပြောပါတယ်။ ဒါ့အပြင် သူ့ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ဂရုစိုက်ခဲ့ကြတဲ့ မိသားစုနဲ့ သူငယ်ချင်းတွေကိုလည်း အလွန်ကျေးဇူးတင်ပါတယ်လို့ အင်စတာဂရမ်မှာ ရေးသားထားပါတယ်။ ဘဝမှာတစ်ခါမှ ဒီလိုချစ်ခြင်းမေတ္တာကို မခံရဖူးဘူးလို့လည်းဆိုပါတယ်။

ကိုင်လီဂျန်နာ ကိုယ်ဝန်ဆောင်စဉ်အတွင်းမှာ သူ့မိသားစုဟာ ကိုင်လီရဲ့လုံခြုံရေးအတွက် အတော့်ကို ဂရုစိုက်ခဲ့ကြပါတယ်။ ဘာသတင်းမှ မပေါက်ကြားအောင်လည်းထိန်းသိမ်းခဲ့ကြတယ်။ ကိုင်လီရဲ့အမေဖြစ်တဲ့ ခရစ်ဂျန်နာဟာဆိုရင်လည်း သူ့သမီးကိုယ်ဝန်ရှိနေတဲ့အကြောင်းကို အသိပေးဖို့ငြင်းဆန်ခဲ့တဲ့သူလည်း ဖြစ်တယ်။

**ဟယ်လို**

ချိုး

.................................

### Spice girls အဖွဲ့သားတွေစုံစုံညီညီနဲ့ရိုက်ထားတဲ့ပုံကြောင့် ပရိသတ်တွေပျော်ရွှင်ခဲ့ရ



Spice girls အဖွဲ့ဟာ ၁၉၉၄ ခုနှစ်က ပေါ်ပေါက်ခဲ့တဲ့ အမျိုးသမီးပေါ့ဂီတအဖွဲ့လည်းဖြစ်တယ်။ သူတို့အဖွဲ့ရဲ့ပွဲဦးထွက် အယ်လ်ဘမ် ဖြစ်တဲ့ Spice ဟာ ကမ္ဘာအနှံ့အပြား အချပ်ရေ ၃၁ သန်း ရောင်းချနိုင်ခဲ့ပြီး အမျိုးသမီးအဖွဲ့ရဲ့ ရောင်းအားအကောင်းဆုံးသော အယ်ဘမ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ ဒေးဗစ်ဘက်ခမ်းရဲ့ဇနီးဖြစ်သူ ဗစ်တိုးရီးယားဘက်ခမ်းလည်းအပါအဝင်ပါပဲ။ ဒီအချက်ကြောင့်လည်း Spice girls အဖွဲ့ကို အခုထိ လူတွေမမေ့သေးတာလည်း ပါပါတယ်။ Spice girls အဖွဲ့ရဲ့ထူးခြားချက်ကတော့ ခဏခဏအဖွဲ့ ပြန်လည်ပေါင်းစည်းတော့မယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်တတ်တာပါပဲ။ အခုအခါမှာလည်း အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းမှုတွေအပြီးမှာ ပြန်လည်ပေါင်းစည်းကြမယ်ဆိုပြီး ပြောကြပါတယ်။ သူတို့အဖွဲ့ပြန်ပေါင်းထုတ်တဲ့ အထိမ်းအမှတ်အနေနဲ့ ဗစ်တိုးရီးယားဟာ အုပ်စုလိုက်ရိုက်ထားတဲ့ဓာတ်ပုံကို အင်စတာဂရမ်ပေါ်ကို တင်ခဲ့ပါတယ်။ လန်ဒန်မှာရှိတဲ့ Geri ရဲ့နေအိမ်မှာ အဖွဲ့သားတွေစုံစုံ ညီညီနဲ့ ရိုက်ကူးထားတာပဲဖြစ်တယ်။

Spice Girls အဖွဲ့ပြန်လည်ပေါင်းစည်းလိမ့်မယ်လို့ ခန့်မှန်းနေချိန်မှာပဲ ဒီလိုစုပေါင်းရိုက်ထားတဲ့ ဓာတ်ပုံကို ပရိသတ်တွေမြင်လိုက်ရတော့ သူတို့ရဲ့ပရိသတ်တွေအားလုံးအံ့အားသင့်ကုန်ကြပါတယ်။ ကာလရှည်ကြာဆွေးနွေးမှုတွေပြုလုပ်ပြီးတဲ့နောက်ပိုင်းမှာတော့ ဗစ်တိုးရီးယားက ယခုနှစ်ဟာ သူတို့အဖွဲ့အတွက်လုပ်ငန်းအသစ်တွေစတင်ရတော့မယ် အချိန်ပဲလို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဗစ်တိုးရီးယားဟာ ပြန်လည်ပေါင်းစည်းနိုင်ဖို့ဆိုတာမဖြစ်နိုင်ဘူးလို့ ငြင်းဆိုခဲ့တဲ့လူလည်း ဖြစ်တဲ့အတွက် သူ့ရဲ့ဆုံးဖြတ်ချက်ဟာ အံ့အားသင့်စရာပါပဲ။ Spice girls အဖွဲ့ဟာ ၂၀၁၂ ခုနှစ်က လန်ဒန်အိုလံပစ်ပွဲမှာ အတူတကွဖျော်ဖြေမှုတွေပြုလုပ်ခဲ့ကြပါတယ်။ ပရိသတ်တွေကတော့သူတို့ဟာ Spice Girls ရဲ့ဖျော်ဖြေမှုတွေကို စောင့်မျှော်နေတယ်လို့ ပြောကြပါတယ်။

**ဟယ်လို**

ချိုး

# ရန်ကုန်မြို့၌ ကုန်စည်ပြပွဲဆိုင်ရာ စင်တာကြီးတစ်ခု ထူထောင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

အရည်အသွေးမီ မြန်မာ့ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်များသို့ ထိုးဖောက်တင်ပို့သွားနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲများနှင့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်မည့် စင်တာကြီးတစ်ခုကို ရန်ကုန်မြို့တွင် ထူထောင်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၏ ပြောကြားချက်အရ သိရသည်။

ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ဖေဖော်ဝါရီ ၃ ရက်ကကျင်းပသည့် မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာလုပ်ငန်းအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ တရုတ်(တိုင်ပေ)တို့တွင် လွန်ခဲ့သော ဆယ်စုနှစ်ကတည်းက ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ စင်တာများ ထူထောင်၍ ကုန်သွယ်မှုမြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင်လည်း ကုန်သွယ်မှု၊ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲ စင်တာတစ်ခုကို နိုင်ငံတကာအဆင့်မီ ထူထောင်သွားရန်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့၌ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများ ပြုလုပ်ရာတွင် တပ်မတော်ခန်းမနှင့် Myanmar Event Park တို့ကို အဓိကအားထားနေကြရပြီး နှစ်စဉ် ကုန်စည်ပြပွဲဆိုင်ရာ ပြပွဲပေါင်း ၄၀ ကျော်အထိ ပြသလာသည့်အတွက် ပြပွဲနေရာလိုအပ်ချက်မှာ မြင့်မားလျက်ရှိနေကြောင်း မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့်ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ သက်တမ်းတစ်နှစ်ကျော်ပြီဖြစ်ပြီး နှစ်ပတ်လည် အခမ်းအနားသို့ ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံတို့မှ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အဖွဲ့အစည်းများပါ တက်ရောက်ခဲ့ကြကာ ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများ တိုးမြှင့်ပြသသွားနိုင်ရေးအတွက် အဆိုပါအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



**မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

## နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် လူတစ်ဦးအား သေနတ်အတိုနှစ်လက်နှင့်အတူ ဖမ်းမိ

**မြဝတီ ဖေဖော်ဝါရီ ၆**

မြဝတီမြို့တွင် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၃ ရက် ညပိုင်းက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် မသင်္ကာဖွယ်လူတစ်ဦးအား စစ်ဆေးရာမှ သေနတ်အတိုနှစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်၊ တပ်နယ်(၃)တို့မှ တပ်မတော်သားများ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့က မြဝတီမြို့၌ နယ်မြေလုံခြုံရေးအတွက် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ရှာဖွေစစ်ဆေးမှုများ ဖေဖော်ဝါရီ ၃ ရက် ညပိုင်းက ဆောင်ရွက်စဉ် မြဝတီ-ကော့ကရိတ် လမ်းမပေါ်၌ မြဝတီမြို့ဘက်မှ သဃ်န်းညီနောင်မြို့ဘက်သို့ မောင်းလာသည့် နံပါတ်တပ်ဆင်ထားခြင်းမရှိသော Honda Fit မော်တော်ယာဉ်ကို မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေး ရှာဖွေရာ ယာဉ်မောင်းမှာ အောင်ဆွေဖြစ်ကြောင်းသိရပြီး ကားခေါင်းအတွင်း၌ ဩစတြီးယားနိုင်ငံထုတ် Stery C9-A1 အမျိုးအစား နံပါတ် ဝ၆၅၁၀၁ အနက်ရောင်ပစ္စတိုသေနတ် တစ်လက်နှင့် ယင်းကျည်အိမ်တစ်ခု၊ တူရကီနိုင်ငံထုတ် Zoraki 925 အမျိုးအစား နံပါတ် ၁၂၁၇၀၀၀၉၁ အနက်ရောင်ပစ္စတို တစ်လက်နှင့် ယင်းကျည်အိမ်တစ်ခု၊ ကျည်ဆန်သုံးတောင့်တို့ကို တွေ့ရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့်သိမ်းဆည်းကာ ရဲစခန်းသို့ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အောင်ဆွေ(၄၀ နှစ်)သည် မြဝတီစက်မှုဇုန်တွင် နေထိုင်ကာ စိုက်ပျိုးရေးလုပ်ကိုင်နေသူတစ်ဦးဖြစ်ကြောင်း၊ နံပါတ်မတပ်ထားသည့် Honda Fit မော်တော်ယာဉ်နှင့် Stery C9 -A1 သေနတ်မှာ KNDO မှ ဗိုလ်ကြီးအဆင့်ရှိသူစောကိုကို၏ ယာဉ်နှင့်လက်နက်ဖြစ်ကြောင်း၊ အခြားသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ကျည်ဆန်သုံးတောင့်မှာ လွန်ခဲ့သောတစ်နှစ်ခန့်က မိတ်ဆွေတစ်ဦးထံမှဝယ်ယူခဲ့ပြီး ၎င်းကိုယ်တိုင် ကိုင်ဆောင်အသုံးပြုနေခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ဆွေအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းကို လူထုစစ်ဆေးပွဲကျင်းပ

**ဆော ဖေဖော်ဝါရီ ၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများကို ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ဒုတိယနှစ်စက်ဝန်းကာလအဖြစ် ဆောင်ရွက်လျက်ရှိရာ ကြိမ်ကြီးကျေးရွာအုပ်စု ပါးချောင်းကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးသဖြင့် လူထုစစ်ဆေးပွဲကို ကျေးရွာစာသင်ကျောင်း၌ ဖေဖော်ဝါရီ ၃ ရက်က ပြုလုပ်ခဲ့သည်။

ပါးချောင်းကျေးရွာတွင် အင်ဂျင်ဖြင့်လျှပ်စစ်မီးလင်းနိုင်ရေးအတွက် စီမံကိန်းမှ ခွင့်ပြုငွေကျပ်သိန်း ၃၀၊ လူထုထည့်ဝင်ငွေကျပ် ၅၄၈၀၀၀ တို့ဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လူထုစစ်ဆေးပွဲကို ပြုလုပ်ခြင်းဖြစ်သည်။ လူထုစစ်ဆေးပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထင်လင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်းတို့ က အမှာစကားပြောကြားကြပြီး စီမံကိန်းတာဝန်ခံ ဒေါ်သီရိဇင်မင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။ ပါးချောင်းကျေးရွာ၌ အင်ဂျင်ဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ဇန်နဝါရီ ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ကာ လုပ်ငန်းများကို ဇန်နဝါရီ ၂၈ ရက်တွင် ပြီးစီး၍ တစ်ညလျှင် သုံးနာရီနှုန်းဖြင့် ကျေးရွာတွင် လျှပ်စစ်မီးပေး၍ သုံးစွဲနေပြီဖြစ်ကြောင်းသိရသည်။

**၁၀၁**



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦးက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အမှတ်(၁)ရပ်ကွက် ရှင်ပင်နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားဝင်းအတွင်း၌ ဖေဖော်ဝါရီ ၄ ရက်က ဆောင်ရွက်နေကြစဉ်။

သက်နောင်ဦး (ငါန်းဇွန်)

## သာသနသဟာယ ဓမ္မစကူးလ် ကျောင်းဆင်းပွဲ ကျင်းပ

**ဖောင်းပြင် ဖေဖော်ဝါရီ ၆**

ဖောင်းပြင်မြို့နယ် သာသနသဟာယ ဓမ္မစကူးလ်ကျောင်း၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် သင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ဖောင်းပြင်မြို့ရှိ အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ကျောင်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်ဓမ္မစကူးလ်ကော်မတီ ဥက္ကဋ္ဌ သာသနသဟာယကျောင်း ဆရာတော်နှင့် မြို့နယ်ဓမ္မစကူးလ်ကော်မတီ အတွင်းရေးမှူး(၁) ဆရာတော်တို့က သြဝါဒချီးမြှင့်သည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးညီညီစောက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သာသနသဟာယ ဓမ္မစကူးလ်တွင် တက်ရောက်ခဲ့သည့် ကျောင်းသားကျောင်းသူများအား အတန်းစဉ်လိုက် သင်ယူပြီးမြောက်ကြောင်း လက်မှတ်များ၊ အတန်းစဉ်အလိုက် ကျောင်းတက်မှန်ဆုနှင့် ကျောင်းတက်မှန်ရန် ပံ့ပိုးကူညီသူမိဘများအား ဂုဏ်ပြုလက်မှတ်များ၊ အာဟာရဒါန အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် သာသနသဟာယ ဓမ္မစကူးလ် ဆရာမကြီး ဒေါ်နန်းအေးနှင့် ဓမ္မစကူးလ် ကော်မတီဥက္ကဋ္ဌ ဦးထွန်းဝေတို့က ဝမ်းမြောက်ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

**ဟန်ထွန်း (ပြန်/ဆက်)**

# သီးနှံစိုက်တောင်သူတို့ အားထားရာ အရှေ့မြောက်တံခါး

**မြင့်မြတ်သစ္စာ**

ရှမ်းပြည်မြောက်ပိုင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်းမြင့်ပေါ်တွင် တရုတ်ပြည်သို့ပို့ဆောင်မည့် ဖရဲသီးယာဉ်များဖြင့် ယာဉ်ရပ်နားဝင်းမှာ နံနက်ခင်းနေရောင်အောက်တွင် စည်ကားလျက်ရှိသည်။ မြန်မာတောင်သူတို့ စိုက်ပျိုးထုတ်လုပ်သော ဖရဲသီးကို တိုက်ရိုက်ဝယ်ယူသော တရုတ်ကုန်သည်များ၊ ပွဲစားများနှင့် မြန်မာပြည်၏ ဖရဲစိုက်ဒေသအသီးသီးမှ ကိုယ်တိုင်ရောင်းချသည့် စိုက်ပျိုးတောင်သူများဖြင့် တရုတ်ပြည်သို့ ဖရဲသီးအဓိကတင်ပို့ရာ ထွက်ပေါက်ဖြစ်သော အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီဝင်းမှာ လူနှင့်ယာဉ်တို့ဖြင့် လှုပ်လှုပ်ရှားရှားရှိနေသည်။

တရုတ်ပြည် ယူနန်တွင် အအေးလှိုင်းကြောင့် မူဆယ်မြို့မှာ အအေးဓာတ်လွှမ်းခြုံလျက်ရှိသည့်နည်းတူ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဖရဲသီးယာဉ်ဝင်ရောက်ရာ အရှေ့မြောက်တံခါး ကုမ္ပဏီဝင်းနှင့် ဝန်းကျင်မှာလည်း အေးစိမ့်လျက်ရှိသည်။ တောင်ကုန်းငယ်ပေါ်သို့ ဖရဲသီးယာဉ်များ မပြတ်ဝင်ရောက်လျက်ရှိပြီး တစ်ပြိုင်တည်း ယာဉ် ၁၃ စီးထွက်ခွာနိုင်သော နေရာတွင် ဖွင့်ဖောက်စစ်ဆေးရမည့် ဖရဲသီးယာဉ်များကို အကောက်ခွန်မှုဝန်ထမ်းများနှင့် ကုန်တင်ကုန်ချအဖွဲ့တို့က စူးထိုးစစ်ဆေးခြင်း၊ တင်ဆောင်လာသော ဖရဲသီးကတ်ပုံးတစ်နေရာကို ဖော်ထုတ်၍ ထိုတစ်နေရာ၏ ယာဉ်ကြမ်းပြင်အထိ စစ်ဆေးရှာဖွေခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြသည်။

### မြန်ဆန်စွာစစ်ဆေး

တစ်နေ့လျှင် ဖရဲသီးယာဉ် အစီးရေ ၄၀၀ ကျော် ၅၀၀ ကို နံနက် ၉ နာရီအတွင်း ထွက်ခွာနိုင်ရန် ဆောင်ရွက်ကြရသောကြောင့် မြန်ဆန်စွာစစ်ဆေးလျက်ရှိပြီး ယာဉ်တစ်စီးလျှင် အချိန်ငါးမိနစ်ခန့်သာ စစ်ဆေးကြသည်။ တရုတ်ပြည်သို့ပို့ဆောင်မည့် ဖရဲသီးတို့ကို ဈေးလျှော့ခိုင်းသူ၊ ဈေးတိုးတောင်းသူ၊ ဈေးညှိပေးသူတို့ဖြင့် တရုတ်၊ မြန်မာ စကားသံတို့မှာလည်း ထိုဖရဲသီးဈေးဖြတ်ရာ နေရာတွင် ပျံ့လွင့်လျက်ရှိသည်။

အရှေ့မြောက်တံခါးအများပိုင်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်(CEO)ဖြစ်သူ ဦးအောင်ကျော်မိုးက မြန်မာနိုင်ငံမှ တရုတ်ပြည်သို့ တင်ပို့လျက်ရှိသော ဖရဲသီးအပါအဝင် သီးနှံ၊ သစ်သီးများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ပုံများကို ရှင်းပြသည်။

“စပြီးထူထောင်စဉ်က လီမိတက်ကုမ္ပဏီအနေနဲ့ပါ။ ပွဲရုံ ၁၆ ခုနဲ့ စပြီး တည်ထောင်ခဲ့တယ်၊ တောင်သူတွေစိုက်ပျိုးတဲ့ ဖရဲသီးအပါအဝင် သီးနှံတွေ ဈေးကွက်ခိုင်မာဖို့ လိုလာတယ်၊ ကိုယ့်အဖွဲ့တစ်ဖွဲ့တည်းထက် တောင်သူတွေလည်း အကျိုးစီးပွားဖြစ်အောင် အများပိုင်ကုမ္ပဏီအဖြစ် ဆောင်ရွက်ဖြစ်ခဲ့တာပါ။ ဒီမှာ သီးနှံအရောင်းအဝယ်စလုပ်တာက ၂၀၀၂ ခုနှစ်ခန့်ကစပြီး လုပ်ဆောင်ခဲ့ပါတယ်။

### ပွဲရုံ ၁၆ ရုံစုပေါင်းဆောင်ရွက်

“နယ်စပ်ကုန်သွယ်ရေးလုပ်နေတဲ့အချိန်မှာ အစိုးရရဲ့မူဝါဒပြောင်းလဲသွားတယ်။ သွင်းကုန်၊ ထုတ်ကုန်လိုင်စင်ရှိမှ ဖြစ်မယ်ဆိုတော့ ပွဲရုံတွေစုပြီး ကုမ္ပဏီထူထောင်ခဲ့တယ်။ ပွဲရုံ ၁၆ ရုံစုပေါင်းပြီး မြေနှစ်ဧကဝယ်ပြီးတော့ တရုတ်ပြည်ကို ဒီနေရာကနေ သစ်သီးနဲ့သီးနှံ အများဆုံး ကုန်စည်စီးဆင်းရာနေရာအဖြစ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အများပိုင်ကုမ္ပဏီမှာ ရှယ်ယာငါးဆယ်ရာခိုင်နှုန်းထက်ပိုပြီး ထည့်ဝင်လို့မရဘူး။ တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူနဲ့ ပွဲရုံတွေက ပိုင်တဲ့၊ အကျိုးစီးပွားဖြစ်စေတဲ့ အများပိုင်ကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်တာပါ။ ဒါမှလည်း ခိုင်မာတဲ့ သီးနှံပို့ကုန်ဒိုင်ကြီး ရေရှည်တည်တံ့မှာပါ။

“ဒီမှာ တစ်နေ့ကို ယာဉ်အစီးရေ ၄၀၀ ကနေ ၈၀၀ ကြားမှာ မြေနှစ်ဧကနဲ့ အရောင်းအဝယ် လုပ်ဆောင်ရတာ အဆင်မပြေဘူး။ အသီးရဲ့သဘာဝကလည်း တစ်နေကုန်ရောင်းဝယ်လို့မရဘူး။ အလွန်ဆုံး လေးနာရီပဲ ရတယ်။ တစ်နာရီမှာ အစီး ၆၀ ပဲ ရောင်းနိုင်တယ်။ လေးနာရီမှာအစီး ၂၄၀ ဆိုတော့ ဒီထက်ပိုပြီး မလုပ်နိုင်ဘူးဖြစ်နေတယ်။ လွန်ခဲ့တဲ့ငါးနှစ်က တန်ချိန် ၂၈၀၀၀၀ ကျော်ပဲရှိတယ်။ အခုဟာက တန်ချိန်ငါးသိန်းကျော်တယ်။ မနေ့ကဆိုရင် သီးနှံပို့ကုန် ငါးသိန်းကျော်တယ်။ အခုလိုသာ ကြိုတင်ပြီးမပြင်ဆင်ဘူးဆိုရင် ဝင်လာတဲ့သစ်သီးတွေရဲ့တစ်ဝက်ဟာ ပျက်စီးကုန်မှာပါ။

“မြေကိုစပြီးလျှောက်ကတည်းက ဥပဒေကြောင်းနဲ့ညီအောင် လုပ်တယ်။ ဒေသခံကလည်း ကန့်ကွက်သူမရှိတဲ့အတွက် မြန်မာပြည်အရှေ့မြောက်ဘက်မှာ သီးနှံကုန်စည်စီးဆင်းရာ အဓိကနေရာတစ်ခု ဖြစ်လာတာပါ။ ကုမ္ပဏီကို သိန်းငါးသောင်းရှစ်ထောင်နဲ့ မတည်ထားတယ်။ ရှယ်ယာရောင်းတယ်ဆိုတာက သီးနှံပွဲရုံနဲ့ တောင်သူတွေလည်း ပါဝင်ပိုင်ဆိုင်စေချင်လို့ပါ။ ဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ တောင်သူကို ပထမဦးစားပေးတယ်။ ပြီးတော့ပွဲရုံတွေ။

“မြန်မာတစ်ပြည်လုံးရဲ့သီးနှံအဝန်းအဝိုင်းဆိုတာ ကျယ်ပါတယ်။ ဝန်ဆောင်မှုကိုလည်း နိုင်ငံတကာအဆင့်မီအောင် လုပ်ဆောင်နေတယ်။ ရှယ်ယာတန်ဖိုးကိုလည်း သတ်မှတ်ထားတယ်။ ကြမ်းခင်းဈေး သိန်းတစ်သောင်းနဲ့ မတ်လပိုင်းအကုန်မှာ အင်ဗိုက်လုပ်မှာပါ။ မြန်မာပြည်ရဲ့စိုက်ပျိုးရေးကို အခြားနိုင်ငံတွေ စိတ်ဝင်စားလာပြီဆိုရင် တောင်သူတွေလည်း အကျိုးရှိမယ်။ ပြီးတော့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ လုပ်နေတဲ့ ကုမ္ပဏီတစ်ခုက ဈေးကွက်တစ်ခုလုပ်ဆောင်နိုင်တယ်ဆိုတာကိုလည်း ပြသတာလည်း ပါပါတယ်။ ဖရဲထုတ်လုပ်တဲ့စိုက်ခင်းကနေ ဒီနေရာနယ်စပ်ထိရောက်အောင် ပို့ဆောင်တဲ့အခါမှာလည်း အခက်အခဲတွေရှိပါတယ်။ အခုဆိုရင် ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ် သိမ်ဇရပ်အထိ ဖရဲသီးစိုက်နေပြီ။ ချင်းပြည်နယ်တစ်ခုပဲ မစိုက်နိုင်သေးတာပါ”ဟု လုပ်ငန်းဆောင်ရွက်ပုံများကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

### ခေါ်ဈေး၊ ဖြတ်ဈေး၊ ကြိုက်ဈေး

ဖရဲသီးကုန်စည်ဒိုင်အတွင်းသို့ ၁၂ ဘီးယာဉ်များ အဆက်မပြတ် ဝင်ရောက်လျက်ရှိပြီး စီနီယာအတိုင်း ဈေးဖြတ်သောနေရာသို့ ဝင်ရောက်ကာ တရုတ်ဝယ်လက်များက ဖရဲသီးကိုခွဲ၍ စစ်ဆေးပြီး ခေါ်ဈေး၊ ဖြတ်ဈေး၊ ကြိုက်ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အနယ်နယ်အရပ်ရပ်မှ ပို့ဆောင်သော ဖရဲသီးဈေးကွက်မှာ စိုက်ပျိုးတောင်သူတို့အတွက် အားရဖွယ်ပင်ဖြစ်သည်။ ဝင်ရောက်လာသော ဖရဲသီးများကို အရှေ့မြောက်တံခါးကုမ္ပဏီက ကြီးကြပ်ဝန်ဆောင်မှုပေးရာတွင် ၁၂ ဘီးယာဉ်တစ်စီးလျှင် မနှစ်ကစ၍ ယွမ် ၂၀၀ သတ်မှတ်ခဲ့ပြီး မြန်မာငွေဖြင့်သာ ချေရခြင်းဖြစ်သည်။ တစ်ယွမ်လျှင် ကျပ်နှစ်ရာကျော်ရှိ၍ ငွေဈေးမှာ နေ့စဉ်အပြောင်းအလဲဖြစ်လျက်ရှိသော်လည်း ကျပ် ၂၀၀ အောက်ကို ကျဆင်းခြင်းမရှိဘဲ အထက်သာ တက်လျက်ရှိသည်။

ယမန်နှစ်က ယခုလို ဖရဲသီးအဝယ်လိုက်သောရာသီတွင် ဖရဲသီး ၁၂ ဘီးယာဉ် အစီးရေ ၆၀၀ မှ ၈၀၀ ကြား ဝင်ရောက်မြဲဖြစ်သော်လည်း ယခုနှစ်တွင် တရုတ်ပြည်၌ ရာသီဥတုဖောက်ပြန်မှုကြောင့် မြန်မာပြည်မှ ဖရဲသီးဝယ်ယူမှုမှာ တစ်နေ့လျှင် အစီး ၂၅၀ မှ ၅၀၀ ခန့်သာရှိသည်။ ၁၂ ဘီးယာဉ်တစ်စီးလျှင် ဖရဲသီး ၁၅ တန်ဖြစ်၍ အများဆုံး ၁၆ တန်အထိ တင်ကြရာ စုစုပေါင်းတန်ချိန်ငါးထောင်ခန့် ပို့ဆောင်လျက်ရှိကြသည်။

### ဖရဲသီးရာသီ

ယခုနှစ်တွင် တရုတ်ပြည်သို့ ဖရဲသီးတန်ချိန်ခြောက်သိန်း ပို့ဆောင်ရန် ခန့်မှန်းထားသည်။ ယခုရာသီသည် ဖရဲသီးရာသီဖြစ်ကာ ဒီဇင်ဘာနှင့် ဇန်နဝါရီလသည် မြန်မာပြည်မှဖရဲသီးကို တရုတ်ပြည်သို့ အများဆုံးပို့ဆောင်သောအချိန်ဖြစ်သော်လည်း ယခုနှစ်တွင် အအေးလွန်ကဲမှုကြောင့် တင်ပို့မှု အနည်းငယ်လျော့ကျနေခြင်းလည်း ဖြစ်သည်။ ဖေဖော်ဝါရီလထဲတွင် အအေးဓာတ်ပြန်ဆုတ်သွားပါက ဖရဲသီးဝယ်ယူမှု ပုံမှန်ထက် ပြန်မြင့်လာနိုင်ပြီး ဧပြီသင်္ကြန်တွင် ဖရဲသီးရာသီ ပြီးဆုံးမည်ဖြစ်သည်။



**ယာဉ်အစီးရေတစ်ထောင်ရပ်နားနိုင်သော ယာဉ်ရပ်နားစခန်း ဓာတ်ပုံ - ဇွဲမာန်**

ယခင်က ဖရဲသီးယာဉ်များ ရပ်နားရန်နေရာမရှိခြင်းကြောင့် ရောင်းချရန်အလှည့်ကို ယာဉ်အစီး ၁၀၀၊ ၂၀၀ က စောင့်ဆိုင်းရသည့်အတွက် လွင့်ပျံ့နေသောဖုန်များကပ်ခြင်း၊ ဖရဲသီးအရည်အသွေး ကျဆင်းလာခြင်း၊ ညအိပ်စောင့်ဆိုင်းရခြင်းတို့ကြောင့် တောင်သူတို့တင်ပို့သောဖရဲသီးများ ဈေးမရဘဲ အရှုံးနှင့်ရင်ဆိုင်ရခြင်းတို့ ရှိခဲ့သည်။ ယခုအခါ ကျယ်ပြန့်သော ယာဉ်ရပ်နားရန်နေရာ တည်ဆောက်ထား၍ စစ်ဆေးရန်သတ်မှတ်ထားသောယာဉ်ကို ငါးမိနစ်အတွင်း စစ်ဆေးပေးသောကြောင့် ယာဉ်များ တန်းစီစောင့်ဆိုင်းရချိန် နည်းသွားပြီး တရုတ်နိုင်ငံသို့ ဖရဲသီးများ မြန်ဆန်စွာ စီးဆင်းလျက်ရှိသည်။ မူဆယ်သို့ရောက်ရှိလာသော ဖရဲသီးများကို ချက်ချင်းရောင်းချနိုင်ခြင်းသည် တောင်သူတို့အတွက် စိုက်ပျိုးထုတ်လုပ်လိုသောစိတ်ကို တွန်းအားတစ်ရပ် ဖြစ်ပေါ်စေသည်။

### တိုး၍တင်ပို့နိုင်

“တိုင်းနဲ့ ပြည်နယ်အားလုံးနီးပါး အစေ့လွတ်ဖရဲ စိုက်ပျိုးနေကြပြီ။ အရည်အသွေးမီတဲ့ ဖရဲသီး စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်တာဟာ မြန်မာတောင်သူတွေအတွက်လည်း ဂုဏ်ယူစရာပါ၊ လွန်ခဲ့တဲ့ငါးနှစ်က တန်ချိန်နှစ်သိန်းကျော်ကနေ ယနေ့ တန်ချိန်ငါးသိန်းကျော်၊ ခြောက်သိန်း ပို့နိုင်တယ်ဆိုတာ မြန်မာ့စိုက်ပျိုးရေးကို တောင်သူတွေ ဘယ်အထိစိတ်ဝင်စားတယ်ဆိုတာ သိသာပါတယ်၊ အစိုးရအနေနဲ့ကတော့ အချိန်တိုအတွင်း သီးနှံပို့ကုန်တွေ အလေအလွင့်မရှိအောင်၊ လမ်းပန်းဆက်သွယ်ရေး ယခုထက်ကောင်းမွန်အောင် ကူညီဆောင်ရွက်ပေးနိုင်ရင် ထွက်ကုန်ရဲ့တန်ဖိုးဟာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ဆုံးရှုံးမှုတွေကို ကာကွယ်နိုင်မှာပါ။

“တိုင်းပြည်ရဲ့GDPဟာ ကုန်ထုတ်စွမ်းအားပေါ်မူတည်ပြီး တွက်ချက်တာဖြစ်တာကြောင့် ကုန်ထုတ်စွမ်းအားတွေဟာ အခြားနိုင်ငံတွေမှာ လုပ်ကိုင်နေမယ်ဆိုရင် ကိုယ့်နိုင်ငံအတွက်လည်း နစ်နာစေပါတယ်။ ပြည်တွင်းကထွက်ရှိတဲ့ သီးနှံတွေ ပြည်ပကိုပို့နိုင်တယ်ဆိုတာ နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်သလို စိုက်ပျိုးတောင်သူတွေရဲ့အနာဂတ်ဟာ ရွှေရောင်လမ်းတစ်ခုဖြစ်လာမယ်ဆိုတာ ခန့်မှန်းလို့ရနေပါပြီ။ စပါးစိုက်ပြီးရရှိတဲ့ဝင်ငွေထက် သာလွန်တဲ့ သီးနှံစိုက်ဝင်ငွေဟာ တောင်သူတွေဘဝအပြောင်းအလဲကို ဖြစ်စေတဲ့အပြင် စိုက်ပျိုးစွမ်းအားကိုလည်း အထောက်အကူဖြစ်စေမှာပါ။ သီးနှံစိုက်ပျိုးထုတ်လုပ်တာဟာ အာမခံချက်ရှိတယ်ဆိုတာ သိလာလေလေ စိုက်ပျိုးထုတ်လုပ်မှု တိုးလာနိုင်လေပါပဲ။ အရည်အသွေးမြင့်တဲ့သီးနှံကိုပဲ စိုက်ပျိုးတတ်ဖို့လိုပါတယ်။ လယ်စိုက်၊ သီးနှံစိုက်လို့ စီးပွားရေးအဆင်ပြေမယ်ဆိုရင် ပြည်ပထွက်ပြီး အလုပ်လုပ်စရာမလိုတော့တဲ့အပြင် တိုင်းပြည်ရဲ့ GDPလည်း တက်လာမှာပါ”ဟု ဦးအောင်ကျော်မိုးက ဆက်လက်ပြောကြားသည်။

### စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများ

တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများ ကြုံတွေ့နေရမှုနှင့် ပတ်သက်၍လည်း ၎င်းက ယခုလို ဆက်လက်အကြံပြုပြောကြားသည်။ “အချို့သောသွင်းအားစုတွေ တရားမဝင်ဖြစ်နေတာတွေရှိတော့ တောင်သူက ဘယ်သူ့ကိုပြောရမှန်းမသိဘူး ဖြစ်နေတာလည်း ရှိတယ်။ ဥပမာမျိုးစေ့နဲ့ လယ်ယာသုံးစိုက်ပျိုးရေးပစ္စည်းလိုမျိုးပေါ့။ မျိုးစေ့ဝယ်ပြီး စိုက်ပျိုးတဲ့အခါမှာ အာမခံချက်မရှိဘူး။ စိုက်ပြီဆိုတာနဲ့ လုပ်အားနဲ့ အချိန်ပေးရတယ်။ ငွေကြေးစိုက်ထည့်ရတယ်။ ပြီးတော့ မျိုးစေ့မအောင်ရင်လည်း ဘယ်ကမှအလျော်မရဘူး။ ဒါတွေက အိမ်နီးချင်းသီးနှံဈေးကွက်ကို ယှဉ်ပြိုင်မယ်ဆိုရင် မြန်မာပြည်က တောင်သူတွေ လိုအပ်ချက်ကို ဘယ်လိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မလဲဆိုတဲ့ အပေါ်မှာလည်း မူတည်ပါတယ်။ တောင်သူတစ်ဦးက သီးနှံရောင်းချလို့ရတဲ့ငွေနဲ့ ရေစုပ်စက်ဝယ်မယ်ဆိုရင် လွယ်ကူစွာဝယ်ယူနိုင်ရမယ်။ အခု အခွန်အခတွေပေးပြီး ဝယ်နေရတယ်။ ကျွန်တော်တို့က အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီလို့ဆိုပေမယ့် မြန်မာပြည်က သီးနှံတောင်သူတွေ ဈေးနှိမ်မခံရအောင်၊ စိုက်ပျိုးရကျိုးနပ်အောင်၊ ဈေးကွက်တစ်ခုအဖြစ် ခေါင်းမော့နိုင်အောင်နဲ့ အရည်အသွေးမီတဲ့သီးနှံတွေ မြန်မာပြည်က ထွက်ရှိနေပါတယ်လို့ သိရှိအောင် ရေရှည်အကျိုးကိုမျှော်မှန်းပြီး အခက်အခဲတွေကြားထဲက တည်ထောင်ခဲ့တာပါ။ တိုင်းပြည်အတွက်၊ စိုက်ပျိုးတောင်သူနဲ့ ကုမ္ပဏီအတွက်ဆိုပြီး ရည်ရွယ်ချက်နဲ့ တည်ထောင်ဖြစ်ခဲ့တာဆိုရင်လည်း မမှားပါဘူး”ဟု ပြောသည်။

> “အများပိုင်ကုမ္ပဏီလို့ဆိုပေမယ့် မြန်မာပြည်က သီးနှံတောင်သူတွေ ဈေးနှိမ်မခံရအောင်၊ စိုက်ပျိုးရကျိုးနပ်အောင်၊ ဈေးကွက်တစ်ခုအဖြစ် ခေါင်းမော့နိုင်အောင်နဲ့ အရည်အသွေးမီတဲ့သီးနှံတွေ မြန်မာပြည်က ထွက်ရှိနေပါတယ်လို့ သိရှိအောင် ရေရှည်အကျိုးကိုမျှော်မှန်းပြီး အခက်အခဲတွေကြားထဲက တည်ထောင်ခဲ့တာပါ”



**မူဆယ်(၁၀၅)မိုင် ဖရဲသီးဖြန့်ဖြူးရာဒိုင်တွင် တရုတ်နိုင်ငံသားများက ဖရဲသီးများကို ဈေးဖြတ်ဝယ်ယူနေစဉ် ဓာတ်ပုံ - ဇွဲမာန်**

### သီးနှံဈေးကွက်ကြီးတစ်ခု

အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီနေရာသည် ၃၇ ဧက ကျယ်ဝန်းပြီး တောင်ကုန်းငယ်ပေါ်တွင် တည်ရှိ၍ အောက်ဘက်တွင်(၁၀၅)မိုင် ပို့ကုန်သွင်းကုန် ကုန်သွယ်ရေးဇုန်ကို တွေ့မြင်ရလျက်ရှိသည်။ အစိုးရသတ်မှတ်ဈေးဖြင့် ရရှိသော မြေ ၃၇ ဧကပေါ်တွင် သီးနှံပို့ကုန်ယာဉ် အစီးရေ ၁၀၀၀ ရပ်နားနိုင်သော ယာဉ်ရပ်နားရန်နေရာ ဆောက်လုပ်ထားကာ ၁၂ ဘီးယာဉ်များ ဝင်ထွက်သွားလာလျက်ရှိသည်။

အမြင့်ပေ ၄၀၀၀ ရှိသော စိုက်ပျိုးမရသည့် တောင်ကုန်းမြေပေါ်တွင် ယာဉ်ရပ်နားဝင်းကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ သစ်သီးတင်သည့်ယာဉ်များ ဝင်ထွက်သွားလာ၍ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ပြည်ပသို့ပို့ဆောင်ရာ တံခါးပေါက်ကြီးအဖြစ် ခံ့ထည်စွာ ပေါ်ထွန်းလာကာ သီးနှံဈေးကွက်ကြီးတစ်ခုအဖြစ်လည်း မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပြီဖြစ်သောကြောင့် သီးနှံစိုက်တောင်သူများ၏ စီးပွားရေးကို တိုးတက်ခိုင်မာမှုရှိစေမည့် အလင်းရောင်တန်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် တရုတ်နှစ်သစ်ကူး နီးလာသည်နှင့် မြန်မာ့ဖရဲသီးဈေးကွက်မှာလည်း ဦးမော့လျက်ရှိရာ ထိုအချက်သည်လည်း စိုက်ပျိုးတောင်သူတို့အတွက် ဝမ်းသာစရာပင်ဖြစ်သည်။

### မြန်မာ့ဖရဲသီးဈေးကွက်

နံနက် ၉ နာရီခန့်တွင် အရှေ့မြောက်တံခါး အများပိုင် ကုမ္ပဏီ ဖရဲသီးဝင်းတွင် ယာဉ်များရှင်းလင်းသွားပြီဖြစ်သည်။ တရုတ်နိုင်ငံ ဖရဲသီးဈေးကွက်တည်ရှိရာသို့ ဝင်ရောက်ရာလမ်းများမှ အသီးသီး ဝင်ရောက်သွားကြပြီ ဖြစ်သည်။ မူဆယ်မြို့သည် ကြယ်ခေါင်နှင့် ကပ်လျက်ရှိပြီး ယူနန်ပြည်နယ်၊ တယ်ဟုန်ခရိုင်ရှိ ရွှေလီ၊ မန်စီနှင့် ဝမ်တုန်မြို့များသို့ မြန်မာ့ဖရဲသီးများ ကုန်စည်စီးဆင်းလျက်ရှိသည့်အပြင် ယူနန်အထိ ဖရဲသီးဈေးကွက်က လက်တံဖြန့်ကြက်နိုင်လျက်ရှိသည်။

ယူနန်၏မြို့တော်သည် ကူမင်းမြို့ဖြစ်ရာ မြို့နေပြည်သူများနှင့် ဟိုတယ်၊ မိုတယ်များအတွက် ဖရဲနှင့်သခွားမွှေးသည် မရှိမဖြစ်လိုအပ်သော သီးနှံဖြစ်သောကြောင့် မြန်မာ့ဖရဲသီးသည် အိမ်နီးချင်းနိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော သီးနှံအဖြစ် ယနေ့တိုင် ရပ်တည်လျက်ရှိနေခြင်းဖြစ်သည်။

တစ်ဖက်နိုင်ငံတွင် ဖရဲသီးလှိုင်လှိုင်မပေါ်မီ စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ခြင်းသည် မြန်မာတောင်သူတို့အတွက် အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။ သီးနှံစိုက်ပျိုးထုတ်လုပ်သော်လည်း ခိုင်မာသောဈေးကွက်နှင့် ကုန်စည်ပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့စေမည့် ကုန်စည်ဒိုင်လည်း လိုအပ်သောကြောင့် ထိုသို့သောလိုအပ်ချက်ကို မူဆယ် ၁၀၅ မိုင်အနီးရှိ အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီက ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

အရှေ့မြောက်တံခါး ကုမ္ပဏီ၏ ဖရဲသီးဖြန့်ချိရာ ကုန်းမြင့်ဝင်းအတွင်း ယာဉ်များရပ်နားရန် အမိုးပါသော ယာဉ်ရပ်နားဆောင်နှင့်အတူ တစ်ဖက်နိုင်ငံသို့ ဖရဲသီးပို့ဆောင်မည့် ယာဉ်မောင်းများနှင့် ခရီးသွားများအတွက် နိုင်ငံကူးလက်မှတ်ကိုလည်း ထိုနေရာတွင် အဆင်သင့်ဆောင်ရွက်ပေးလျက်ရှိရာ ကုန်စည်စီးဆင်းမှုကို ပို၍မြန်ဆန်စေလျက်ရှိသည်။

နေရောင်ခြည်အောက်တွင် ရာသီဥတုသည် အေးစိမ့်လျက်ရှိသည်။ မကြာမီ တရုတ်နှစ်သစ်ကူး ရောက်တော့မည်ဖြစ်ရာ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင် စိုက်ပျိုးသော ဖရဲနှင့်သခွားမွှေးများမှာ ယခုဈေးထက် ပို၍ရရှိတော့မည်ဖြစ်မည်။ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသအေးချမ်းရေးသာ လိုအပ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးရေးကဏ္ဍသည် အရေးပါသောကြောင့် တောင်သူတို့၏လူမှုဘဝများ ပိုမိုတိုးတက်အောင်မြင်ခြင်းသည် တိုင်းပြည်အတွက် ဝင်ငွေခွန်တိုးပွားစေခြင်းသာဖြစ်၍ တောင်သူတို့ အားကိုးအားထားပြုရာ အရှေ့မြောက်တံခါး ကုန်စည်ဒိုင်ကြီးသည်လည်း ရေရှည်တည်တံ့နိုင်ပါစေကြောင်း။ ။

## ပရဟိတလူငယ်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဇန်းမော် ဖေဖော်ဝါရီ ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့ပေါက်ကုန်းရပ်ကွက်ရှိ တနင်္ဂနွေပရဟိတ လူငယ်အဖွဲ့မှ အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၄ ရက်က ဆင်ကုန်းရပ်ကွက် အမှတ်(၇)အခြေခံ ပညာမူလတန်းကျောင်း၌ (၂၉)ကြိမ်မြောက် တနင်္ဂနွေနေ့ စုပေါင်းသန့်ရှင်းရေး လုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တနင်္ဂနွေပရဟိတ လူငယ်အဖွဲ့သည် ဗန်းမော်မြို့ရှိ ဘုရား၊ စေတီများ၊ စာသင်ကျောင်းများစသည့် အများပြည်သူနှင့်ဆိုင်သော နေရာများတွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လိုက်လံဆောင်ရွက်ပေးလျက်ရှိရာ ယခုတစ်ပတ်တွင် အမှတ်(၇) မူလတန်းကျောင်း၌ ဆောင်ရွက်ခြင်းဖြစ်ပြီး သန့်ရှင်းရေး ဆောင်ရွက်ပေးသည့် အဖွဲ့ဝင်များအား ဆင်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာမနှင့် ရပ်ကွက်နေပြည်သူနှစ်ဦးက မုန့်နှင့်အအေးများ အာဟာရဒါနပြုခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ - နန်းရီ**



## သုံးခွမြို့နယ်တွင် ဈေးကွက်သို့ ပဲတီစိမ်းအဝင်များ၍ ဈေးအနည်းငယ်ကျလာ



**သုံးခွ ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပဲတီစိမ်းများ ဈေးကွက်အတွင်းသို့ အဝင်များလာ၍ ဈေးအနည်းငယ်လျော့ကျလာလျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်က တစ်တင်း (ပိဿာ ၂၀)လျှင် ကျပ် ၃၆၀၀၀ ဈေးဖြစ်သော်လည်း ပဲအဝင်များလာသည်နှင့်အမျှ ဈေးကျလာခြင်းကြောင့် ဖေဖော်ဝါရီ ၃ရက် ပေါက်ဈေးမှာ တစ်တင်းလျှင် ၃၃၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ပဲတီစိမ်းကို နိုဝင်ဘာလလယ်တွင် စတင်စိုက်ပျိုးကြပြီး နှစ်လခွဲအကြာတွင် ပဲစတင်ဆွတ်ခူးရရှိကာ တစ်ဦးနှင့်တစ်ဦး စိုက်ပျိုးချိန်ကွာခြားမှုကြောင့် ပဲထွက်ချိန်လည်း အနည်းငယ်ကွာခြားမှုရှိနိုင်ပြီး ဖေဖော်ဝါရီလလယ်တွင် လှိုင်လှိုင်ပေါ်မည်ဟု သိရသည်။

ပဲတီစိမ်းစိုက်ပျိုးကုန်ကျမှုနှင့်အကျိုးအမြတ်ရရှိမှုနှင့်ပတ်သက်၍ နန်းခလဲကျေးရွာမှ တောင်သူဦးမြင့်နိုင်က ၎င်း၏လယ် ၁၀ ဧကတွင် ပဲတီစိမ်းရွှေဝါမျိုးကို စိုက်ပျိုးထားကြောင်း၊ မိမိလယ်မှ တစ်ဧကပျမ်းမျှ ၁၄တင်း ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ပဲများရင့်မှည့်လာသဖြင့် ဆွတ်ခူးခြွေလှေ့ပြီး ဈေးအမြင့်ကိုစောင့်နေမည်ဖြစ်ကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ထွန်ယက်ခ၊ ပဲမျိုးစေ့ဖိုး၊ ပိုးသတ်ဆေး၊ အပင်အားဆေး၊ အသီးအားဆေးနှင့် ဆေးဖျန်းခ၊ မြေဩဇာဖိုး၊ လက်ဖြင့် ပဲဆွတ်ခူးခ၊ စက်ဖြင့်ခြွေလှေ့ခ စသည်တို့ အပါအဝင် စုစုပေါင်း ၂၄၅၀၀၀ ခန့်ကုန်ကျပြီး လက်ရှိပေါက်ဈေး ၃၃၀၀၀ ကျပ်နှုန်း ရရှိပါက တစ်ဧကမှ ၄၆၂၀၀၀ ကျပ် ရရှိနိုင်သဖြင့် တောင်သူအတွက် အမြတ်ကျန်ကြောင်း တွက်ချက်ပြသည်။

တောင်သူတစ်ဦးနှင့်တစ်ဦး မြေအမျိုးအစား၊ စိုက်ထုတ်သည့် ရင်းနှီးငွေ၊ ပြုစုပျိုးထောင်မှုနည်းစနစ်၊ ရာသီဥတုအခြေအနေနှင့် အလေးထားဆောင်ရွက်မှုတို့အပေါ် မူတည်၍ ပဲအထွက်နှုန်း ကွာခြားမှုရှိနိုင်ပြီး အကျိုးအမြတ်ရရှိမှုလည်း ကွာခြားနိုင်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## လှိုင်သာယာမြို့နယ်အတွင်း ရန်ကုန်-ပုသိမ် ကားလမ်းဘေးမှ ဈေးဆိုင်များကြောင့် ယာဉ်သွားလာမှုခက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

လူဦးရေနှစ်စဉ်တိုးလာလျက်ရှိသော လှိုင်သာယာမြို့နယ်တွင် ယာဉ်သွားလာမှုမှာလည်း ကျပ်တည်းလာလျက်ရှိရာ အထူးသဖြင့် လူနှင့်ယာဉ် ဖြတ်သန်းသွားလာမှုများသော ရန်ကုန်-ပုသိမ် ကားလမ်းမဘေး၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော ဆိုင်ခန်းများ ထပ်မံတိုးပွားလာမှုကြောင့် စက်ရုံတက်ဆင်းချိန်များတွင် လူနှင့်ယာဉ်များ သွားလာရေးခက်ခဲမှုများကို ယခင်ထက်ပို၍ ကြုံတွေ့နေရကြောင်း သိရသည်။

"မနေ့က မြို့နယ်စည်ပင်သာယာက လာပြောသွားတယ်၊ ၁၄ ရက်နေ့မှာ ရုံးကိုလာပြီး ၁၅ ရက်နေ့မှာ ဒဏ်ငွေဆောင်ဖို့ ပြောသွားတယ်၊ ဒီမှာနေတာ လေးလကျော်ပဲရှိသေးတယ်၊ အင်းစိန်ကိုသွားပြီး ဒဏ်ငွေဆောင်ရင် တစ်လကို ကျပ် ၁၆၀၀၀ ပေးရတယ်၊ လမ်းဘေးရေဆေးခုံတွေ၊ ဈေးဆိုင်တွေ၊ ဝပ်ရှော့တွေ၊ သစ်သီးဆိုင်တွေအားလုံး ဆောင်ရတယ်၊ မဆောင်ဘဲနေလို့မရဘူး၊ ရပ်ကွက်ထဲမှာ အိမ်လခငါးသောင်းပေးရတာထက်စာရင် ကားလမ်းဘေးမှာ လုပ်ငန်းလေးလုပ်ပြီး ဒဏ်ငွေဆောင်နေရတာ အဆင်ပြေတယ်လို့ဆိုရမှာပါ"ဟု စက်မှုဇုန်နှင့် အဆင့်မြင့်မှတ်တိုင်ကြားရှိ အမြန်လမ်းမကြီးဘေးတွင် ကားဝပ်ရှော့လုပ်ငန်းဖွင့်ကာ လူပါနေထိုင်လျက်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်-ပုသိမ် ကားလမ်းမကြီးဘေး၌ နှစ်စဉ် စီးပွားဖြစ်ဆိုင်ခန်းများ တိုး၍ ဖွင့်လှစ်လာမှုကြောင့် ယာဉ်များသွားလာရေး ခက်ခဲသည်သာမက ညပိုင်းအချိန်များတွင် လမ်းဘေးအမှောင်ရိပ်ထဲ၌ ရပ်တန့်ထားသောယာဉ်များကြောင့် ဖြတ်သန်းသွားလာသောယာဉ်များမှာ ယာဉ်မတော်တဆမှုများ ဖြစ်ပွားမည့်အန္တရာယ်ကိုလည်း စိုးရိမ်နေရသည့်အပြင် နေ့ပိုင်းတွင်လည်း သစ်သားခုံ၊ ကော်ပစ္စည်း၊ သံပိုက်နှင့် ရေစည်ပိုင်း စသည်တို့ ရောင်းသောဆိုင်များတွင် ပစ္စည်းအတင်အချပြုလုပ်ချိန်များ၌ ယာဉ်များရော လမ်းသွားလမ်းလာ ပြည်သူများပါ ယာဉ်အန္တရာယ်ကို စိုးရိမ်နေရကြောင်း သိရသည်။



ကားလမ်းမဘေး၌ ဖွင့်လှစ်ရောင်းချနေသော စက်ရုံစွန့်ပစ်ပစ္စည်း အရောင်းဆိုင်တစ်ဆိုင်

အဆိုပါ ရန်ကုန်-ပုသိမ် ကားလမ်းမကြီး၏ စက်မှုဇုန် မီးပွိုင့်လမ်းဆုံမှ ဘီအိုစီမီးပွိုင့်လမ်းဆုံအထိ လမ်းဘေးဝဲယာ၌ စီးပွားဖြစ်လူနေဆိုင်ခန်းများကို ဖွင့်လှစ်လုပ်ကိုင်နေကြသည်မှာ ကြာပြီဖြစ်သော်လည်း ယနေ့တိုင် ရှင်းလင်းဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း ဒေသခံအချို့၏ ပြောကြားချက်များအရ သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး**

## မြစ်ကြီးနား ကုန်တင်ကုန်ချစခန်းနေရာနှင့် မြို့တွင်းတည်ဆောက်ရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်းသို့ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှုကြောင့် မြို့ပေါ် လမ်းများ ပျက်စီးမှု မဖြစ်စေရေးနှင့် ကုန်စည်စီးဆင်းမှု ချောမွေ့ကာ အဝေးပြေးယာဉ်များ စနစ်တကျ ဖြတ်သန်းသွားလာနိုင်ရေးအတွက် မြစ်ကြီးနားကုန်တင်ကုန်ချစခန်း တည်ဆောက်မည့် မြေနေရာနှင့် မြစ်ကြီးနားမြို့တွင်း တည်ဆောက်ရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လယ်ကုန်းရပ်ကွက် ဧးလွန်အထကကျောင်း၌ မီးလောင်ဆုံးရှုံးသွားသည့် ကျောင်းခန်းမ ပြန်လည်တည်ဆောက်နိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ရမ်ပူရပ်ကွက်အတွင်း စည်ပင်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်နေသည့် အရှည်ပေ ၃၅၅၀ ကတ္တရာလမ်း ခင်းကျင်းဆောင်ရွက်နေမှု၊ မြို့သစ်ရပ်ကွက်၌ ဗိုလ်ချုပ်ပန်းခြံနှင့် စိမ်းမြရောပန်းခြံ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ရက်ကန်းသင်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် တပ်ကုန်းရပ်ကွက်အတွင်း လမ်းရေကျော်၍ ရေဝပ်သည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် စီတာပူရပ်ကွက် ကွင်းအမှတ်(၁၂/၂-က/စီတာပူတောင်)ရှိ မြေအကျယ် ၇ ဒသမ ၃၈၂ ဧကပေါ်တွင် မြစ်ကြီးနားကုန်တင်ကုန်ချစခန်း တည်ဆောက်မည့်နေရာသို့ သွားရောက်ပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးက တည်ဆောက်ရန်လျာထားသည့် အဆိုပြုပုံစံများ၊ ဗန်းမော် -ကန်ပိုက်တီ- ဝိုင်းမော် လမ်းကြောင်းနှင့် မန္တလေး-မိုးညှင်း- မိုးကောင်းလမ်းကြောင်းတို့မှ ကုန်တင်ယာဉ်များ စခန်းသို့ဝင်ရောက်မည့် လမ်းကြောင်းများ စသည်တို့ကို ရှင်းလင်းတင်ပြကာ ဝန်ကြီးချုပ်က ကုန်သည်များနှင့်ညှိနှိုင်းဆွေးနွေး၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် သီတာရပ်ကွက်ရှိ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနပိုင် မြေနေရာ၌ မြေယာပိုင်ဆိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ပြည်နယ်အဆင့် ခေတ်မီအားကစားကွင်း ဖြစ်ပေါ်လာစေရေးနှင့် အားကစားပြိုင်ပွဲများကို တစ်နေရာတည်းတွင် တစ်ပြိုင်တည်းကျင်းပနိုင်သည့် ကွင်းတစ်ခုအဖြစ် အကောင်အထည်ဖော်နိုင်ရေး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

## ဥပုသ်ချောင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ကလေး ဖေဖော်ဝါရီ ၆**

ကလေးမြို့၏အလယ်တွင် အနောက်မှ အရှေ့ဘက်သို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ဥပုသ်ချောင်းအတွင်းသို့ မြို့နေပြည်သူအချို့စည်းကမ်းမဲ့စွန့်ပစ်သော အမှိုက်သရိုက်များကြောင့် ရေလမ်းပိတ်ဆို့ကာ မိုးတွင်းကာလများ၌ ရေကြီးရေလျှံမှုအန္တရာယ် ရှိနိုင်သောကြောင့် သာယာအေးမြသည့် ဥပုသ်ချောင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ကာ ကလေးခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီများ၏ ဦးဆောင်မှုဖြင့် စက်ယန္တရားများဖြင့် ရေလမ်းကြောင်းဖော်ခြင်းနှင့် အမှိုက်များရှင်းထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥပုသ်ချောင်းရေများ အရှေ့ပိုင်း မြစ်သာမြစ်အတွင်းသို့ ပုံမှန်စီးဝင်သွားနိုင်ရန်အတွက် တပ်ဦးသီတာရပ်ကွက်မှစ၍ စက်ယန္တရားကြီးများဖြင့် တူးဖော်ပေးလျက်ရှိရာ ပြည်သူများက ဥပုသ်ချောင်းအတွင်း အမှိုက်များစွန့်ပစ်ခြင်းမပြုကြရန် လိုအပ်လျက်ရှိသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီက အမိန့်ထုတ်ပြန်ခြင်းထက် မြို့ပေါ်နေပြည်သူများကလည်း ကိုယ်စီ အသိစိတ်ဓာတ်များဖြင့် ဥပုသ်ချောင်းရေသန့်ရှင်းရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်သလို မီဒီယာနည်းဖြင့်လည်း ပြည်သူများအား အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးနိုင်ပါက ပိုမိုထိရောက်မည်ဟု မြို့နေပြည်သူတစ်ဦးက ပြောသည်။ **ချင်းတွင်းသား**



## ကျောက်ပန်းတောင်းမြို့ စည်ပင်သာယာဈေးကြီးတွင် မီးဘေးကာကွယ်ရေး စစ်ဆေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ရှိ မြို့မစည်ပင်သာယာဈေးကြီးတွင် မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားမှုများကို မြို့နယ်မီးသတ်ဦးစီးဌာနက ကွင်းဆင်းစစ်ဆေးခြင်းနှင့် ပြည်သူများ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာများရရှိစေရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဖေဖော်ဝါရီ ၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲကျော်စွာအောင်ကျော်ဝင်းနှင့် သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့မစည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများတွင် မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံစစ်ဆေးကြပြီး ဈေးဆိုင်ခန်းပိုင်ရှင်များနှင့် ဈေးလုပ်သားများအား မီးဘေးကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သလို မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြကြောင်းသိရသည်။

**နေအောင်(ပြန်/ဆက်)**

# စလောင်းကျေးရွာ ရွှေဥဒေါင်းတောင်ပေါ်၌ ဇမ္ဗူဒီပါဗုဒ္ဓရာဇာစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်

**လွိုင်ကော် ဖေဖော်ဝါရီ ၆**

ကယားပြည်နယ် ရှားတောမြို့နယ် စလောင်းကျေးရွာအနီးရှိ ရွှေဥဒေါင်းတောင်ပေါ်တွင် ကယားပြည်နယ်ငြိမ်းချမ်းစေရန် ရည်ရွယ်၍ ဇမ္ဗူဒီပါဗုဒ္ဓရာဇာ စေတီတော်မြတ်ကြီးအား တည်ထားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဇမ္ဗူဒီပါဗုဒ္ဓရာဇာစေတီတော်မြတ်ကြီးသည် ဉာဏ်တော် ၃၁ တောင် အမြင့် ဆောင်တော်မူပြီး ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် ဆောင်းပြောင်းကျေးရွာ ဆရာတော် ဦးကဝိန္ဒနှင့် ဆရာတော်ဦးကောသလ္လတို့ အမှူးပြုလျက် စလောင်းကျေးရွာမှ ရွာသူ ရွာသားများ၊ ရှားတောမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ၊ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် ဆောင်းပြောင်းကျေးရွာမှ ရွာသူရွာသားများက တည်ထားကိုးကွယ်ကြခြင်းဖြစ်သည်။

စေတီတော်မြတ်ကြီး၏ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ရတနာစိန်ဖူးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓဘိသေကအနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**



# ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၆**

၂၀၁၈ ခုနှစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အောင်သံလွင်အားကစားကွင်း၌ ဇန်နဝါရီ ၂၂ ရက်မှ စတင်ကျင်းပခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။ ဗိုလ်လုပွဲတွင် လူမှုရေးဘောလုံးအသင်းနှင့် အထွေထွေအုပ်ချုပ်ရေးဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ပွဲချိန်အတွင်း သရေကျကာ အချိန်ပိုတွင် လူမှုရေးဘောလုံးအသင်းက အနိုင်ဂိုးနှစ်ဂိုးရရှိသဖြင့် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ လူမှုရေးဘောလုံးအသင်းသည် နှစ်နှစ်ဆက်တိုက် အနိုင်ရဗိုလ်စွဲခဲ့ခြင်းလည်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အနိုင်ရဗိုလ်စွဲသွားသော လူမှုရေးဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီးဦးစိုးလှိုင်နှင့် တာဝန်ရှိသူများက အခြားဆုရအသင်းများနှင့် တစ်ဦးချင်းဆုများ ချီးမြှင့်ခဲ့သည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ဝန်ကြီးဌာနအချင်းချင်း ရင်းနှီးချစ်ခင်မှုရှိစေရန်၊ ဌာနအတွင်းရှိ ဝန်ထမ်းများ စိတ်ဖိစီးမှု လျော့နည်းပပျောက်စေပြီး စိတ်ပျော်ရွှင်မှုများရရှိစေရန်၊ အားကစားကိုလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်သန်စွမ်းသော နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာစေရန်၊ ဝန်ကြီးဌာနပြိုင်ပွဲမှတစ်ဆင့် ပြည်နယ်ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဝန်ကြီးဌာနဘောလုံးအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် အလွတ်တန်းဘော်လီဘောပြိုင်ပွဲကျင်းပ

**ရေနံချောင်း ဖေဖော်ဝါရီ ၆**

ရေနံချောင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးကော်မတီဥက္ကဋ္ဌဖလား (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်းဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ရေနံချောင်းမြို့ အိုးဘိုရပ်ကွက် မြို့မကျောင်းရှေ့ရှိ



လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ နည်းပြ/နည်းစနစ်မှူး ဦးအောင်ဖြိုးကိုက အမှာစကားပြောကြားပြီး မြို့နယ်ဘော်လီဘောဆပ်ကော်မတီနာယက ဦးတင်မောင်ရီက ပြိုင်ပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပင်းဝကျေးရွာဘော်လီဘောအသင်းနှင့် ဘေးမဲ့ရပ်ကွက် ဘော်လီဘောအသင်းတို့က အဖွင့်ပွဲစဉ်ကို စတင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲတွင် ပင်းဝကျေးရွာ၊ ဘေးမဲ့ရပ်ကွက်၊ ရေနံချောင်းဒီဂရီကောလိပ်၊ ရှာပင်ရိုးရပ်ကွက်၊ ရဲသင်တန်းကျောင်း၊ မြို့မမြောက်ရပ်ကွက်နှင့် ဘူကျွန်းကျေးရွာတို့မှ ဘော်လီဘောအသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆုများကို ဖေဖော်ဝါရီ ၁၂ ရက် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုစိုးကြီး(ပြန်/ဆက်)**

# ချိုင့်ခွက်များဖြစ်ပေါ်နေသော ကားလမ်းကို ပြုပြင်

**မလှိုင် ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့ပြည်သူ့ဆေးရုံ အရှေ့ဘက်ရှိ ချိုင့်ခွက်များ ဖြစ်ပေါ်ပျက်စီးနေသော စက်မှု(၁)လမ်းကို မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထပ်ပိုးလွှာခင်း၍ ပြုပြင်ခြင်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ထိုလမ်း၏ သံလမ်းဆုံမှ ဆေးရုံလမ်းဆုံကြား လမ်းအရှည် ပေ ၆၅၀ တွင် အကျယ် ၁၂ပေ ပြုပြင်ခင်းကျင်းမှုများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၅၉၁၀၀၀၀ ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မလှိုင်မြို့ စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းထံမှ သိရသည်။

အဆိုပါလမ်းအပြင် မလှိုင်မြို့ဆေးရုံလမ်းဆုံနှင့် မီးသတ်ရုံးကြားမှ လမ်းအရှည် ၁၁၅ ပေတွင်လည်း အကျယ် ၁၈ ပေ ပြုပြင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မီးပွိုင့်ကြားလမ်းကိုလည်း ပြုပြင်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**



ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ဆော်ဒါ

IDEAL CLASS EDUCATION CENTRE

ICEC

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက်
KG မှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းအပ်လက်ခံနေပြီ။

စံ ပညာရိပ်သာ — ခြံအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်။
Tel : 09 300 59147, 09 300 59148
09 7958 86818, 09 2559 65938

စံပြ ကျောင်း — (5-A/B) လယ်ယာရွှေမြေလမ်း၊မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်။
Tel : 09 731 66911, 09 450 401055
09 450 401011, 09 731 62577

စံမီ ကျောင်း — (၆၉၁/ခ-၂)၊ ညောင်တုန်းလမ်းနှင့်ကျန်စစ်သားလမ်းထောင့်၊ (ရုံးရှေ့မှတ်တိုင်)၊ လှိုင်သာယာမြို့နယ်။
Tel : 09 785274023, 09 970 490781, 09 9799 862303

သန်လျင်မြို့တွင် ထပ်မံဖွင့်လှစ်လိုက်သော ကျောင်းသစ်

စံ (သန်လျင်)ကျောင်း — အမှတ်(၇)၊ကျိုက်ခေါက်ဘုရားလမ်း၊သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့နယ်။ (ပွင့် - မြန်မာထမင်းဆိုင်နှင့်မျက်နှာချင်းဆိုင်)
Tel : 09 441 311 653, 09 441 311 628
09 790 767 138, 09 951 862 917

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ဂုဏ်တန်ရပ်)၊ မြေကွက်အမှတ်(၁၆၄ ခ)၊မြေဧရိယာ ၀ဒသမ ၀၅၅၈ကေရှိ မြို့မြေကွက်အား ဒေါ်နွေးနွေး (ဘ) ဦးမောင်မောင်လွင် ၉/လဝန(နိုင်) ၂၄၂၀၆၄မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**




# ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာ့အလှနှင့် AMCD ဆောက်လုပ်ရေး၊ Golden Beach Hotel ချောင်းသာ၊ ရေ့ဆောင်ပုံနှိပ်လုပ်ငန်းမှ ဦးကျော်ခိုင် - ဒေါ်ခင်ခင်အေး မိသားစု၏ (၂၈-၁-၂၀၁၈) တနင်္ဂနွေနေ့တွင် ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီး (တိုးချဲ့ဆောင်) လှူဒါန်းခြင်းအား လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။
နောင်တွင်လည်း ဆက်လက်ပြီး အများပြည်သူအကျိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- **U Kyi Soe (Managing Director)** — Khit Thit Trading
- **U Ye Myint (Managing Director)** — Punyoma International Co., Ltd.
- **U Than Aung (Managing Director)** — Diamond Double Star Co., Ltd.
- **U Nay Win (Director)** — Shwe Thazin Investment Co., Ltd.
- **U Tin Latt (Managing Director)** — Sein Diamond Industrial & Commercial Co., Ltd.
- **U Myint Maung (Managing Director)** — Hmwe Plastic Bag Enterprise
- **U Maung Maung Oo (Managing Director)** — Shwe Super Light Co., Ltd.
- **U Aung Kyaw Oo (Director)** — Shwe International Co., Ltd.
- **Dr. Myat Thu (Managing Director)** — Asia Royal Service Co., Ltd.
- **U Win Aung (Chairman)** — Mandalay Golden Wing Construction Ltd.
- **U Maung Maung Win (Managing Director)** — Sein Gay Har Co., Ltd.
- **U Htay Yin (Managing Director)** — Smile World Co., Ltd.
- **U Hla Thein (Managing Director)** — Myanmar Steel Co., Ltd.
- **U Kyaw Naing Oo (Chairperson)** — NAING Group of Companies
- **U Myat Min (Director)** — Shwe Linn Yone Trading
- **U Boo Thein (Managing Director)** — Inn Pauk Wa Co., Ltd.
- **U Thaw Zin (Managing Director)** — YTT Co., Ltd.
- **U Andrew Han Thein (Founder & CEO)** — IQ Vision Eye Care
- **U Hla Oo (Managing Director)** — Good Brother's Machineries Co., Ltd.
- **U Zeya Aung (Executive Chairman)** — Super One Holding Co., Ltd.
- **U Su Wai (Managing Director)** — New Strength Co., Ltd.
- **U Tin Oo (Managing Director)** — YYT International Co., Ltd.
- **U Tun Lwin (Managing Director)** — Shwe Me Co., Ltd.
- **U Zaw Weit (Managing Director)** — Myanmar Best Supporting Service Co., Ltd.
- **U Kyi Soe (Chairman)** — Hock Pte Ltd.
- **U Min Banyar San (Director)** — Hnin Thar Media Corporation Co., Ltd.
- **U Aung Shein (CEO)** — Ever Seiko Co., Ltd.
- **U Yone Mu (Chairman)** — Green Light Treasure Co., Ltd.
- **U Soe Hlaing (Managing Director)** — Taunggyi Gem-Master Enterprise Ltd.
- **U Kyaw Min Htun (Chairman)** — Hitachi Soe Electric & Machinery Co., Ltd.
- **U Maung Maung Tin (Managing Director)** — All States International Co., Ltd.
- **U Aung Zaw Oo (Managing Director)** — Myint Mo Hlwan Construction Co., Ltd.
- **U Win Swe (Managing Director)** — Win & Win Co., Ltd.
- **Dr. Kyaw Win (Director)** — Bright Light Co., Ltd.
- **U Zaw Moe Khaing (Managing Director)** — Pacific AA Group

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/2384 Toyota WISH ZWE 10, station wagon (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်း ၉/မခန(နိုင်)၁၈၈၃၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7700 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/7459 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၁၀)၊ ဦးပိုင်အမှတ်(၄)၊ ၆၄×၆၅လမ်းကြား၊ မြို့ရိုး×ဝေသာလီလမ်းကြားရှိ ဦးအောင်ကျော်မြင့် အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးစန်းမောင် ၁၂/သဃက(နိုင်)၁၀၁၈၈၉မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၁၀)၊ ဦးပိုင်အမှတ်(၃)၊ ၆၄×၆၅လမ်းကြား၊ မြို့ရိုး×ဝေသာလီလမ်းကြားရှိ ဒေါ်ခင်နှင်းရွှေ အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးစန်းမောင် ၁၂/သဃက(နိုင်)၁၀၁၈၈၉မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၁၀)၊ ဦးပိုင်အမှတ်(၁၁)၊ ၆၄×၆၅လမ်းကြား၊ မြို့ရိုး×ဝေသာလီလမ်းကြားရှိ ဦးကံရေး အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးစန်းမောင် ၁၂/သဃက(နိုင်)၁၀၁၈၈၉မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/2124 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော်မောင်တင်ကိုလတ်၏ဇနီး မစန်းယုမော် ၁၂/သကတ(နိုင်)၂၀၆၇၁၁ သည် ၁၄-၁၀-၂၀၁၇ရက်မှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါ။ သို့ဖြစ်ပါ၍ မစန်းယုမော်နှင့်ပတ်သက်သည့် ငွေရေးကြေးရေးနှင့် အခြားအရှုပ်အရှင်းကိစ္စအဝဝကို ကျွန်တော်မှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**တင်ကိုလတ် ၁၂/တမန(နိုင်)၀၇၅၃၆၇**
**အမှတ်(၃၀)၊ နတ်ချောင်း(၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးသန်းဝင်း-ဒေါ်ညွန့်မေတို့၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ ကံသာကုန်းရွာနေ မောင်ရဲကျော်အောင်(ခ)အီလီယာစ်သည် မိဘအားစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင်၊ မိဘသိက္ခာကျအောင် အကြိမ်ကြိမ်ကျူးလွန်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်ပြီး လူမှုရေး၊ ငွေရေး ကြေးရေးကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**ဦးသန်းဝင်း**
**၁၂/ဗဟန(နိုင်)၀၇၈၇၅၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့၊ မြို့မရပ်ကွက်၊ အိမ်အမှတ်(၁၁)၊ မြဝတီလမ်းတွင်နေထိုင်သော ဦးချစ်-(ဒေါ်သန်းစိန်)တို့၏မြေး (ဦးစိုးထက်ဦး)-ဒေါ်သူသူလွင်တို့၏သား မောင်ရှိန်ဝါထက်သည် အဘိုး၊ အဘွား၊ မိဘများအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား လုံးဝ(လုံးဝ) တာဝန်မယူပါ။
**ဒေါ်သူသူလွင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် မြန်မာနိုင်ငံအတွက်ရောဂါစီမံချက်အတွက်လိုအပ်သော (Carbamazepine 200mg Tablet နှင့် Sodium Valproate 200mg Tablets) ဆေးများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | ၁၃-၂-၂၀၁၈ ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၁၉-၂-၂၀၁၈ ရက် မွန်းလွဲ ၂း၀၀ နာရီ |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂ |

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ကန့်ဘလူမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် (၉)**

| | | |
|---|---|---|
| ၁။ ဦးပြန့်ဌေး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးလှမြင့်) <br> ၂။ ဒေါ်ဝင်းကြည် | နှင့် | ၁။ ဦးအောင်ဘိုတင် <br> ၂။ ဒေါ်ခင်မေအောင် <br> ၃။ ဦးအောင်ကိုဝင်း <br> ၄။ ဦးဇော်ကိုဝင်း <br> ၅။ ဒေါ်ဌေးမြင့် <br> ၆။ ဒေါ်ကြည်ဌေး <br> ၇။ မောင်အာကာဝေယံဘိုဘိုထက် <br> ၈။ ဦးဘိုတင် <br> ၉။ ဒေါ်ညွန့်ညွန့်စိန် <br> ၁၀။ ဒေါ်ညွန့်ညွန့်သိန်း <br> ၁၁။ ဦးမောင်မောင်ကျော် <br> ၁၂။ ဦးကျော်ဇော <br> ၁၃။ ဦးသိန်းဝင်း <br> ၁၄။ ဒေါ်စန်းစန်းမြင့် |
| **တရားလိုများ** | | **တရားပြိုင်များ** |

ကန့်ဘလူမြို့၊ ရန်ကြီးအောင်ရပ်၊ ဇီးကုန်း(က)ရွာနေ (၉)တရားပြိုင် ဒေါ်ညွန့်ညွန့်စိန် (ဘ)ဦးတုတ်နှင့် (၁၀)တရားပြိုင် ဒေါ်ညွန့်ညွန့်သိန်း (ဘ)ဦးတုတ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းခွဲဝေပေးလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသောစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းလွင်)**
**မြို့နယ်တရားသူကြီး**
**ကန့်ဘလူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ နောင်ယား (က)ရပ်ကွက်၊ အကွက်အမှတ် ၇၅၊ ဦးပိုင် ၈၄၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကသည် ဦးကျော်ဆွေအမည်နှင့်လည်းကောင်း၊ အကွက်အမှတ် ၇၅၊ ဦးပိုင် ၈၉၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကသည် ဦးချစ်ဆွေအမည်ဖြင့် ဒေါ်တင်ရွှေသို့လည်းကောင်း၊ ဒေါ်တင်ရွှေမှ ဒေါ်ဖလော်ရာသက်မွန်သို့လည်းကောင်း အစဉ်သင့်ရောင်းချခဲ့ပါသည်။ အဆိုပါမြေနှစ်ကွက်အား ကျွန်မ ဒေါ်ဖလော်ရာသက်မွန် တစ်ဦးသာလျှင် အကျိုးခံစားကြောင်း ကျမ်းကျိန်မှုစာချုပ်မှတ်ပုံတင်ထား၍ ကန့်ကွက်လိုသူရှိက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**ဒေါ်ဖလော်ရာသက်မွန်**
**၂/လကန(နိုင်)၀၄၄၅၃၇**
**ဖုန်း-၀၉-၇၈၁၀၁၁၄၁၅၆**

## ဦးတင်အေးနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရဲဘော်ကွက်သစ်နေ ဒေါ်ဌေးဌေးဝင်း (ဘ)ဦးကျော်ဝင်း ၉/အမရ(နိုင်)၀၄၇၁၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ရဲဘော်ကွက်သစ်၊ ကွင်းအမှတ် (၅၁၆)၊ ဦးပိုင်အမှတ် (၁၁၉)၊ ဧရိယာ ၂ ဒသမ ၄၂ ဧကရှိမြေကွက်နှင့်ပတ်သက်၍ ဆောင်ရွက်ပေးမည်ဟု ဦးတင်အေး (ဘ)ဦးညွန့်မောင် ၇/သဝတ(နိုင်)၀၂၂၇၉၀ မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးဝင်းအား ယုံကြည်အောင်ပြောဆို၍ (၆-၈-၂၀၁၆)ရက်စွဲပါ နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်ကို အသိသက်သေများအရှေ့တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့သဘောတူညီထားသော်လည်း ဦးတင်အေးအနေဖြင့် အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်ပြီး တစ်စုံတစ်ရာဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ရှာဖွေသော်လည်း အဆက်အသွယ်မရရှိခဲ့ပါ။

သို့ဖြစ်ပါ၍ (၆-၈-၂၀၁၆)ရက်စွဲပါ နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်ကို ကျွန်ုပ်မိတ်ဆွေမှ ဖျက်သိမ်းပြီးဖြစ်၍ စာချုပ်မှာ ပျက်ပြယ်သွားပြီဖြစ်ပါကြောင်းနှင့် ဦးတင်အေးအနေဖြင့် ဤကြေညာချက်အပေါ် ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း၊ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ဦးတင်အေးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်သန်းဌေး LL.B, D.B.L အထက်တန်းရှေ့နေ (စဉ်-၄၅၁၇၇)**
**အမှတ် (၆၄)၊ နယ်မြေ (၁/က)၊ မှန်တန်းရပ်ကွက်၊**
**အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၆၈၁၁၆၆၀**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ၁၉၆၄-၆၈ ခုနှစ် ဘွဲ့ရသူငယ်ချင်းများ
## (၁၅)ကြိမ်မြောက် မိတ်ဆုံခရီးနှင့် အလှူဒါနပြုလုပ်မည့်အစီအစဉ်

| | | |
|---|---|---|
| **နေ့ရက်** | - | ၁၂-၂-၂၀၁၈ (တနင်္လာနေ့) ပြည်ထောင်စုနေ့ |
| **သွားရောက်မည့်နေရာ** | (၁) | တွံတေးမြို့၊ ရွှေဆံတော်ဘုရားဖူးခြင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ရဟန်း (၁၇)ပါး၊ သာမဏေ (၁၀၅)ပါး၊ ကျောင်းသား ကျောင်းသူ (၁၆၅)ဦးတို့အား ဆွမ်းကပ်လှူဒါန်းကျွေးမွေးခြင်း။ |
| **ခရီးစဉ်အချိန်** | - | Water Bus လူ(၂၀၀)ဆံ့ သင်္ဘောကြီးဖြင့် သွားရောက်မည်ဖြစ်ပါ၍ ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းသို့ နံနက် (၇း၃၀)နာရီအရောက် လာရောက်စုစည်းကြပါရန် |
| **မှတ်ချက်** | (၁) | ရဟန်းသာမဏေ ကျောင်းသားကျောင်းသူများအား လှူဒါန်းရန် မိမိအစီအစဉ်ဖြင့် ယူဆောင်လှူဒါန်းနိုင်ပါသည်။ |
| | (၂) | နေ့ချင်းပြန်ခရီးစဉ်ဖြစ်ပါသည်။ |
| **ဆက်သွယ်ရန်** | (၁) | ဦးအေးကြူ ဖုန်း-၀၉-၂၅၄၇၄၅၇၆၅ |
| | (၂) | ဒေါ်နန်းမေစန်း ဖုန်း-၀၉-၅၁၈၅၁၁၁ |
| | (၃) | ဒေါ်ခင်ဝင်းရီ ဖုန်း-၀၉-၅၄၀၇၇၂၀ (ရွှေဘို) |
| | (၄) | ဒေါ်ရီရီသိန်း ဖုန်း-၀၉-၂၅၄၃၁၄၂၆၆ |

## ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့ သာရမဏ္ဍာသာ မိုးကောင်းစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲကြီး

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ တွဲဖက်ရွှေကျင်သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ ဦးစီးမွမ်းမံပြုပြင်တော်မူသော သဲကုန်းမြို့ သာရမဏ္ဍာသာ မိုးကောင်းစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲတော်ကြီးကို ရပ်ကွက်(၁)၊ ဘုရားကြီးလမ်း၊ သာရမဏ္ဍာသာ မိုးကောင်းစေတီတော်မြတ်ကြီးရင်ပြင်အသစ်ပေါ်တွင် (၁၃၇၉ခု တပေါင်းလဆန်း ၁ရက်) ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် စတင်၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညို ပူဇော်နိုင်ကြပါရန်လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

၎င်းရွှေထီးတော်တင်လှူပွဲကြီး အထူးဓမ္မသဘင်ပွဲများကို သာရမဏ္ဍာသာ မိုးကောင်းစေတီတော်ကြီးရှေ့ ဓမ္မသဘင်ကွင်းကြီးတွင် **ညစဉ် ည၇း၃၀ နာရီမှစတင်၍ (၁၃၇၉ခု တပို့တွဲလပြည့်ကျော် ၁၄ရက်) ၁၄-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) တွင် သီတဂူဒေါက်တာက္ကန္ဒာစရိယ (PhD ဓမ္မကထိကဗဟုနေဟိတရေ) ဆရာတော်မှလည်းကောင်း၊ (၁၃၇၉ခု တပေါင်းလဆန်း ၁ရက်) ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) သီတဂူအရှင်တိက္ခသာရ (ကျောင်းအုပ်ဆရာတော် ကေတုမတီ သီတဂူဗုဒ္ဓတက္ကသိုလ်) တောင်ငူဆရာတော်မှလည်းကောင်း၊ (၁၃၇၉ခု တပေါင်းလဆန်း ၂ ရက်) ၁၆-၂-၂၀၁၈ရက် (သောကြာနေ့)တွင် သီတဂူဒေါက်တာအရှင်ဉာဏဝရ(PhD သီတဂူကထိက)ဆရာတော်မှလည်းကောင်း** ဟောကြားသွားမည်ဖြစ်ပါသဖြင့် ဓမ္မမိတ်ဆွေအပေါင်းတို့မှ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓဘိသေကအနေကဇာတင်လှူပွဲကြီးတွင် အဆိုတော် တေးသံရှင် ဒေါ်ရီရီသန့်နှင့် နိုင်ငံကျော်အဆိုတော်များ၊ အနုပညာရှင်များမှ ဓမ္မပူဇာတေးများဖြင့် ဧည့်ခံဖျော်ဖြေသွားပါမည်။

**သာရမဏ္ဍာသာ မိုးကောင်းစေတီတော်မြတ်ကြီးဂေါပကအဖွဲ့**
**သဲကုန်းမြို့**

## ကိုးဘွဲ့ရ ရိပ်သာ၌ နစ်ညအိပ် သုံးရက် [၁၆-ကြိမ်မြောက်] တရားစခန်း ဖွင့်လှစ်မည်။

နိုင်ငံကျော် ဓမ္မကထိက ကိုးဘွဲ့ရဆရာတော် အရှင် အာစာရာလင်္ကာရ အရှင်သူမြတ် ဦးဆောင်သည့်ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၌မြတ်စွာဘုရား၏ ဒေသနာတော်အတိုင်း ....

**၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃-၂၄-၂၅ သောကြာ-စနေ-တနင်္ဂနွေ**

နေ့များတွင် တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါပြီ။

**(ယောဂီတစ်ပါးအိပ် သံကုတင် တစ်လုံး-၇၅၀၀ဝိ/-၊ အာရုဏ်ဆွမ်း-တစ်သိန်းကျပ်၊ နေ့ဆွမ်း - တစ်သိန်းငါးသောင်းကျပ်၊ ဖျော်ရည်-ငါးသောင်း၊ ရေသန့်-၁၅၀၀ဝိ/လည်း လှူဒါန်းနိုင်ပါပြီ။)**

ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဝထုးလမ်း၊ မြောက်-ဒဂုံ။ ကျောင်းဖုန်း - ၀၉ ၄၄၄ ၇၈၈ ၁၈၅




## နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်မြို့)

နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

| | | |
|---|---|---|
| **နေ့ရက်နှင့်အချိန်** | - | ၁၁-၂-၂၀၁၈ (တနင်္ဂနွေနေ့)၀၉း၀၀ နာရီ |
| **နေရာ** | - | ရန်ကုန်စည်ပင်ခမ်းမရုံ၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး မပျက်မကွက် တက်ရောက်ကြပါရန် |
| **လမ်းညွှန်** | - | YBS ၈၊ ၁၁၊ ၇၇ |

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ပြင်အလုပ်ရုံခန်း အမှတ်(ယ-၃၃)ဆိုင်ခန်းအား ရေဆင်းအုပ်စု၊ ရွှေကျကျေးရွာ၊ ပျဉ်းမနားမြို့နေ ဦးဝင်းအောင် ၉/ပမန(နိုင်)၁၀၃၂၉၃က အမည်ပေါက်ပိုင်ဆိုင်၍ အမှတ် ၄၈၊ (၅)ရပ်ကွက်၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့နေ ဒေါ်လှဝင်း ၁၃/တကန(နိုင်)၂၈၇၇၅၉ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် ဒေါ်လှဝင်းမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၈)၊ အကွက်အမှတ် ၃၆/ရှမ်းဈေးတန်းရပ်၊ ဦးပိုင်အမှတ် ၄/င၊ မြေချိန်ဧရိယာ ၀ဒမ၁၉၄ဧက၊ အမှတ်တွဲအမှတ် ၅၀၁-၅/၁၉၉၄-၁၉၉၅(အေ)ဖြင့် ဒေါ်ခေါန်ရှောင်အမည်ပေါက်ပြီး ၎င်းသည် မြေကွက်၏မြောက်ဘက်ခြမ်း မြေဧရိယာ ၀ ဒသမ ၀၈၉ ဧကအား ၁၀-၁၀-၂၀၀၅ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ် ၂၉၅I/၂၀၁၀ ဖြင့် ဦးဆိုင်ဖုန်းသို့ ရောင်းချထားပြီးဖြစ်ကြောင်း ဒေါ်ခေါန်ရှောင်သည် ၁၇-၅-၂၀၀၇ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ခင်ပွန်းဦးခေါင်ဒေါင်မှာ တရားဝင်ခင်ပွန်းဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် ၄၃၄/၂၀၁၅ ဖြင့် ကျမ်းကျိန်ထွက်ဆိုပြီး ကျန်ရှိသောမြေကွက်၏တောင်ဘက်ခြမ်း ဧရိယာ ၀ ဒသမ ၁၀၅ ဧကအား အမွေပြင်ဆင်ဖြည့်စွက်ခြင်းစာချုပ်အမှတ် ၂၈၇I/၂၀၁၇ ဖြင့် အမွေဆက်ခံပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် ဦးဆိုင်ဖုန်း ၁၃/လရန(နိုင်) ၁၀၁၈၃၁ နှင့် ဦးခေါင်ဒေါင် ၁၃/လရန(နိုင်)၀၃၈၄၂၂ တို့၏အမည်ဖြင့် ဦးပိုင်ခွဲစိတ် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ တင်သွင်းထားသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဦးအေးလွင် ၁၄/မအပ(နိုင်)၀၇၀၉၅၅၊ ၄က်ပျောစမ်းရွာ၊ အလယ်ချောင်းအုပ်စု၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ အမှတ် (၈၉/၉၀)နေ ဦးမင်းသိမ်း ၁၃/ကမန(နိုင်)၀၀၁၅၉၃ ညွှန်ကြားချက်အရ လူကြီးမင်းထံ သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဦးမင်းသိမ်းထံမှ လူကြီးမင်းသည် ငါးဖိုးကြိုတင်ယူငွေ ၄၉၀၄၁၀၂၅ (ငွေလေးရာကိုးဆယ်သိန်းလေးသောင်းတစ်ထောင်နှစ်ဆယ့်ငါးကျပ်)အား ပေးဆပ်ရန် ကျန်ရှိနေပါသည်။

အဆိုပါငွေအား ပေးဆပ်မည်ဖြစ်ကြောင်း ၃-၁၀-၂၀၁၄ ရက်နှင့် ၂၈-၇-၂၀၁၆ ရက်များတွင် ဝန်ခံကတိစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ တိမ်းရှောင်နေပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းက ပေးဆပ်ရန်ရှိသော အဆိုပါငွေအား ယနေ့မှ ၁၀ ရက်အတွင်း ပေးဆပ်ရန်နှင့် အကယ်၍ ပေးဆပ်ခြင်းမရှိပါက ရာဇဝတ်ကြောင်း (သို့မဟုတ်) တရားမကြောင်းအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးမင်းသိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနိုင်ဦး (စေတုတ္တရာ)** | **ဒေါ်ချစ်တိုးမေ LL.B(Advocate)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၀၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၆၅)** |
| **ဖုန်း-၀၉-၄၂၂၄၆၅၉၈၅၊ ၀၉-၉၆၀၇၃၄၀၅၀** | **ဖုန်း-၀၉-၉၇၆၄၀၇၀၁၈၊ ၀၉-၂၅၄၅၈၆၉၇၉** |

**ဒေါ်စုစန္ဒီနိုင်ဦး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၆၉၆၈)**
**ဖုန်း-၀၉-၄၂၀၀၉၈၂၅၈**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4K/9306 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**


MPT
ရွှေသို့လှမ်း၍မြန်မာပြည်
ချိုသာ
၆ကျပ်/မိနစ်
၁၅၀၀ ကျပ်
၂၃၅ မိနစ်
*106*1*1#
(၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
“MPT ကြိုးဖုန်းနှင့်
MPT မိုဘိုင်းဖုန်းအားလုံးသို့ ခေါ်ဆိုနိုင်ပါသည်။”
၁ မိနစ် ၆ ကျပ်အတွက် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်မံပေးဆောင်ရန်လိုအပ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## ဒေါ်စောတင် (ရွှေဘို)
**အသက်(၉၈)နှစ်**

ရွှေဘိုမြို့၊သက်သာပန်းတောင်ရပ်နေ(ဦးဘိုးလှိုင်-ဒေါ်အုံးစိန်)တို့၏သမီး၊ (ဦးဘိုးစံ-ဒေါ်စောရင်)တို့၏ချွေးမ၊ (ဦးမောင်မောင်ကြီး)၏ဇနီး၊ ဒေါ်တင်တင်အေး(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန၊ ရွှေဘိုတက္ကသိုလ်)၊ ဒေါ်ခင်စိုးမြင့်(လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ ဦးစိုးမင်း(ဒုတိယဉက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်စန်းစန်းအေး၊ ဒေါ်ဝင်းဝင်းမြင့်(လက်ထောက်ညွှန်ကြားရေးမှူး၊ ရွှေဘိုခရိုင် ပညာရေးမှူးရုံး)တို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းဗိုလ်နိုင်(STI)၏ ဘွားဘွားကြီးသည် ၅-၂-၂၀၁၈ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၈ရက် ညနေ ၃နာရီတွင် ရွှေဘို ဉသျှစ်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စောတင် (ရွှေဘို)
**အသက်(၉၈)နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဉက္ကဋ္ဌ ဦးစိုးမင်း၏ မိခင်ကြီး ဒေါ်စောတင်(ရွှေဘို)အသက်(၉၈)နှစ်သည် ၅-၂-၂၀၁၈ရက် ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဉက္ကဋ္ဌနှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စောတင် (ရွှေဘို)
**အသက်(၉၈)နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဉက္ကဋ္ဌ ဦးစိုးမင်း၏မိခင်ကြီး ဒေါ်စောတင်(ရွှေဘို) အသက်(၉၈)နှစ်သည် ၅-၂-၂၀၁၈ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စောတင် (ရွှေဘိုမြို့)
**အသက်(၉၈)နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဉက္ကဋ္ဌ(၁) ဦးစိုးမင်း-ဒေါ်စန်းစန်းအေးတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၅-၂-၂၀၁၈ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ငွေကြေးစီမံခန့်ခွဲမှုဌာန**
**သတင်းနှင့်လုံခြုံရေးဌာနတို့မှ ဝန်ထမ်းများ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စောတင်
**အသက်(၉၈)နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဉက္ကဋ္ဌ ဦးစိုးမင်း-ဒေါ်စန်းစန်းအေးတို့၏မိခင် ဒေါ်စောတင်သည် ၅-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၈း၄၅နာရီတွင် ရွှေဘိုမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**မန္တလေးဘဏ်ခွဲ**
**ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စောတင် (ရွှေဘိုမြို့)
**အသက်(၉၈)နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဉက္ကဋ္ဌ ဦးစိုးမင်း-ဒေါ်စန်းစန်းအေးတို့၏မိခင်ကြီး ဒေါ်စောတင် အသက်(၉၈)နှစ်သည် ၅-၂-၂၀၁၈ ရက်တွင်ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲမြင့်-ဒေါ်မာမာဦး မိသားစု**
**စစ်ကိုင်းမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဦး
**အသက်(၈၂)နှစ်**

ဒုတိယဗိုလ်မှူးကြီးမင်းကြည်ဦး(ငြိမ်း)-ဒေါ်စုစုလတ်တို့၏ ဖခင်ဖြစ်သူ ဦးမြင့်ဦးသည် ၅-၂-၂၀၁၈ရက် ည ၈း၂၅နာရီတွင် မိတ္ထီလာမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## SRI B.KRISHNA(ခ) ဦးထွန်းမောင်
**အသက်(၈၀)**

Myanmar Fast & Forward Co., Ltd တွင် Operation Director ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဦးအေးလွင်၏ဖခင် ဦးထွန်းမောင် အသက်(၈၀)သည် ၃-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် Myanmar Fast & Forward Company မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Myanmar Fast&Forward Co.,Ltd**
**Director အဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စောတင် (ရွှေဘို)
**အသက်(၉၈)နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဉက္ကဋ္ဌ ဦးစိုးမင်း-ဒေါ်စန်းစန်းအေးတို့၏မိခင်ကြီး ဒေါ်စောတင်(ရွှေဘို) အသက်(၉၈)နှစ်သည် ၅-၂-၂၀၁၈ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး ဦးယဉ်ဇော်မျိုး-ဇနီး ဒေါ်စပယ်မြင့်နှင့်**
**မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းမိသားစုများ**

---

## ဦးအေးချစ် အသက်(၈၈)နှစ်
**မြန်မာနိုင်ငံဓာတ်ပုံအသင်းနာယက၊ (စား/ဖျော်-ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ပဒေသာလမ်း၊ ပထမထပ်(ဝဲ)၊ အမှတ်(၃၅-အေ)နေ (ဦးပိန်ငါး-ဒေါ်ကျင်နု)တို့၏သား၊ (ဦးခုကင်-ဒေါ်ရှုခင်)တို့၏သားသမက်၊ ဒေါ်အေးမြမွန်၊ ဦးငြိမ်းဝင်း-ဒေါ်ကြည်ကြည်မြင့်၊ ဦးလှခိုင်-ဒေါ်သီသီစိုးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ (ဒေါ်ကျင်စွမ်)၏ခင်ပွန်းသည် ၆-၂-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ရဟန်းဒါယိကာမကြီး
## ဒေါ်စိန်စိန် အသက်(၈၀)

ထားဝယ်မြို့နေ(ဦးစိန်ဒွေး-ဒေါ်အေးမယ်ခင်)တို့၏သမီးချွေးမ၊(ဦးကြည်လင်)၏ဇနီး၊ ဟင်္သာတမြို့နေ(ဦးသူတော်-ဒေါ်သိန်းဥ)တို့၏သမီး၊ ဒေါ်အေးအေးချို၊ (ကိုမောင်မောင်ကြီး)-မအေးသွင်၊ ကိုမောင်မောင်ငယ်-ဒေါ်မီမီစိုး၊ မောင်ညီဝင်း-မမြင့်မြင့်ဌေး၊ မောင်ဖြိုးဝေ(A/E)အား/ကာဦးစီးဌာန-ဒေါ်စီစီလေး၊ ဦးသက်ထွန်း(MBA)MD Asst: Sanpar Oo Industries Co., Ltd- ဒေါ်ဝင်းဝင်းထွေး(Editorial Manager) MMRD Co., Ltd တို့၏၊ မြေးကိုးယောက်တို့၏အဘွားသည် ၅-၂-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ တိုက် ၂၊ အခန်း ၃၀၈၊ အား/ကာဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဝင်း (ထားဝယ်)
**လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု၊ ငြိမ်း)**
**အသက်(၇၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပဲခူးစုရပ်ကွက် (ရုံးတော်ရပ်)၊ စွယ်တော်လမ်း၊ အမှတ် ၈/ခနေ (ဦးသန်းမောင်-ဒေါ်စိန်ချစ်)တို့၏ သမီး၊ ဦးမောင်မောင်လှ၏ဇနီး၊ ဦးမျိုးမင်းညွှန့်၊ ဦးမျိုးမြင့်ဟန်-ဒေါ်ခင်မာသီ၊ (ဦးဇော်မင်းထွန်း)၊ ဦးတင်အောင်ကျော်ဦး-ဒေါ်အိလှိုင်ဝင်းတို့၏မိခင်၊ မောင်နန္ဒဘုန်းဦး၊ မသျှားထွဋ်သံစဉ်၊ မဇူးဇူးအိမ့်ထက်တို့၏အဘွားသည် ၅-၂-၂၀၁၈ရက်(တနင်္လာနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်မလေး (ညောင်လေးပင်)
**အသက်(၇၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးဘတင်-ဒေါ်ခင်မေ)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်အေးစိန်)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်ဇင်၊ စိုက်ပျိုးရေး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးအောင်ကိုကို-ဒေါ်အေးစန္ဒာဝင်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်နွယ်နွယ်လွင်၊ ဦးသိန်းလွင်-ဒေါ်ချောကလျာဇင်၊ ဦးအောင်မိုးဇော်-ဒေါ်တင်တင်ဝင်း၊ ဦးနိုင်သူလင်း-ဒေါ်ချောဥမ္မာဇင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၆-၂-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၄၂-ခ၊ အနော်မာ ၁၃လမ်း၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီ အဗ္ဗဒူရာမန်(ခ)
## ဦးအေးမောင်
**အသက်(၁၀၃)နှစ်**

ညောင်လေးပင်မြို့နေ (ဦးအလီ-ဒေါ်အေး)တို့၏သား၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊သပြေကုန်းရပ်ကွက်၊၁၂၄လမ်း၊ အမှတ် ၄၆၊ ပထမထပ်နေ [ဟာဂျီမဒေါ်စကီရာဘီ(ခ)ဒေါ်တင်ညွှန့်]၊ ဟာဂျီအစီမိုင်(ခ)ဦးလှရွှေ-ဆရာမဒေါ်ကြည်ကြည်အေး (အထက-၅၊ တောင်ညွှန့်)၊ ဦးမောင်မောင်-ဒေါ်မာမာအေး၊ ဦးမြင့်အေး-ဒေါ်တင်တင်စိန်၊ ဦးမြင့်ကြည်-ဒေါ်ခင်သီတာအေး၊ ဦးအောင်ကိုကို-ဒေါ်ခင်စန္ဒာအေး၊ ဦးအဗ္ဗဒူရာဟင်(ခ)ဇော်ဇော်-ဒေါ်သီသီဟန်၊ ကိုအောင်နိုင်အေး-မခင်သီရိအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၅ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၆-၂-၂၀၁၈ရက် ညနေ ၆း၀၆နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၇-၂-၂၀၁၈ရက်ဇဟိုရ်အပြီးတွင်ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီ အဗ္ဗဒူရာမန်(ခ)
## ဦးအေးမောင်
**အသက်(၁၀၃)နှစ်**

ညောင်လေးပင်မြို့နေ (ဦးအလီ-ဒေါ်အေး)တို့၏သား၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊အမှတ် ၁၀၅၊ ၁၀၁လမ်း၊မြေညီနေ(ဒေါ်ရန်)၏ခင်ပွန်း၊ (ဦးလှညွှန့်)-ဒေါ်မြမြအေး၊ (ဦးအလီဘိုင်-ဒေါ်တင်တင်အေး)၊ ဦးမြင့်ထွန်း-ဒေါ်သန်းသန်းအေး၊ ဦးအေးမောင်-ဒေါ်နွယ်နီအေး၊ (ဦးရဲထွန်းအေး)၊ (ဦးတင်သိန်း)-ဒေါ်ယမင်းအေး၊ ဦးထွန်းထွန်းအေး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးထွန်းရွှေ-ဒေါ်ခင်မာအေး၊ ဦးတင်အောင်အေး-ဒေါ်လှလှဝင်းတို့၏ဖခင်၊ မြေး ၂၅ယောက်၊ မြစ် ၁၁ယောက်၊ တီ နှစ်ယောက်တို့၏အဘိုးသည် ၆-၂-၂၀၁၈ရက် ညနေ ၆း၀၆နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၇-၂-၂၀၁၈ရက်ဇဟိုရ်အပြီးတွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှရွှေ
**အသက်(၆၈)နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် ၁၅၄နေ ဦးထွန်းစိန်-ဒေါ်အေးနုတို့၏သား၊ ဒေါ်တင်မြိုင်၏ခင်ပွန်း၊ ကိုမျိုးခိုင်၊ ကိုမျိုးလွင်၊ မခင်မျိုးနွယ်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၅-၂-၂၀၁၈ ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် လောကသစ္စာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးကျော်ကျော် အသက်(၆၄)နှစ်
**မန်နေဂျာ(ငြိမ်း)**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ကမ်းနားအလယ်ရပ်ကွက်၊ ထနီးလမ်း၊ အမှတ် ၄၃၈နေ(ဦးမျိုးတင့်-ဒေါ်အုန်းမြိုင်)တို့၏သား၊ ဦးအောင်ခိုင်-ဒေါ်သန်းသန်းပို၊ (ဦးအောင်ကျော်ဦး)-ဒေါ်စိုးစိုးဦး(စီးပွား/ကူးသန်း၊စားသုံးသူရေးရာဌာန)၊ ဦးခင်ဇော်-ဒေါ်အေးအေးဝင်း၊ ဦးဇော်မင်း-ဒေါ်ခင်စန်းလွင်၊ ဦးဇော်လင်း-ဒေါ်အေးအေးခိုင်တို့၏အစ်ကိုသည် ၅-၂-၂၀၁၈ ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်နီလာရွှေ(ခ)တူးမာ
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းဈေးလမ်း၊အမှတ် ၆၁၊ လေးလွှာနေ(ဦးချစ်လှ-ဒေါ်အမာစိန်)တို့၏သမီး၊ Louis ဦးကျော်ထင်၏ဇနီး၊ မစိမ့်ယုဇနကျော်၊ မောင်ဖွဲ့ပိုင်ကျော်ဆက်တို့၏ ချစ်လှစွာသောမိခင်၊ ဦးဝေလင်း-ဒေါ်ခင်ဝင်း၊ ဒေါ်ခင်ဖြူဝင်း၊ ဦးတင်မောင်ဝင်း-ဒေါ်တင်နု၊ ဦးအောင်ထွေး-(ဒေါ်တင်မာရီ)၊ ဦးဇော်ဝင်း-ဒေါ်အေးအေးသန်း၊ဦးဌေးနိုင်-ဒေါ်တင်တင်ဝင်းတို့၏ ညီမ၊(ဦးလှမင်း)-ဒေါ်ခင်ခင်ထွေးတို့၏ အစ်မသည် ၅-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စိန့်ဖရန့်ဆစ်ဘုရားကျောင်း(တာမွေမြို့နယ်)တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Elizebeth ဒေါ်နီလာရွှေ(ခ)တူးမာ အသက်(၅၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းဈေးလမ်း၊အမှတ် ၆၁၊ လေးလွှာနေ(ဦးညွှန့်လှိုင်-ဒေါ်ပု)တို့၏သမီးချွေးမ၊ Louis ဦးကျော်ထင်၏ဇနီး၊ ဒေါ်တင်ရီ၊ ဒေါ်ဝင်းရီ၊ ဦးအေးလွင်၊ ဦးဌေးဝင်း၊ ဒေါ်ရီရီလှိုင်၊ ဦးဝင်းရှိန်-(ဒေါ်တင်တင်အေး)တို့၏ညီမ၊ မစိမ့်ယုဇနကျော်၊ မောင်ဖွဲ့ပိုင်ကျော်ဆက်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ပြည့်ဖြိုးထက်-Thomas၊ မဝင့်ဝါဖူး-Gertrude တို့၏ အဒေါ်သည် ၅-၂-၂၀၁၈ရက်(တနင်္လာနေ့)ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စိန့်ဖရန့်ဆစ်ဘုရားကျောင်း (တာမွေမြို့နယ်)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးမောင်ခင်ဝင်း (B.Sc)
**အသက်(၄၄)နှစ်**

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ အလယ်ချောင်းကျေးရွာနေ (ဦးမောင်စောဦး)-ဒေါ်ဒါန်းလှတို့၏သား၊ ဒေါ်နှင်းအေးခင်၊ ဒေါ်မနှင်းအေး၊ ဒေါ်သန်းသန်းခင်တို့၏မောင်၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မကျည်းချောင်းကျေးရွာနေ ဒေါ်တင်မိုးခိုင်၏ချစ်လှစွာသောခင်ပွန်း၊ မမြတ်ရတနာခိုင်၏ဖခင်သည် ၅-၂-၂၀၁၈ရက် ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ သီရိလမ်း၊ သီရိမင်္ဂလာကျောင်းမှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်စိန်
**အထက(၄)၊ အထက(၈)၊ အထပြ(ငြိမ်း)**
**အသက်(၈၀)**

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ၆၃လမ်း၊ ၁၇လမ်းထောင့်နေ ဦးဘမုန်း-ဒေါ်သန့်တို့၏သမီး၊ လမ်း ၈၀၊ ၁၅လမ်း×၁၆လမ်းကြားနေ ဦးကို-ဒေါ်သောင်းတို့၏သမီးချွေးမ၊ ဒေါက်တာဇာနည်၊ ဒေါက်တာဘဏ်ဝင်း-ဒေါ်စောဥမ္မာ၊ ဦးဝင်းနိုင်-ဒေါ်ခင်သက်ထား၊ ဦးသီဟ၊ ဦးအောင်မျိုးကြိုင်-ဒေါ်ခင်သူဇာ၊ ဦးဝဏ္ဏ၊ ဗိုလ်ကြီးမင်းအောင်(ငြိမ်း)-ဒေါ်ခင်နှင်းဖြူ၊ ဦးနိုင်ဝင်းထိုက်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ (ဦးလှမြင့်)၏ဇနီးသည် ၅-၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးဖေသိန်း
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ (ဦးကေစိန်-ဒေါ်မြသိန်း)တို့၏သား၊ ဦးဖေညိမ်း-ဒေါ်စန်းထွေး၊ ဦးတင်ညွှန့်-ဒေါ်ကြည်ကြည်ဝင်းတို့၏အစ်ကို၊ ဦးထွန်းဆန်း-ဒေါ်ခင်အေးမွန်၊ ကိုကျော်သူရ-မနုနုလှိုင်၊ ကိုကျော်ဖေယျ-မခင်ဇာယု၊ ကိုအောင်မျိုးခိုင်-မတင်မီမီကို၊ ကိုဇော်သက်ပိုင်-မချိုချိုဝင်းတို့၏ကျေးဇူးရှင်ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ ဒေါ်ဌေးမြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၆-၂-၂၀၁၈ရက် နံနက် ၇း၂၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၈-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၉လမ်း၊ အမှတ် ၈၁၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မြေ ဒါယကာကြီး
## ဦးတင်ဝင်း(ရွှေနဂါးတင်ဝင်း) အသက်(၇၂)နှစ်
**(နတ်တလင်းမြို့)**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးစွမ်းဆောင်ရည်ဆု**
**စာပေဗိမာန်ဆုများနှင့် ပခုက္ကူဦးအုံးဖေဆုများရှင်**
**(နတ်မောက် စက်မှုလက်မှုကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးကျော်ဝင်း-ဒေါ်မြတင်)တို့၏သား၊ (ဦးဖိုးတူ-ဒေါ်သိန်း)တို့၏သားသမက်၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ် ၂၈၁-Aနေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဦးအုန်းမြင့်-ဒေါ်စီမာဝင်း၊ (ဦးတိုးဝင်း)-ဒေါ်ရင်နု၊ ဦးခင်ဝင်း-ဒေါ်ဖြူဖြူဝင်း၊(ဦးမြင့်လွင်)-ဒေါ်လှလှနွယ်၊ ဒေါ်ဝင်းဝင်းမော်တို့၏အစ်ကို၊ ဦးဝင်းထက်-ဒေါ်ချိုသန္တာလွင်၊ ဦးလင်းခိုင်-ဒေါ်အိအိခိုင်၊ (မမေခိုင်ဝင်း)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၆-၂-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၈း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မြေ ဒါယကာကြီး
**နတ်တလင်းမြို့နယ်အသင်း(နာယက)(ရန်ကုန်)**
## ဦးတင်ဝင်း(ရွှေနဂါးတင်ဝင်း) အသက်(၇၂)နှစ်
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးစွမ်းဆောင်ရည်ဆု၊**
**စာပေဗိမာန်ဆုများနှင့် ပခုက္ကူဦးအုံးဖေဆုများရှင်**
**(နတ်မောက် စက်မှုလက်မှုကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးကျော်ဝင်း-ဒေါ်မြတင်)တို့၏သား၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ် ၂၈၁-Aနေ ဒေါ်စန်းမြင့်၏ခင်ပွန်းသည် ၆-၂-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၈း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

## ဦးထိန်လင်းအောင်
## TMW Enterprise
**အသက်(၅၃)နှစ်**

ပဲခူးမြို့၊ ဓမ္မစေတီလမ်း၊ အမှတ် ၃၁၉နေ (ဦးအောင်မြင့်၊ ဒုဗိုလ်မှူးကြီး၊ ငြိမ်း)၊ ဒေါ်လှလှမြင့်တို့၏သား၊ ဒေါ်နီလာမြင့်(ကထိက၊ ရုက္ခဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၊ ဦးကျော်ထင်(ဗိုလ်မှူး၊ ငြိမ်း)-ဒေါ်ခင်မော်မြင့် (ကထိက၊ ဓာတုဗေဒဌာန၊ ပဲခူးတက္ကသိုလ်)တို့၏မောင်၊ ဦးကျော်ဇောအောင်-ဒေါ်တင်မြတ်ထွေး(ပင်စင်ဦးစီးဌာန၊ နေပြည်တော်)တို့၏အစ်ကို၊ မလွင်လွင်မြတ်အောင်၊ မောင်ဖေယျကျော်ထင်၊မသက်နှင်းစု၊ မောင်သူရကျော်ထင်တို့၏ဘကြီးသည် ၆-၂-၂၀၁၈ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Pu Ca Lian Thang
**(Researcher, Ngein Foundation)**
**(Secretary, Yangon Rual-u Phu)**
**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နိဗ္ဗိန္ဒလမ်း၊ အမှတ် ၅၅၃(A)နေ Rev.Dr. Edmund Za Bik-Pi Tial Tlem တို့၏သား၊ Pi Hlawn Par Maung - (U Tha Kyaw Maung), Pu Jimmy Lian Uk-Pi Sui Len Tial, Pi Hlawn Kip Thein-U Myo Min Thein တို့၏ညီ၊ Pi Biak Hlei Sung-Pu Za Nawl တို့၏အစ်ကို၊ Pi Tial Len Sung ၏ချစ်လှစွာသောခင်ပွန်း၊ Pa Van Lian Thang (Grade 4, STEP Centre for Academic), Nu Dawt Hlei Sung(Grade 1, STEP Centre for Academics)တို့၏ချစ်လှစွာသောဖခင်သည် ၄-၂-၂၀၁၈ရက် ည ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၂-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[နေအိမ်၊ BOC(အင်းစိန်)၊ လှိုင်သီရိ၊ ဆက်သွယ်ရေးမှတ်တိုင်(မြောက်ဒဂုံ)၊ ယုဇနဥယျာဉ်မြို့တော်(A BLOCK)၊ ၅လမ်းတို့မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန် - နှာဟရိန် - ရေဇွာ - မတူပီလမ်းအား ကြည့်ရှုစစ်ဆေး

**မတူပီ ဖေဖော်ဝါရီ ၆**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ထန်တလန်မြို့သို့ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့ နံနက် ၇ နာရီတွင် ထန်တလန်မြို့ လမ်းဦးစီးရိပ်သာ၌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဇိုဘွဲ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတအား လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွဋ်က ထန်တလန် - နှာဟရိန် - ရေဇွာ - မတူပီလမ်း နှင့် ဟားခါး - မတူပီလမ်းဆိုင်ရာ အချက်အလက်များ၊ လမ်းတိုးတက်မှုရလဒ်များ ၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာ နှစ်အတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများနှင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လျာထားသည့်လမ်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အရည်အသွေးကောင်းမွန်သော ကျောက်များကိုသာ အသုံးပြုပြီး လမ်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမာခံလမ်းခင်းနိုင်ရေးနှင့် လမ်းတာရှည်ခံနိုင်ရေး၊ လမ်းအတက်အဆင်းများ တတ်နိုင်သမျှပြေပြစ် ချောမောအောင် တည်ဆောက်နိုင်ရေး၊ ဖောက်လုပ်ပြီးလမ်းများ၏ရေနုတ်မြောင်းများကို ပွင့်လင်းရာသီ ကာလအတွင်း အချိန်မီတည်ဆောက်နိုင်ရေးနှင့် တည်ဆောက်ပြီး လမ်းများရေရှည် ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်ဆောင်ရွက်သွားနိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ထန်တလန်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ခုတင် ၅၀ ဆံ့ဆေးရုံ တိုးချဲ့ဆောက်လုပ်ရန်လျာထားမြေနေရာနှင့် အလျား- ၁၃၈ ပေ၊ အနံ - ၄၃ ပေရှိ ၆ ခန်းတွဲ RC နှစ်ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့်

*စာမျက်နှာ ၅ ကော်လံ ၁*

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်၍ သံတမန်များနှင့် ကုလသမဂ္ဂဒေသဆိုင်ရာ ကိုယ်စားလှယ်ရုံး ယာယီတာဝန်ခံတို့ ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားခြင်းတို့အတွက် စီမံဆောင်ရွက်ထားရှိမှုများအား နိုင်ငံတကာ အသိုက်အဝန်းသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေး ကွင်းဆင်းကြည့်ရှု



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သောအဖွဲ့ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား လက်ခံထားရှိမည့် ငါးခူရယာယီလက်ခံရေးစခန်း ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

**စစ်တွေ ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံခြင်းနှင့် ပြန်လည်နေရာချထားခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို နိုင်ငံတကာအသိုက်အဝန်းသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေးအတွက် ရန်ကုန်မြို့အခြေစိုက် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂဒေသဆိုင်ရာ ကိုယ်စားလှယ်ရုံး ယာယီတာဝန်ခံ၊ ပြည်ပသတင်းထောက်များနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ကွင်းဆင်းကြည့်ရှုသည်။

*စာမျက်နှာ ၈ ကော်လံ ၁*

## ပြည်ထောင်စုအားမာန် အမြဲရှင်သန်

၈ » ၁၁

## ဇီဝဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူ ပြုစေရန် ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြထားပါသည်။



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ ဗုဒ္ဓဟူးနေ့

# သတ်မှတ်ချက်အသစ်နှင့် မြို့တော်ရန်ကုန်

သို့မဟုတ်

# မကြာမီလာတော့မည့် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ

● ထင်ပေါ်ဝင်း





ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ခေတ်နှင့်အပြိုင် လျှောက်လှမ်းရန် နောက်ချန်နေရစ်သော ရန်ကုန်မြို့လမ်းမကြီးများ၊ ခေတ်ဟောင်းခေတ်သစ်အနိမ့်အမြင့် မညီညာသော တိုက်တာအဆောက်အအုံများ၊ သူ့မြေငါ့မြေ အပြိုင်လုရင်း အငြင်းပွားနေသော တရားရုံးထက်မှ စကားသံများ၊ မြို့ပတ်လည်ရှိ ကျူးကျော်တဲအိမ်များက ရန်ကုန်မြို့ကြီးကို အကျည်းတန်အရုပ်ဆိုးအောင် ပြုလုပ်နေသလိုပင်။

### မြို့အလှကို ရုပ်ဆိုးစေသောပုံရိပ်များ

စီးပွားရေးမြို့တော်တစ်ဖြစ်လဲ မြန်မာနိုင်ငံ၏ လူဦးရေအထူထပ်ဆုံး ရန်ကုန်မြို့တော်ကြီးကို အခြားအရုပ်ဆိုးစေသော မြင်ကွင်းများကလည်း ဒုနှင့်ဒေးရှိသေးသည်။ ချွေးတဒီးဒီးကျအောင် တစ်နေရာနှင့်တစ်နေရာ အားကုန်တွန်းနေရသော ရေသန့်တွန်းလှည်းများ၊ လမ်းဘေးဓာတ်တိုင်နှင့် နံရံများတွင် ကပ်ထားသော ကြော်ငြာစာရွက်များ၊ ဥပဒေကို မျက်ကွယ်ပြုကာ စီးချင်တိုင်းစီးနေသော မော်တော်ဆိုင်ကယ်များ၊ ညနေ ၆ နာရီ ကျော်သည်နှင့် လမ်းမပေါ်တက်ပိုင်ခွင့်ကို အမိအရစောင့်နေသော လမ်းဘေးဈေးသည်များကား မရှိမဖြစ်သော်လည်း မြို့အလှကို ရုပ်ဆိုးစေသော ပုံရိပ်များဖြစ်သည်။

### လွှတ်တော်သို့ တင်သွင်းခဲ့

ခေတ်မီမြို့တော်ကြီးအဖြစ် တက်လှမ်းရန် လိုအပ်နေသော ရန်ကုန်မြို့ကြီးတွင် ထိုထိုသမျှသော အကြောင်းအရာ ပြဿနာပေါင်းစုံကို ဖြေရှင်းရန်အတွက် တိကျသော ဥပဒေတစ်ခုက လိုအပ်လာသည်။ ရန်ကုန်မြို့ကို အုပ်စိုးသူအစိုးရတို့က ယင်းပြဿနာများကို ဖြေရှင်းနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေကြမ်းကို ဖေဖော်ဝါရီ ၂ ရက်က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့သည်။

ဥပဒေပြင်ဆင်ရေးဆွဲ တင်သွင်းရခြင်းအကြောင်းကို ရန်ကုန်မြို့တော်ဝန်က အောက်ပါအတိုင်း လွှတ်တော်တွင်ရှင်းပြသည်-

“ကျွန်တော်တို့ ရန်ကုန်မြို့တော်ဟာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြို့ကြီးများအနက် လွန်စွာထူးခြားတဲ့ ဝိသေသလက္ခဏာများကို ပိုင်ဆိုင်တဲ့ မြို့ပြကြီးတစ်ခုဖြစ်ပါတယ်၊ ထူးခြားတဲ့ ဝိသေသလက္ခဏာများအနက်မှ ဥပမာတင်ပြရရင် လူဦးရေဆိုင်ရာကိစ္စပဲ ဖြစ်ပါတယ်၊ ရန်ကုန်တိုင်း ဒေသကြီးရဲ့ လူဦးရေဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ လူဦးရေရဲ့ ၁၂ ရာခိုင်နှုန်းရှိတယ်လို့ ခန့်မှန်းပြီးတော့ ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်းမှာပါဝင်တဲ့ ၃၃ မြို့နယ်မှာ မြန်မာနိုင်ငံလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းဖြစ်တဲ့ ခြောက်သန်းခန့် နေထိုင်လျက်ရှိပြီးတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်တစ်ခုလည်း ဖြစ်နေပါတယ်။ ဒါ့အပြင် ၂၀၄၀ ပြည့်နှစ်မှာလည်း ရန်ကုန်မြို့တော်ရဲ့ လူဦးရေဟာ ၁၀ သန်းကျော်ရှိလာမယ်လို့ ခန့်မှန်းထားတဲ့အတွက် ရန်ကုန်မြို့တော်ကြီးဟာ မီဂါစီးတီးအဖြစ်သို့ ရောက်ရှိ လာတော့မှာ ဖြစ်ပါတယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ဧရိယာ အကျယ်အဝန်းဟာလည်း စတုရန်းမိုင် ၃၀၀ ကျော်သာရှိတဲ့အတွက်ကြောင့် တစ်နိုင်ငံလုံးအကျယ်အဝန်းဖြစ်တဲ့ စတုရန်းမိုင် ၂၆၁၀၀၀ ကျော်ရဲ့ ၈၅၀ ပုံ တစ်ပုံသာရှိပြီးတော့ လူဦးရေ သိပ်သည်းမှုဟာ အဆမတန်များပြားတဲ့အတွက်ကြောင့် မြေနေရာတွေ လိုအပ်လာပါတယ်၊ သောက်သုံးရေတွေ လိုအပ်လာပါတယ်၊ အိမ်ရာဆောက်လုပ်မှုတွေလည်း လိုအပ်လာသလို ပတ်ဝန်းကျင်အရည်အသွေးထိန်းသိမ်းမှုစတဲ့ လိုအပ်မှုပေါင်းများစွာ ရှိလာပါတယ်။ ဒါ့အပြင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်တွေလည်း ရှိလာပါတယ်။

လူဦးရေထူထပ်သိပ်သည်းမှုနဲ့ ရွှေ့ပြောင်းဝင်ရောက်လာမှုများကြောင့် ရရှိလာတဲ့ လိုအပ်မှုများစွာကနေ ကျူးကျော်မှုပြဿနာတွေ၊ သောက်သုံးရေရှားပါးမှု ပြဿနာတွေ၊ တရားမဝင် ရေခိုးသုံးမှုပြဿနာတွေ၊ ယာဉ်အန္တရာယ်ပြဿနာတွေ၊ လျှပ်စစ်ခိုးယူသုံးစွဲမှုပြဿနာတွေ၊ ခွင့်ပြုချက်မဲ့ အဆောက်အအုံဆောက်လုပ်မှုပြဿနာတွေ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုစတဲ့ ပြဿနာပေါင်းစုံကိုလည်းဖန်တီးပေးလျက်ရှိပါတယ်၊ ယင်းကနေတစ်ဆင့် ဆက်နွှယ်နေတာကတော့ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးနဲ့ လူမှုရေးစတဲ့ နယ်ပယ်များအထိအောင် မကောင်းတဲ့ရလဒ်တွေကို ပျံ့နှံ့စေပါတော့တယ်၊ ဒီရလဒ်တွေဟာ မြို့တော်ကို ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိစေမယ့်အစား လက်ရှိရင်ဆိုင်နေရတဲ့ မြို့ပြပြဿနာတွေကို ထွက်ပေါက်မရှိအောင် ပိတ်ဆို့ပြီး အဆိုးသံသရာနယ်မှာဝဲလည်နေ သလိုလည်နေပါတယ်၊ ဒီအဆိုးသံသရာထဲက လွတ်မြောက်ရေးနည်းလမ်းတစ်ခုအဖြစ် အစိုးရသစ်တာဝန်ထမ်းဆောင်နေဆဲကာလအတွင်းမှာ ဒီမိုကရေစီစံချိန်စံညွှန်းနဲ့ ညီညွတ်ပြီးတော့ မြို့တော်သူ မြို့တော်သားတွေရဲ့ ရပိုင်ခွင့်အခွင့်အရေးတွေကို ပွင့်လင်းမြင်သာစွာ အပြည့်အဝရယူခံစားနိုင်စေဖို့နဲ့ လူနေမှုဘဝမြင့်မားတိုးတက်စေဖို့ ရည်ရွယ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို အစိုးရအဖွဲ့အစည်းများဌာနအဖြစ်မှ ဝန်ဆောင်မှုများ ပိုမိုတိုးတက်လာစေဖို့အတွက် ဌာနကြီးသုံးခု၊ Authority ခုနစ်ဖွဲ့နဲ့ စီးပွားရေးအဖွဲ့အစည်းများအဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်မယ့်

အချပ်ပို (၈) သို့

# အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား သက်တမ်းတော် ၁၁၃ နှစ် ပြည့်မြောက်ပြီ

■ သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အထပ်ကြီးများဘွဲ့တော်ဖြင့် ဗဟန်းမြို့နယ်အတွင်း၌ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားနှင့် စမ်းချောင်းမြို့နယ်အတွင်း၌ ကိုးထပ်ကြီးဘုရား ဟူ၍ ရုပ်ပွားတော်ကြီး သုံးဆူရှိတော်မူသည်။**



အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ၁၁၃ နှစ်ပြည့် (၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ပွဲတော်အောင်ပွဲ ကျင်းပစဉ်။

ထိုရုပ်ပွားတော်များအနက် စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်ကြီးအတွင်း၌ တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားမှာ ယနေ့ကာလဝယ် သက်တမ်းအားဖြင့် ၁၁၃ ခုနှစ် ပြည့်မြောက်တော်မူခဲ့ပြီ ဖြစ်သည်။ သာသနာတော်သက္ကရာဇ် ၂၄၄၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၆၇ ခုနှစ်၊ ခရစ်နှစ် ၁၉၀၅ ခုနှစ်တွင် အုတ်မြစ်တော်စီ၍ တည်တော်မူခဲ့ခြင်းဖြစ်သည်။


အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ၁၁၃ နှစ်ပြည့် (၄၆) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တွေ့ရစဉ်။


အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ၁၁၃ နှစ်ပြည့် (၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။

ဘုရားဒါယကာမှာ ဦးကြင်-ဒေါ်ငွေကံတို့ ဖြစ်သည်။ အိပ်မက်အရ ဗားကရာကျောင်းတိုက် ဆရာတော်ကြီးအား လျှောက်ထားခဲ့ပြီးနောက် မြေနှင့်ဖားတို့၏ နိမိတ်ပြမှုကြောင့် ရတနာပစ္စည်းရရှိခဲ့ပြီး ဘုရားတည်ခဲ့ခြင်းဖြစ်သည်ဟု ဘုရားသမိုင်းစာအုပ်အရ သိရသည်။

ရန်ကုန်မြို့ရှိ ဘုရားစေတီများအနက် ပန်းသတင်းလေညင်းဆောင် စကားပမာ ယခုနောက်ပိုင်း၌ ဘုရားကြီးအား ပန်းအလှများဖြင့် ပြင်ဆင်ပူဇော်ခြင်းက ဘုရားကြီး၏ဂုဏ်သတင်းကို ပိုမိုမွှေးပျံ့စေခဲ့သည်။ ပန်းအလှပြုပြင်ပူဇော်ခြင်းကို ဘုရား၏ ဝန်ထမ်းများက ကိုယ်တိုင် အမျိုးမျိုးအဆန်းဆန်းသော ဒီဇိုင်းအလှများဖြင့် ပုံဖော်ပူဇော်ခြင်းကြောင့် ကိုးထပ်ကြီးဘုရားသို့ လာရောက်ဖူးမြော်သူတိုင်းက “အလွန်မှပင် စိတ်ချမ်းမြေ့ဖို့ကောင်းပြီး ဘုရားကြီးအလွန်သပ္ပာယ်ဖွယ်ဖြစ်သည်” ဟုဆိုကြသည်။

ထို့အတူ ဘုရားကြီး သက်တမ်းတော်နှင့်အတူ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကိုလည်း တွဲ၍ ကျင်းပလာခဲ့ရာ ယခုအခါ (၄၆) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ယခုနှစ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ၁၆ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

ပွဲတော်အတွင်း ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း ရက်ပေါင်းကိုးရက်၊ နာရီပေါင်းအားဖြင့် ၂၁၆ နာရီတိုင်တိုင် အသံမစဲအဘိဓမ္မာခုနစ်ကျမ်း၊ မဟာပဋ္ဌာန်းပူဇော်ပွဲကို သံဃာတော်များက ဂန္ဓကုဋိတိုက်အတွင်း ပဋ္ဌာန်းရင်ပြင်၌ ရွတ်ဖတ်ပူဇော်ခြင်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများ ကျင်းပခြင်း၊ တပို့တွဲလဆန်း ၁၄ ရက်တွင် နှမ်းမနဲများထိုး၍ ကျောင်းတိုက်အတွင်းမှ ကျောင်းပေါင်း ၃၈ ကျောင်းသို့ လှူဒါန်းပြီး တပို့တွဲလပြည့် အရုဏ်တွင် ဘုရားကြီးအား ကာလဒါန အလှူ နှမ်းမနဲ ဆက်ကပ်တော်မူခဲ့ကြသည်။ ထို့အပြင် လပြည့်နေ့၌ ဘုရားဖူးလာ ပရိသတ်အပေါင်းအား နှမ်းမနဲ ဝေငှ ကုသိုလ်ပြုခဲ့ကြသည်။

ဗုဒ္ဓပူဇနီယပွဲတော်ပိတ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပခဲ့ရာ ကျောင်းတိုက်အတွင်းမှ ပင့်သံဃာအပါး ၉၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြပြီး အလှူရှင် ခုနစ်ရက်သားသမီးများက ဆိုင်ပေါင်း ၂၀၀ ကျော် ဖွင့်လှစ်ကာ နိဗ္ဗာန်ဈေးအလှူခင်း၍ ပိတ်ပွဲအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။


အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ၁၁၃ နှစ်ပြည့် (၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၌ နိဗ္ဗာန်ဈေးခင်းမြင်ကွင်းကို တွေ့ရစဉ်။ တင်ဝင်းလေး



အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ၁၁၃ နှစ်ပြည့် (၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ပွဲတော်အတွင်း ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း ရက်ပေါင်းကိုးရက်၊ နာရီပေါင်းအားဖြင့် ၂၁၆ နာရီတိုင်တိုင် အသံမစဲ အဘိဓမ္မာခုနစ်ကျမ်း၊ မဟာပဋ္ဌာန်းပူဇော်ပွဲကို သံဃာတော်များက ဂန္ဓကုဋိတိုက်အတွင်း ပဋ္ဌာန်းရင်ပြင်၌ ရွတ်ဖတ်ပူဇော်**




# လှုပ်ရှားလာတော့မည့် ရန်ကုန်စတော့အိတ်ချိန်း

● ဝေယံဦး၊ ဓာတ်ပုံ-ကေဇင်

**အီလက်ထရွန်နစ်နဲ့ ဖော်ပြနေတဲ့စာလုံးတွေ၊ ကိန်းဂဏန်းတွေရှိရာ ရန်ကုန်စတော့အိတ်ချိန်းဆိုင်းဘုတ်ကို ကျွန်တော် ကြည့်နေမိပါတယ်၊ အစုရှယ်ယာဈေးနှုန်း အတက်အကျ၊ ရောင်းချရမှုအနေအထားတွေကို ဖော်ပြနေတာမို့ ရန်ကုန်စတော့အိတ်ချိန်းရဲ့ အခြေအနေကို အကဲခတ်ခွင့် ရရှိနေပါတယ်။**

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်နေတာမို့ ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ စတင်ဖွင့်လှစ်ခဲ့တာကြောင့် အခုဆိုရင် နှစ်နှစ်သားကျော်ရှိနေ ပြီဖြစ်ပါတယ်၊ ဒီနှစ်နှစ်ကျော် အချိန်ကာလမှာ ရန်ကုန်စတော့ အိတ်ချိန်းမှာ ဝင်ရောက်ပြီး အစုရှယ်ယာ ရောင်းချနေတဲ့ ကုမ္ပဏီ ငါးခုသာရှိသေးတာမို့ ကုမ္ပဏီတွေ ပိုမိုပါဝင်ဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။




"ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုစီးဝင်လာဖို့အတွက် စတော့အိတ်ချိန်းအစုရှယ်ယာတွေရောင်းချတဲ့ စာရင်းဝင်ကုမ္ပဏီ စံနှုန်းသတ်မှတ်ချက်တွေကို ဖြေလျှော့ပေးသွားမယ်" လို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၅ ရက်က နေပြည်တော်မှာ ပြောကြားခဲ့တာမို့ ကုမ္ပဏီတွေအနေနဲ့ မျှော်လင့်ချက်တွေ မြင့်မားစေတာတော့ အမှန်ပါပဲ။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်မှာ ပါဝင်ပြီး ရှယ်ယာ ရောင်းဝယ်မယ့် ကုမ္ပဏီတွေအတွက် စည်းကမ်းသတ်မှတ်ချက် ၁၇ ချက်ရှိနေတာကလည်း ရှယ်ယာဝင်ရောက် ရောင်းဝယ်မယ့်ကုမ္ပဏီတွေအတွက် တုံ့ဆိုင်းနေစေတာမို့ အဲဒီစည်းကမ်းချက်ထဲက ဖြေလျှော့ပေးနိုင်တာကို ဖြေလျှော့ပေးဖို့ လိုအပ်နေတယ်လို့ သုံးသပ်နေတာတွေလည်း ရှိနေပါတယ်။

သက်တမ်း နှစ်နှစ်ကျော်လာပြီဖြစ်ပေမယ့် ရန်ကုန်စတော့အိတ်ချိန်း ဖွံ့ဖြိုးတိုးတက်မှု အားရစရာမရှိသေးတာနဲ့ပတ်သက်ပြီး "ရှယ်ယာအရောင်းအဝယ်တွေ နည်းနေတာဟာ ရန်ကုန် စတော့အိတ်ချိန်းမှာ ဝင်ရောက်ဆောင်ရွက်နေတဲ့ ကုမ္ပဏီအရေအတွက်နည်းပါးနေတာကြောင့် ဖြစ်တယ်" လို့ ဂျပန်နိုင်ငံဘဏ္ဍာရေးဆိုင်ရာလွှတ်တော်တာဝန်ခံ ဒုတိယဝန်ကြီး ဟီဒါကီမူရာအီက သုံးသပ်ပြောကြားခဲ့ပါတယ်။

ဒါကြောင့်လည်း ရန်ကုန်စတော့အိတ်ချိန်း အောင်မြင်ဖွံ့ဖြိုးစေဖို့အတွက် အဖွဲ့ဝင်ငါးဦးပါဝင်တဲ့ စတော့အိတ်ချိန်း အထူးအဖွဲ့ကို ဖွဲ့စည်းပြီး ဆောင်ရွက်သွားဖို့ရှိနေပြီ ဖြစ်ပါတယ်၊ စီးပွားရေးလုပ်ငန်းတွေ၊ ငွေကြေးစီးဆင်းမှုလုပ်ငန်းတွေ အဆင်ပြေချောမွေ့စေဖို့ မြန်မာနိုင်ငံရဲ့ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းဖြစ်တဲ့ ရန်ကုန်စတော့အိတ်ချိန်းဖွံ့ဖြိုးအောင်မြင်မှုရဖို့ လိုအပ်နေတာ ဖြစ်ပါတယ်။

ရန်ကုန်စတော့အိတ်ချိန်းမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ အတွက် အစိုးရပိုင် စီးပွားရေးလုပ်ငန်းတွေကို ဝင်ရောက်လုပ်ကိုင်မယ်လို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားထားတာမို့ အစိုးရပိုင် စီးပွားရေးလုပ်ငန်းတွေ ဝင်ရောက်လာဖို့လည်း အစီအစဉ်ရှိနေပြီဖြစ်ပါတယ်။

အစိုးရပိုင် စီးပွားရေးလုပ်ငန်းတွေကို ရန်ကုန်စတော့အိတ်ချိန်းမှာ ဝင်ရောက်မလုပ်ကိုင်မီ ပြည်သူလူထုအတွက် လိုအပ်တဲ့လုပ်ငန်းတွေကို အစိုးရပိုင်လုပ်ငန်းတွေအဖြစ် ဆက်လက်လုပ်ကိုင်ဆောင်ရွက်မယ့်လုပ်ငန်း၊ အစိုးရနဲ့ ပုဂ္ဂလိက ဖက်စပ်လုပ်ကိုင်သင့်တဲ့လုပ်ငန်း အစရှိတာတွေကို လွှတ်တော်နဲ့ ပူးပေါင်းသုံးသပ်ဆောင်ရွက်မှုတွေ ပြီးစီးသွားရင်တော့ ရန်ကုန်စတော့အိတ်ချိန်းမှာ ပါဝင်လုပ်ကိုင်ဆောင်ရွက်သွားမယ်လို့လည်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားခဲ့တယ်။

**အချပ်ပို (ဃ) သို့**

**ပြည်သူတွေအနေနဲ့ကလည်း ရှယ်ယာဈေးနှုန်း အတက်အကျပေါ်မှာ စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံဝယ်ယူတာတွေရှိနေတာကြောင့် ကုမ္ပဏီအများအပြား ဝင်ရောက်လုပ်ကိုင်လာနိုင်ရင်တော့ ရန်ကုန်စတော့အိတ်ချိန်းဟာ သက်ဝင်လှုပ်ရှားမှုတွေနဲ့အတူ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလာမှာဖြစ်**

**ပေါ်ပေါက်လာမည့် ဥပဒေအတိုင်း လေးစားလိုက်နာရန်အတွက်လည်း ရန်ကုန်သူ ရန်ကုန်သားတို့တွင် တာဝန်ရှိလှပေသည်။ ယခင်ကကဲ့သို့ ဥပဒေကို အလိုရှိသလို မကစားရန်အတွက်လည်း တာဝန်ရှိသူတို့က တာဝန်ခံရန်လိုအပ်**

**သတ်မှတ်ချက်အသစ်နှင့် မြို့တော်ရန်ကုန် . . . မှ**


ယခုဥပဒေကြမ်းကိုလည်း ပြင်ဆင်ရေးဆွဲပြီး လွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်။"

တစ်ဆက်တည်းမှာပင် ဥပဒေကြမ်းရုပ်လုံးပေါ်လာနိုင်ရေးအတွက် အားထုတ်ကြိုးပမ်းမှုများကိုလည်း ရန်ကုန်မြို့တော်ဝန်က ယခုလို ဆက်လက်ရှင်းပြသည်။

"ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၃/၂၀၁၇) ဆုံးဖြတ်ချက်အပိုဒ် ၄၉ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီးအဖွဲ့ဝင် ၂၃ ဦးပါဝင်သော ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပြင်ဆင်ရေးဆွဲရေးကော်မတီ နဲ့ ဆုံးဖြတ်ချက်အပိုဒ် ၅၀ အရ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်ဥက္ကဋ္ဌအဖြစ် ဦးစီးပြီး အဖွဲ့ဝင် ၃၄ ဦးပါဝင်သော 1922 Act ကို အခြေပြု၍ ဥပဒေပြန်လည်ရေးဆွဲရေးကော်မတီတို့ကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေမူကြမ်းရေးဆွဲနိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ (၄)၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ ၁၅-၈-၂၀၁၇ မှ ၈-၁၀-၂၀၁၇ ရက်အထိ ရှစ်ကြိမ်တိုင်တိုင် အစည်းအဝေးကျင်းပပြီး ဥပဒေမူကြမ်းတစ်ရပ်ကိုရေးဆွဲခဲ့ပါတယ်၊ ယင်းဥပဒေ မူကြမ်းနဲ့ပတ်သက်ပြီး ကော်မတီလက်အောက်ရှိဌာနများကို ဥပဒေဆိုင်ရာ လိုအပ်ချက်များ၊ အကြံပြုချက်များရယူပြီး ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပြင်ဆင်ရေးဆွဲရေးကော်မတီမှ အခန်း ၃၂ ခန်းပါဝင်တဲ့ ဒုတိယဥပဒေမူကြမ်းတစ်ရပ်ကိုထပ်မံရေးဆွဲခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးပို့ခဲ့ပါတယ်၊ ဝန်ကြီးချုပ်ရဲ့ညွှန်ကြားချက်အရ အဆိုပါ ဥပဒေ ဒုတိယမူကြမ်းကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေစိစစ်ရေးကော်မတီကို ဆက်လက်တင်ပြခဲ့ပါတယ်၊ ဥပဒေစိစစ်ရေးကော်မတီမှ ၁၇-၁၀-၂၀၁၇ မှ ၄-၁၂-၂၀၁၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး၊ ပုလဲခန်းမမှာ အစည်းအဝေး ၂၃ ကြိမ်ကျင်းပခဲ့ပါတယ်၊ တင်ပြပါဥပဒေကြမ်းကို စိစစ်ပြီး လိုအပ်ချက်တွေကို ဖြည့်စွက်ပြီး ကော်မတီကို ပြန်လည်ပေးခဲ့ပါတယ်၊ ပြန်လည်ပေးပို့ခဲ့တဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီး ဦးအောင်နိုင်ရဲ့ အကြံပြုချက်တွေကို ရယူပြီး အခန်း ၃၂ ခန်း၊ ပုဒ်မပေါင်း ၃၉၈ ခုပါဝင်တဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကြမ်းကို ထပ်မံပြင်ဆင်ရေးဆွဲပြီး ယခုကျင်းပတဲ့ လွှတ်တော်ကို တင်ပြရခြင်းဖြစ်ပါတယ်"ဟု တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ်အသီးသီးသို့ ကိုယ်စားပြုသော လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းပြခဲ့သည်။

## မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်သော ဥပဒေတစ်ရပ်

ကမ္ဘာ့အဆင့်မီ မြို့တော်ကြီးတစ်ခုအဖြစ် ရန်ကုန်မြို့ကို တက်လှမ်းတည်ဆောက်နိုင်ရန်မှာ အခြေခိုင်သော အုတ်မြစ်ဖြစ်သည့် တိကျသော မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်သော ဥပဒေတစ်ရပ် လိုအပ်နေသည်မှာ အမှန်ပင် ဖြစ်သည်။ ပေါ်ပေါက်လာမည့် ဥပဒေအတိုင်း လေးစားလိုက်နာရန်အတွက်လည်း ရန်ကုန်သူ ရန်ကုန်သားတို့တွင် တာဝန်ရှိလှပေသည်။ ယခင်ကကဲ့သို့ ဥပဒေကို အလိုရှိသလို မကစားရန်အတွက်လည်း တာဝန်ရှိသူတို့က တာဝန်ခံရန်လိုအပ်ပေသည်။ မြို့တော်သူ မြို့တော်သားတို့အနေဖြင့် ဥပဒေကို လေးစားလိုက်နာကျင့်သုံးပြီး ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးအဖြစ်သို့ ပခုံးထမ်းတင်ပို့နိုင်ကြပါစေကြောင်း။ ။



## တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်



| တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့်ဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| ယာဉ် အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်း ကျပ်သိန်း |
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၆၅ |
| Crown | 2004 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၃၅ |
| Wish | 2012 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၅၀ |
| Vitz | 2011 | နယ် | 1300cc | အပြင်ဈေး | ၁၉၀ |
| Belta | 2009 | ရန်ကုန် | 1000cc | အပြင်ဈေး | ၁၄၅ |
| RVR | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၂၀ |
| Crossroad(Honda) | 2009 | ရန်ကုန် | 1800cc | အပြင်ဈေး | ၂၈၅ |
| Harrier | 2004 | ရန်ကုန် | 2400cc | အပြင်ဈေး | ၅၂၀ |
| Fit | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |
| Fit Shuttle | 2013 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၈၀ |

# ကားဟောင်းတွေကိုသာ ပြုပြင်စီးကြရန် စိုင်းပြင်းနေသည့် ရန်ကုန်က ကားဝယ်လိုသူများ

**မင်းသော်**

မော်တော်ကားဈေးနှုန်းများမှာ အတက်ဘက်တွင်သာ ဆက်လက်ရပ်တည်နေပြီး အစိုးရကလည်း အကောက်ခွန်မူဝါဒများအပေါ် ကန့်သတ်ချက်များနှင့် ရန်ကုန်လိုင်စင်အတွက် လုပ်ဆောင်ချက် အချို့ကြောင့် မော်တော်ကား ဝယ်ယူလိုသူ အချို့ကားဟောင်းများအပေါ် စိတ်လည်လာကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ဈေးနှုန်းသက်သာသည့် နံပါတ်နိမ့် ရန်ကုန်လိုင်စင်ကားများကို စိတ်ဝင်စားသူများပြားလာပြီး ယင်းကားအများစုမှာ ဈေးနှုန်း ငွေကျပ်သိန်း ၁၆၀ မှ ၂၀၀ အကြား မော်တော်ကားများ ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် စီအိုအီးစနစ်ဖြင့် ရန်ကုန်လိုင်စင်ကားများကို တင်သွင်းခွင့်ပြုမည်ဟု သတင်းစကားများ ထွက်ပေါ်လာပြီး ချိန်မှစတင်ကာ ကားအရောင်းအဝယ် ခေတ္တရပ်နားသွားခဲ့ပြီး နယ်လိုင်စင်ကားများကိုလည်း လုပ်ငန်းလိုင်စင်များ ချထားမပေးတော့ဟုလည်း သိရှိကြရသည့်အတွက် နယ်လိုင်စင် ဖရီးပါမစ်ကားများမှာ ဝယ်ယူသူမရှိ ဖြစ်ခဲ့ရသည်။

နယ်လိုင်စင် ကားများမှာ ဈေးကွက်အတွက် ရန်ကုန်လိုင်စင် ပေါက်ဈေးထက် ငွေကျပ် ငါးသိန်းမှ ငွေကျပ် သိန်း ၂၀ အကြား ကွာခြားသော်လည်း အများစုမှာ ရန်ကုန်လိုင်စင်ကိုသာ ရယူထားလိုကြသည့်အတွက် နယ်လိုင်စင်များ အရောင်းအဝယ်မရှိသလောက် နည်းပါးနေခဲ့ခြင်း ဖြစ်သည်။

> **လက်ရှိအချိန် နှစ်ဆန်းပိုင်း တစ်လကျော်လာသည် အထိ ဘယ်မောင်းကားများတင်သွင်းမှု မဖြစ်မြောက်သေးသည့် အခြေအနေများကြောင့် ညာမောင်း ဂျပန် တစ်ပတ်ရစ် ကားဈေးနှုန်းများသည်လည်း မြန်မြန်ဆန်ဆန် ကျဆင်းသွားမည့် အခြေအနေတွင် မရှိသေး**

"ရန်ကုန်မှာက ဖရီးပါမစ်ကို ရန်ကုန်လိုင်စင်မပေးဘူး၊ နောက်ပိုင်း ရန်ကုန်မှာ နယ်လိုင်စင်ကားတွေ ပေါလာတယ်၊ ဈေးကလည်းကွာတော့ အများစုက နယ်လိုင်စင်ပဲ ဝယ်စီးနေကြတယ်၊ အခုတော့ နယ်လိုင်စင်တွေကို ကန့်သတ်ချက်တွေ လာတော့မယ်ကြားတဲ့အတွက် ရန်ကုန်လိုင်စင်ဘက် ပြန်လှည့်ကြတာဖြစ်ပါတယ်"ဟု ဈေးကွက်အတွင်းမှာ ဝယ်ရောင်းတစ်ဦးက ပြောသည်။

ငွေကြေး တတ်နိုင်သူများနှင့် ပုံမှန်လစဉ် အရစ်ကျ ပေးဆပ်ဝယ်ယူနိုင်သူများကလည်း ရန်ကုန်လိုင်စင် ရရှိသည့် အရောင်းပြခန်းမှ ကားသစ်များကို ဝယ်ယူစီးနင်းကြပြီး အများစုမှာ တစ်ပတ်ရစ်ကားများကိုသာ ဝယ်ယူရန် ဆန္ဒရှိနေသည်ကို မြင်တွေ့ရသည်။

"ရန်ကုန် လိုင်စင်လည်း လိုချင်တယ်၊ ငွေလည်း များများ မသုံးနိုင်တော့ ကားကျလေးတွေကိုပဲ အာရုံရလာတယ်၊ ရှာရတာကတော့ နည်းနည်းကြာတယ်၊ ဒါပေမယ့် ကိုယ်တတ်နိုင်တဲ့ ငွေနဲ့ ရန်ကုန်လိုင်စင်လည်း ရနိုင်တော့ စိတ်ရှည်ရတယ်"ဟု ရန်ကုန်လိုင်စင်ကားအဟောင်း ဝယ်ယူထားသူ တစ်ဦးကလည်း ပြောသည်။

သို့သော် ယင်းကားများသည် များသောအားဖြင့် ပြန်လည်ပြုပြင်ရတတ်ပြီး အမှန်တကယ် စီးနင်းလိုသူများ အနေဖြင့် ဝယ်ယူရန်မသင့်ကြောင်း၊ ဝယ်ရောင်းများကသာ လက်ရှိ အရောင်းအဝယ် ဖြစ်စေရန် လက်ပြောင်း ဝယ်နေကြကြောင်း၊ ပြန်လည် ပြင်ဆင်ရသည့်စရိတ်မှာ မနည်းလှကြောင်း အရောင်းအဝယ်ပြုလုပ်သူတစ်ဦးက ဆိုသည်။ လက်ရှိတွင် ရန်ကုန်လိုင်စင်ဖြင့် တင်သွင်းလိုပါက ယာဉ်အို ယာဉ်ဟောင်းအပ်နှံသည့် စနစ်ဖြင့် ဝယ်ယူနိုင်ပြီး အများစုမှာ အင်ဂျင်ပါဝါ ၁၃၀၀ စီစီ ဝန်းကျင် မော်တော်ကားများကို တင်သွင်းကြသည်။

လက်ရှိအချိန် နှစ်ဆန်းပိုင်း တစ်လကျော်လာသည်အထိ ဘယ်မောင်းကားများတင်သွင်းမှု မဖြစ်မြောက်သေးသည့် အခြေအနေများကြောင့် ညာမောင်းဂျပန် တစ်ပတ်ရစ် ကားဈေးနှုန်းများသည်လည်း မြန်မြန်ဆန်ဆန် ကျဆင်းသွားမည့် အခြေအနေတွင် မရှိသေးကြောင်း ကားဈေးကွက် ကျွမ်းကျင်သူများကလည်း ထောက်ပြသည်။ ထို့ပြင် ၂၀၁၄ ခုနှစ် မော်ဒယ်နှင့်အထက်ကိုသာ တင်သွင်းရမည်ဖြစ်ခြင်းကြောင့် ဈေးကွက်မှာလည်း တင်သွင်းရန် လမ်းကြောင်းများ၊ နိုင်ငံများ ရွေးချယ်နေကြဆဲဖြစ်သည်။

စလစ်ဈေးနှုန်းမှာမူ ယခင် သီတင်းပတ်အတိုင်း ငြိမ်သက်နေပြီး သက်တမ်းနှစ် ၂၀ မော်တော်ကားများ အပ်နှံသည့် ယာဉ်အို ယာဉ်ဟောင်း အပ်နှံမှုစလစ်မှာ ငွေကျပ်သိန်း ၁၂၀တွင် ငြိမ်သက်နေသည်ကို မြင်တွေ့ရသည်။ ။



အချုပ်ပို (၈) မှ

နိုင်ငံတကာမှာ အောင်မြင်ဖွံ့ဖြိုးနေတဲ့ စတော့အိတ်ချိန်းတွေကို ကြည့်ရင် စီးပွားရေးကုမ္ပဏီ အများအပြား ပါဝင်လုပ်ကိုင်နေကြတာဖြစ်ပြီး နေ့စဉ် ရှယ်ယာအရောင်းအဝယ်များပြားနေတာ တွေ့ကြရတာမို့ ရန်ကုန်စတော့ အိတ်ချိန်း ဖွံ့ဖြိုးတိုးတက်လာဖို့ ဂျပန် နိုင်ငံကလည်း အကူအညီပေးသွားမယ်လို့ သိရပါတယ်။

**ရောင်းဝယ်မှုတွေ ပုံမှန်ရှိနေ**

တကယ်တော့ ရန်ကုန်စတော့အိတ်ချိန်းဟာ ကနဦး စတင်ဖွင့်လှစ်ခါစအချိန်မှာ ပြည်သူတွေရဲ့ စိတ်ဝင်စားမှု မြင့်မားခဲ့ပြီး နောက်ပိုင်းမှာ တဖြည်းဖြည်း လျော့ကျလာခဲ့တာ ဖြစ်ပါတယ်၊ ဒါပေမယ့် ရန်ကုန်စတော့အိတ်ချိန်းမှာ ပါဝင်ဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေရဲ့ ရှယ်ယာအရောင်းအဝယ်ကတော့ နေ့စဉ်ရှိနေဆဲဖြစ်ပြီး ရောင်းဝယ်မှုတွေ ပုံမှန်ရှိနေပါတယ်။

**ပြည်သူတွေ စိတ်ဝင်စားမှုများ**

မကြာခင်က ဝင်ရောက်ခဲ့တဲ့ TMH တယ်လီကွန်း ကုမ္ပဏီအနေနဲ့ ကနဦး ရှယ်ယာအရောင်းအဝယ် ပြုလုပ်ခဲ့ရာမှာ ရှယ်ယာအများအပြား ရောင်းချနိုင်ခဲ့တာကိုကြည့်ရင် ရှယ်ယာအရောင်းအဝယ် ပြုလုပ်နေတဲ့အပေါ် ပြည်သူတွေ စိတ်ဝင်စားမှုများနေတာကို ဖော်ပြနေတာပဲ ဖြစ်ပါတယ်၊ ကုမ္ပဏီတွေအနေနဲ့လည်း ကနဦး မတည်ငွေလိုအပ်လို့ ရှယ်ယာရောင်းချတာတွေရှိသလို ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေ ထပ်မံလိုအပ်တာမို့ ရှယ်ယာရောင်းချတာတွေလည်း ရှိနေပါတယ်။

**မြိုင်မြိုင်ဆိုင်ဆိုင်ရှိလာမှာဖြစ်**

ပြည်သူတွေ အနေနဲ့ကလည်း ရှယ်ယာဈေးနှုန်းအတက်အကျပေါ်မှာ စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံဝယ်ယူတာတွေရှိနေတာကြောင့် ကုမ္ပဏီအများအပြား ဝင်ရောက် လုပ်ကိုင်လာနိုင်ရင်တော့ ရန်ကုန်စတော့အိတ်ချိန်းဟာ သက်ဝင်လှုပ်ရှားမှုတွေနဲ့အတူ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရန်ကုန်မြို့ဟာ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းတွေ၊ စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်နဲ့ ကုမ္ပဏီ တွေ အများအပြား ရှိနေပြီး တစ်နိုင်ငံလုံးရဲ့ စီးပွားရေးနဲ့ ဆက်စပ်နေတာမို့ ရန်ကုန်စတော့ အိတ်ချိန်းတိုးတက်ဖွံ့ဖြိုးရေးဆိုတာကလည်း အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။

**မျှော်လင့်**

ရန်ကုန်စတော့အိတ်ချိန်းမှာ ကုမ္ပဏီတွေများများ ပါဝင်လာစေဖို့အတွက် ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မယ်ဆိုရင် ရှယ်ယာအရောင်းအဝယ်တွေနဲ့ စည်ဝေနေမယ့် ရန်ကုန်စတော့အိတ်ချိန်း မြင်ကွင်းကို မကြာခင်ကာလမှာ မြင်တွေ့ရနိုင်တော့ မယ်လို့ မျှော်လင့်ရင်း...။ ။